# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၄၂)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလ စသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်များအလိုက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**ဆောင်းပါး**

**ဘက်စုံအသုံးဝင်ဝါးပင်နှင့် မြန်မာ့စီးပွားရေး ဝါးထုတ်ကုန်**

စာ - ၇ သို့

**ယနေ့ထုတ် မြဝတီသတင်းစာတွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထူးအချပ်ပို (၄)မျက်နှာ ပါရှိပါသည်။**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၂၆ ရက်)

# မျှော်မှန်းချက် ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဘက်ပေါင်းစုံမှ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေကြပြီ ဖြစ်သည်။ နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အဓိကကျသည့်ကဏ္ဍများတွင် ထုတ်လုပ်မှုအရှိန်အဟုန်မြှင့်တင်နိုင်ရန် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေးကော်မရှင်တို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စီးပွားရေးဝန်းကျင်ကောင်းများကိုဖန်တီးပေးနိုင်ရန် နိုင်ငံတော်က လိုအပ်သည့်ပံ့ပိုးမှု များကို ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ ထုတ်လုပ်မှုစွမ်းရည် တိုးတက်ရေးတွင် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုစီးပွားဘဝဝန်းကျင်ကို ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။ သက်ဆိုင်ရာပညာရပ်များ အလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် ပိုလီတက်ကနစ်နည်းပညာများ (Polytechnic)ကို နေပြည် တော်မှသာမက အခြားဒေသများတွင် တိုးချဲ့သင်ကြားနိုင်ရန်စီစဉ်ပေးလျက်ရှိပြီး အရည်အသွေး ပြည့်ဝသည့်ပညာရေးကို လူတိုင်းလက်လှမ်းမီသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက် ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ တိုးတက်ဆောင်ရွက်နိုင်ရန်လည်း အဆင့်မြှင့် တင်ဆောင်ရွက်ပေးလျက်ရှိသည်။ လူမှုရေးကဏ္ဍတွင်လည်း အားကစားဖြင့်နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး၊ ထူးချွန်အားကစားသမားများ၏ လူမှုဘဝမြှင့်တင်နိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ အားကစားကဏ္ဍနှင့်ပတ်သက်၍ မိုးလုံလေလုံအားကစားကွင်း၊ ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်း ပါသည့် ဘောလုံးကွင်းနှင့် ရေကူးကန်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးနီးပါးတွင် တည်ဆောက်ပေးပြီးဖြစ်သည်။ အလားတူ ဒုတိယအဆင့်အနေဖြင့် ခရိုင်မြို့ကြီးများအားလုံးတွင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်ဆက်တည်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်လည်း ဆောင် ရွက်ပေးလျက်ရှိသည်။ တတိယအဆင့်အနေဖြင့် မြို့နယ်များတွင် ဆက်လက်၍ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်းသိရသည်။

အမျိုးသားစီမံကိန်းများအောင်မြင်စေရေးအတွက် သက်ဆိုင်သူအားလုံးက အလေးအနက်ထား၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စီမံကိန်းများရေးဆွဲရာတွင် မြို့ပေါ်နှင့်ကျေးလက်နေ ပြည်သူများ၏လူဦးရေကိုကြည့်၍ ရေးဆွဲဆောင်ရွက်ကြရန်ဖြစ်သည်။ ကျေးလက်နှင့် မြို့ပြအလိုက် နေထိုင်ကြသည့်ပြည်သူများအတွက် စားသောက်ရေးနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ကြရာတွင် လိုအပ်သည့် အသား၊ ငါးများကို လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုသဖြင့် မွေးမြူရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ရေး နိုင်ငံတော်အကြီးအကဲက တွန်းအားပေးဆောင်ရွက်နေခြင်း ဖြစ်သည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၂၄ ရက်နံနက်ကကျင်းပသည့် အမျိုးသားစီမံကိန်း ကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ် **“စီမံကိန်းဆိုသည်မှာ အမှန်တကယ် လုပ်နိုင်သည့်အရာကို စီမံကိန်းရေးဆွဲဆောင်ရွက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ် ကြောင်း၊ ပြည်သူများအတွက် အဓိကအကျိုးဖြစ်ထွန်းစေမည့်စီမံကိန်းများကို ရေးဆွဲဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကိုအသုံးပြု၍ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ မြှင့်တင်နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်လာပါကအခြားစက်မှုကဏ္ဍနှင့် ဝန်ဆောင်မှု ကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားစေရေး အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ တိုင်းသူပြည်သားများ၏သာယာဝပြောရေးတို့အတွက် ပြည်သူဗဟိုပြုလုပ်ငန်းများကို လူထုနှင့်လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ရည်မှန်းချက်ပါစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ကြရန်ဖြစ်သည်။ နိုင်ငံ တစ်နိုင်ငံ၏ စီးပွားရေးအင်အားကောင်းမွန်စေရန် ရည်မှန်းထားသည့်အတိုင်း GDP ရရှိစေရေး ကြိုးပမ်းကြရမည်ဖြစ်ပေရာ အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများတွင် ရည်မှန်းထားသည့် ရလဒ်များရရှိစေရေး လက်တွေ့ကျကျဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏မျှော်မှန်းချက်များ၊ ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရန်အတွက် ချမှတ်ထားသည့်ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်များက ဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိ ပူးပေါင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

**(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခု ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။**

**( ခ ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရ ငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည် ဆောင်ရွက်ရေး။**

**( ဂ ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ် စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။**

**(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူ များ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြု သူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသား ဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂ တစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူ ဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်ကုန်းမြို့နယ် ရွှေဥဒေါင်း-ရွှေးစုကျေးရွာချင်းဆက်လမ်းနှင့် ရွှေဥဒေါင်းကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်များဖွင့်လှစ်



**နေပြည်တော် မတ် ၂၅**

နှစ်(၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်ကုန်းမြို့နယ် ရွှေဥဒေါင်း- ရွှေးစုကျေးရွာချင်းဆက်လမ်းနှင့် ရွှေဥဒေါင်းကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းဖွင့်ပွဲနေရာများ၌ ကျင်းပသည်။

အခမ်းအနားသို့သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည်တပ်ကုန်းမြို့နယ်အတွင်းရှိတပ်ကုန်းမြို့နှင့်ပုဗ္ဗသီရိမြို့ဆက်သွယ်သောလမ်းမှ ရွှေဥဒေါင်း-ရွှေးစုကျေးရွာချင်းဆက်လမ်းဖွင့်ပွဲအခမ်းအနားသို့ရောက်ရှိပြီး ကွန်ကရစ်လမ်းသစ်အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းအားဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ရောက်ရှိပြီး ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာတွင်းလမ်းများအား လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့ဖွင့်လှစ်ပေးခဲ့သည့် ရွှေဥဒေါင်း-ရွှေးစု ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသည် မူလအမျိုးအစား အမာခံကျောက်လမ်း အရှည်ပေ ၅၈၀၀ ကျော်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၀၂ သန်းဖြင့် အရှည်ပေ ၂၇၀၀ ကျော်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အဆိုပါလမ်းဆောင်ရွက်ပေးနိုင်မှုကြောင့် ကျေးရွာ နှစ်ရွာ၊ အိမ်ခြေ ၉၁၂ အိမ်၊ လူဦးရေ ၄၀၅၄ ဦး၊ လယ်ဧက ၁၂၀၀ ကျော်တို့ကို တိုက်ရိုက်အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း။

ထို့အတူ ယနေ့ဖွင့်လှစ်သည့် ရှားတောကျေးရွာအုပ်စု ရွှေဥဒေါင်းကျေးရွာ ကွန်ကရစ်လမ်းသစ် အရှည် ၁၂၇၁ ပေကို ပြည်ထောင်စုရန်ပုံငွေကျပ် ၅၄ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကျေးရွာများ၏လိုအပ်ချက်များကို နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်၍ ဒေသခံပြည်သူများအနေဖြင့်လည်း ပျက်စီးမှုမရှိစေရေး၊ ရေရှည်အကျိုးခံစားခွင့်ရရှိစေရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့ မဟာဇနက္ကစာသင်တိုက် ဓမ္မာရုံ၌ကျင်းပသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲအခမ်းအနား တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး လုပ်ငန်းသုံးပစ္စည်းများနှင့်သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်၍ လုပ်ငန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တပ်ကုန်းမြို့ မဟာဇနက္ကစာသင်တိုက် ကျောင်းထိုင်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်ကုန်းမြို့ "လှ" ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ ဝါကြိတ်စက်နှင့်ဝါသိုလှောင်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


အခမ်းအနားတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမှာစကားပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူးနှင့်တာဝန်ရှိသူများက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု၊ ကုမ္ပဏီအလိုက် တင်သွင်းမည့် မြေသြဇာနှင့် ပိုးသတ်ဆေးတန်ချိန်များ၊ နိုင်ငံတကာဈေးနှုန်းအခြေအနေများ၊ မြေသြဇာဈေးနှုန်းများနှင့်ဝယ်ယူဖြန့်ဖြူးရောင်းချအသုံးပြုမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာ စီမံကိန်း-NSPAW (၂၀၂၃-၂၀၃၂) အသိပညာပေးအစီအစဉ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်





**နေပြည်တော် မတ် ၂၅**

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း- NSPAW (၂၀၂၃-၂၀၃၂) အသိပညာပေးအစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးအစီအစဉ်သို့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေးဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ အမျိုးသမီးအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း- NSPAW (၂၀၂၃-၂၀၃၂) ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ပူးပေါင်းဆောင်ရွက်လာစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများကိုသာမက တိုင်းဒေသကြီး/ ပြည်နယ်များကိုပါ အသိပညာပေးဆောင်ရွက်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်းသည် နိုင်ငံတကာနှင့် ဒေသတွင်းစာမျက်နှာတွင် မိမိတို့နိုင်ငံ၏အမျိုးသမီးကဏ္ဍမြှင့်တင်မှုကို ပေါ်လွင်ထင်ရှားအောင် ပြသနိုင်မည့် ပြယုဂ်တစ်ခုအနေဖြင့် မှတ်တမ်းတင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီမံချက်ပါ ရည်မှန်းချက်များပြည့်မီရန် အားလုံးဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း-NSPAW(၂၀၂၃-၂၀၃၂) ရေးဆွဲထားရှိမှုလုပ်ငန်းစဉ်နှင့် စီမံကိန်း အကောင်အထည်ဖော်မှု အထောက်အပံ့ဖြစ်စေရေး ကျား၊ မရေးရာတာဝန်ခံ Gender Focal Point များ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စီမံကိန်းပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း- NSPAW (၂၀၂၃-၂၀၃၂) စာအုပ်ကို ဖြန့်ချိသည့် အစီအစဉ်အား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်သည် ဆင်ဦးစီး ကိုမြနှင့်အတူစီး၍ ညီတော်မောင်မှာ တခြားဆင်ပေါ်၌ လိုက်ပါလာလေသည်။ ဆင်ပေါ်တွင် ကတီခင်းထား၍ စိတ်ချလက်ချစီးရသော်လည်း လမ်းသွားသောအခါတွင် ဆင်၏ ကိုယ်သည် ဦးခေါင်းထက် လှုပ်သောကြောင့် ဦးခေါင်းထက်၌ ထိုင်၍ စီးဖူးစဉ်ကထက် အလိုက်ခက်သည်ကိုတွေ့ရ၏။ ဆင်စီးလျှင် အလွန်ငြိမ့်လိမ့်မည်ထင်သော ညီတော်မောင်မှာ တစ်မိုင်ခန့်လောက် ရောက်သောအခါ၌ ထင်သလောက် ဇိမ်မရှိသည်နှင့် ညည်းညူစပြုလေပြီ။ မည်သည့်သတ္တဝါကိုစီးသည်ဖြစ်စေ ၎င်း၏ ကိုယ်နွဲ့ပုံကို သဘောမပေါက်သေးသမျှကာလပတ်လုံး သတိနှင့်လိုက်ရ၍ ကျတော့မလိုလိုဖြစ်တတ်၏။ သတ္တဝါ၏ကိုယ်နွဲ့ပုံကို နားလည်၍ အလိုက်သင့် 'ဟန်'ပေးတတ်သောအခါမှ စိတ်ချောင်ချိစွာနှင့် စီး၍လိုက်နိုင်၏။ ကျွန်ုပ်မှာ ငယ်ကတည်းက နွား၊ ကျွဲ၊ မြင်း စသည်တို့ကို စီးတတ်အောင် သင်ထားသူဖြစ်သည့်အတွက် မည်သည့်သတ္တဝါကို စီးသည်ဖြစ်စေ သူတစ်ပါးထက် သဘောပေါက်လွယ်လေသည်။ သို့နှင့်လည်း ကျွန်ုပ်မှာ လမ်းခရီးတွင် အကျပ်အတည်းတစ်ခုနှင့် ကြုံရသေး၏။ ကိုမြ၏ဆင်သည် လမ်းဖြောင့်ဖြောင့်မသွားဘဲ နံဘေးတစ်ဖက်တစ်ချက်သို့ ရွှေ့ပြောင်းကာ ဟိုကပ်သည်ကပ်လုပ်၏။ ထိုအချိန်တွင် ၁၆ မိုင်ခရီးအနက် ၁၃ မိုင်ခန့် ပေါက်လာခဲ့ပြီဖြစ်၍ သုံးမိုင်ခန့်မျှသာလိုတော့ရာ နေကလည်း အတော်လေး ပူပြင်းစပြုလာလေပြီ။

'ခင်ဗျားဆင် ဘာဖြစ်တာလဲဗျ'

'စိတ်ကောက်ချင်တာ ဆရာရေ့'

'ဘာပြုလို့လဲဗျ'

'သူတို့က နမ်းပေါင်းနဲ့ မြတောင်ခရီးဆိုလျှင် ပေါက်နက်မှာ တစ်ထောက်နားနေကျဗျ၊ ဒီတစ်ခေါက် တောက်လျှောက်မောင်းလာလေတော့ ကတ်သီးကတ်သတ်လုပ်ချင်တယ်ဆရာ၊ ဟဲ့ကောင်မ' ပြောတွင်းဆိုတွင်း ဆင်မသည် လမ်းဘေး၌ရှိသော ချုံပင်များထဲသို့ ဆတ်ခနဲ တိုးဝင်လိုက်ရာ ဆင်ဦးစီး၏ ဦးခေါင်းကို သစ်ကိုင်းများ ရိုက်သွားသဖြင့် ကံကောင်း၍သာ မကျဘဲရှိ၏။ ကျွန်ုပ်မှုကား သူ၏ကျောနောက်မှ ပြားခနဲ ဝပ်အိပ်လိုက်ရ၏။ အိပ်မည့်သာ အိပ်ရသည်၊ ဆင်ဦးစီး လိမ့်ကျလျှင်လည်း ကျွန်ုပ်ကိုပါ ပွတ်တိုက်ချသွားမည်ဖြစ်လေသည်။ ဤတွင် လက်မြန်သော ဆင်ဦးစီးသည် ဆင်မ၏ဦးခေါင်းကြီးကို ချွန်းနှင့် နှစ်ချက်၊ သုံးချက် ဆက်၍ပေါက်ရင်း ပါးစပ်ကလည်းကုန်း၍ အော်ငေါက်သည်တွင်မှ ဆင်မသည် ချုံမှခွာ၍ လမ်းပေါ်သို့ တက်လာလေသည်။

'ကံကောင်းလို့ဗျာ၊ ခင်ဗျားကျလျှင် ကျုပ်ပါကျမှာပဲ' ဒီလောက်မဖြစ်ပေဘူးလားလို့၊ ကျွန်တော်က သတိလိုသွားတယ်ဆရာ'

'ဒီဆင်မက ဒီလို လုပ်နေကျလားဗျာ'

'လုပ်ခဲပါတယ် ဆရာ၊ နေက နည်းနည်းပူလာလို့ပါ။ သူတို့က မနက်တစ်စခန်း၊ ညနေ တစ်စခန်း သွားနေကျမှာ တစ်ဆက်တည်း မောင်းလိုက်တော့ စိတ်ကောက်တာပေါ့ ဆရာ၊ လူလိုပေါ့'

ညီတော်မောင်လိုက်ပါသော ဆင်မှာမူ ရှေ့၌ တော်တော်ပြတ်ကွာသွားပြီဖြစ်ရာ ဆင်ဦးစီးသည် ဆင်မကို စိတ်ဆိုးဆိုးနှင့် ချွန်းဖြင့်နှင်၍ မောင်းသည်တွင် ဆင်မသည် ပုခနဲပုခနဲဖြစ်အောင် ခြေလှမ်းကျဲကြီးနှင့် လှမ်းသောကြောင့် ကျွန်ုပ်မှာ မြေကြီးနှင့် နီးကပ်လာသည်ဟု ထင်မိသည်။ မကြာမီ ရှေ့မှ ဆင်မကို မှီလာကြ၏။

**"ကျွန်ုပ်တို့သည် ကိုဝင့်မော်၏သစ်တောရုံး၌ စခန်းချ၍ ဆင်ဦးစီးနှစ်ယောက်တို့က ချက်ပြုတ်ရန် တာဝန်ယူကြသည်။ သို့ရာတွင် ကျွန်ုပ်တို့ညီအစ်ကိုအတွက်မူ မြတောင်အကောက်စာရေးကြီးက ကျွန်ုပ်တို့ ရှိနေသမျှ တာဝန်ယူပါပေသည်။ ထိုရက်တွင် ကျွန်ုပ်တို့မှာ မြတောင်ရွာ၌ အသိအကျွမ်း အတော်ပေါ်များလျက်ရှိပြီဖြစ်ရာ ခပ်တည်တည်လည်ပတ်ရမည့် အိမ်များသို့ နေ့ခင်းအချိန်တွင် နှုတ်ဆက်၍ ကျွန်ုပ်နှင့် မျက်မှန်းတန်းမိသည့် ရွာဦးရှိ အပျိုချောညီအစ်မများအိမ်သို့မူ နေဝင်ပြီးနောက်မှ ရောက်ပါသည်..."**

မြတောင်ရွာသို့ ရောက်၍ သုံးထပ်ကျောင်းကြီးထဲမှ ဖြတ်လာကြသောအခါ တန်ဆောင်မုန်းလပြည့်နေ့ဖြစ်၍ ဥပုသ်သည်များသည် ကျောင်းကြီးပေါ်မှ ကျွန်ုပ်တို့အား ထွက်ကြည့်နေကြရာ ၎င်းတို့အနက်တွင် ကျွန်ုပ်၏ ခယ်မလောင်းကိုလည်း မြင်ခဲ့ရသည်။ ထိုညနေ၌ အစုန်ဈေးသင်္ဘောရော၊ အဆန်ဈေးသင်္ဘောပါ မြတောင်ရွာ၌ ဆိုက်ကပ်၍ အိပ်မည်ဖြစ်ရာ ဤအတွက်ကြောင့် တစ်ကြောင်း၊ တန်ဆောင်တိုင်ပွဲကြောင့်တစ်ကြောင်း ရွာကလေးမှာ သိသိသာသာ လှုပ်လှုပ်ရွရွရှိနေ၏။ ဤအထဲတွင် ရန်ကုန်မှလာကြသည့် ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်က ဆင်နှစ်စီးနှင့် တောမှဆင်းလာကြခြင်းသည်လည်း အပျိုချောများ၏ နှလုံးသွေးကိုတိုး၍ လှုပ်ခုန်ခြင်းဖြစ်စေလေသလောဟု တွေးတောမိသည်။

### မစိုးတို့ ညီအစ်မတစ်တွေ

ကျွန်ုပ်တို့သည် ကိုဝင့်မော်၏ သစ်တောရုံး၌ စခန်းချ၍ ဆင်ဦးစီးနှစ်ယောက်တို့က ချက်ပြုတ်ရန် တာဝန်ယူကြသည်။ သို့ရာတွင် ကျွန်ုပ်တို့ညီအစ်ကိုအတွက်မူ မြတောင် အကောက်စာရေးကြီးက ကျွန်ုပ်တို့ ရှိနေသမျှ တာဝန်ယူပါပေသည်။ ထိုရက်တွင် ကျွန်ုပ်တို့မှာ မြတောင်ရွာ၌ အသိအကျွမ်း အတော်ပေါ်များလျက်ရှိပြီဖြစ်ရာ ခပ်တည်တည်လည်ပတ်ရမည့်အိမ်များသို့ နေ့ခင်းအချိန်တွင် နှုတ်ဆက်၍ ကျွန်ုပ်နှင့် မျက်မှန်းတန်းမိသည့် ရွာဦးရှိ အပျိုချောညီအစ်မများအိမ်သို့မူ နေဝင်ပြီးနောက်မှ ရောက်ပါသည်။ ထိုညနေ ကုန်သင်္ဘောများ ဆိုက်ကပ်ချိန်တွင် ကျွန်ုပ်သည် ဝယ်ရန်ရှိသော စားစရာပစ္စည်းများကို စာရင်းပြုလုပ်၍ မစိုးလက်သို့ ပေးအပ်ထားလိုက်၏။ မစိုးမှာ ဖော်ပြခဲ့ဖူးသော ညီအစ်မများအနက် အကြီးဆုံးဖြစ်လေရာ ကျွန်ုပ်၏ဇနီးလောင်းဖြစ်သော်လည်း အမှန်ကိုဖော်ပြရလျှင် ထိုအချိန်ကမူ ကျွန်ုပ်၏ စိတ်ထဲ၌ပင် တိတိကျကျဆုံးဖြတ်ချက်မချရသေးဘဲ စိတ်ကူးထားသည့် သုံး၊ လေးယောက်အနက်တွင် တစ်ယောက်အပါအဝင်မျှသာ ဖြစ်ပါသေးသည်။

သို့ရာတွင် တခြား'ခန့်မှန်းချက်'များထက် အကျွမ်းတဝင်ရှိသည့်အတွက်ကြောင့် ဈေးဝယ်ပေးဖို့ စေခိုင်းမိခြင်းဖြစ်ပါသည်။ ယင်းည၌ မစိုး သင်္ဘောမှပြန်လာပြီးနောက် မိခင်နှင့်တကွ ညီမလေး၊ မောင်လေးများပါ အတော်ညဥ့်နက်သည့်တိုင်အောင် ဆောင်းမီးဖိုအနီး၌ ဝိုင်းဖွဲ့ကာ စကားပြောကြ၏။ မစိုး၏မိခင်မှာ ဖခင်နှင့်ကွဲသွားသဖြင့် မိသားတစ်စု သင့်တော်သလို လုပ်ကိုင်စားသောက်လျက်ရှိကြရာ ၎င်းတို့၏အိမ်ကြီးသည်သာလျှင် ယခင်က စီးပွားရေးအခြေအနေဖွံ့ဖြိုးခဲ့ဖူးခြင်း၏ အထိမ်းအမှတ်အဖြစ်နှင့်ကျန်ရှိပါတော့သည်။ ကျွန်ုပ်၏တစ်သက်တာလုံး ဝါသနာတစ်ခုမှာ မိန်းကလေးတစ်ယောက်၏စီးပွားရေးအခြေအနေကို အလျဉ်းဂရုမစိုက်ဘဲ ရုပ်ရည်သက်သက်ကိုသာ အလေးဂရုပြုလေ့ရှိ၏။ (သို့ရာတွင် ရုပ်ဝါဒသမားတစ်ယောက်ကား မဟုတ်ရပါ။) စံဒေဝီမှာ သူ့အရပ်ထဲတွင် ဝတ်နိုင်စားနိုင်ဆုံးသော မိန်းကလေးတစ်ယောက်ဖြစ်သော်လည်း သူ၏စိန်တစ်လုံးနားကပ်နှင့် ရွှေခြေချင်းတို့သည် သူ့ရုပ်ရည်နှင့်လိုက်လျော၍ ကြည့်ကောင်းလှခြင်းကိုသာ ကျွန်ုပ်ဂရုစိုက်မိပါသည်။ စီးပွားရေးအခြေအနေဟူ၍မူကား မစဉ်းစားမိပါ။ ရုပ်ရည်မှတစ်ပါး အိမ်ထောင်ရေးနှင့်ပတ်သက်၍ အကြံအစည်တစ်စုံတစ်ခု မရခဲ့သေးပါ။ သို့ဖြစ်၍ နောက်တစ်နေ့ညနေတွင် ကျွန်ုပ်တို့သည် နမ်းပေါင်းသို့ ပြန်တက်ကြ၍ ပေါက်နက်ဗိုလ်တဲတွင် တစ်ညဉ့်အိပ်ကြရပြန်လေ၏။

### မမေ့နိုင်သော ထမင်းတစ်နပ်

ကျွန်ုပ်သည် အစားနှင့်ပတ်သက်၍ စိတ်ထားပုံ အတော်ဆန်းသည်ဟု ဆိုကြလိမ့်မည်ထင်၏။ မည်မျှလောက် ဈေးကြီးသော စားစရာဖြစ်စေ၊ စားချင်သည်ဆိုလျှင် ပိုက်ဆံကိုမမြင်ဘဲ (တစ်ကြိမ်တစ်ခါဖြစ်စေ) ဝယ်စားရမှကျေနပ်၏။ နေ့စဉ် အဖို့မှာလည်း လက်လှမ်းမီသလောက် တတ်နိုင်သမျှ အကောင်းဆုံးကိုဝယ်စားလေ့ရှိ၏။ သို့ရာတွင် တစ်ခါတစ်ရံ၌မူကား ကောင်းသော အစာတစ်ခုကို အလွယ်တကူနှင့် မရဘဲ ခဲခဲယဉ်းယဉ်းရှာရမည်ဆိုလျှင်လည်း ဒုက္ခမခံမူ၍ အညံ့ဆုံးသော အစာကိုပင် ကျေကျေနပ်နပ်ကြီး စားနိုင်ပါသည်။ မြတောင်မှ ဆင်နှစ်စီးနှင့် ထွက်လာကြ၍ ပေါက်နက် ဗိုလ်တဲကလေး၌ ညအိပ်ကြမည်ပြုရာတွင် ညစာအတွက်ကို ဆင်ဦးစီးနှစ်ယောက်က တာဝန်ယူ၍ ချက်ပြုတ်ကြ၏။ ထမင်းစားချိန်နီးသောအခါ ကျွန်ုပ်တို့ညီအစ်ကိုမှာ အလွန်ဆာလောင်လျက်ရှိလေပြီ။ (ဆင်စီးခြင်းသည် လမ်းလျှောက်ခြင်းတမျှ လှုပ်ရှားခြင်းကြောင့် အလွန်ဆာတတ်သည်ဟု ဆင်သမားများက ပြောကြသည်။) ကျွန်ုပ်သည် မီးဖိုချောင်အလုပ်မျိုး၌ ဝါသနာပါသည်နှင့် မည်သည့်ဟင်းများချက်ကြလေသနည်းဟု ဟင်းအိုးများကိုဖွင့်ကြည့်လိုက်ရာ ကျက်ပြီး၍ မီးဖိုအနီး၌ကပ်ထားသော ဟင်းအိုးကလေးထဲ၌ ရှမ်းပဲပုပ်နှင့် ခရမ်းချဉ်သီးဟင်းကို လည်းကောင်း၊ မီးဖိုပေါ်၌ တည်ထားသော ဟင်းအိုးကလေးထဲ၌ ရေတွင်ငါးပိခတ်ပြီး တည်ထား၍ ပွက်ပွက်ဆူနေခြင်းကိုလည်းကောင်း တွေ့ရ၏။ အခြားဟင်း မတွေ့ရချေ။

**ဆက်လက်ဖော်ပြပါမည်။**

---

# သဲကုန်းမြို့နယ်၌ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေ



ကိုဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် လူစည်ကားရာနေရာများနှင့် ဌာနဆိုင်ရာများသို့ အထိမ်းအမှတ်

သဲကုန်း မတ် ၂၅

၂၀၂၅ ခုနှစ် မတ်လ (၂၇) ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို မတ်လ ၂၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက အခြေခံပညာအထက်တန်းကျောင်း (သဲကုန်း)၊ ဌာနဆိုင်ရာများနှင့် မြို့မဈေးအတွင်းရှိ ဝန်ထမ်းများနှင့်ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစကားလက်ကမ်းစာစောင်တွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော်၏အစဉ်အလာကောင်း (၁၂)ရပ်၊ (၇၉) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်၊ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့်ဆောင်းပါးများ၊ ကဗျာများ၊ ကာတွန်းများ ပါဝင်ကြောင်း သိရသည်။

သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အထိမ်းအမှတ်နေ့အကြောင်းအရာများကိုဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် လူစည်ကားရာနေရာများနှင့် ဌာနဆိုင်ရာများသို့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့



## ကာကွယ်ရေးနှစ်မျိုး

စစ်ရေးစွမ်းရည်ထက်မြက်စေဖို့အတွက် စွမ်းရည်ရှိတဲ့ကာကွယ်ရေးနှင့် စွမ်းအားရှိတဲ့ကာကွယ်ရေး နှစ်မျိုးလုံးပြည့်စုံနေရမှာဖြစ်ပြီး စွမ်းရည်ရှိဖို့အတွက် တစ်ဦးချင်း၏လေ့ကျင့်မှုများကို အမြဲမပြတ် ဆောင်ရွက်ပေးရန်လိုအပ်သလို စွမ်းအားရှိဖို့အတွက် လက်နက်၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး စွမ်းအားရှိတဲ့ပစ္စည်းများဖြစ်ဖို့ လိုအပ်တယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားၥ် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁၂-၁၂-၂၀၂၄

## အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးကျော်တင်ရှိန် ခန့်အပ်လွှာပေးအပ်



နေပြည်တော် မတ် ၂၅

အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်ရှိန်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် မတ်လ ၂၄ ရက်တွင် ကိုင်ရိုမြို့ ဟေလီယိုပိုးလစ်ရှိ သမ္မတအိမ်တော်၌ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်(ဘ်)ဒယ်ဖာတာ အယ်လ်စီစီထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

## နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာ လမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်းကမ်းလိုသူ မိဘပြည်သူများအနေဖြင့် တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းထားနိုင်ပြီး မတ်လ ၂၅၊ ၂၆ ရက်နေ့များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင်(လူကိုယ်တိုင်) လာရောက်ထုတ်ယူကာ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လုံခြုံရေးဆပ်ကော်မတီ
(နေပြည်တော်တိုင်းစစ်ဌာနချုပ်)
နေပြည်တော်
ဖုန်း၊ ၀၃၂-၃၀၀၀၉

## နှစ်(၈၀)ပြည့် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်နှင့် နိုင်လွန်ကတ္တရာလမ်းသစ်များ ဖွင့်လှစ်

နေပြည်တော် မတ် ၂၅

၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ပန်ကွဲ-လွိုင်မွေလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့တွင်ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့်တာဝန်ရှိသူများ နိုင်လွန်ကတ္တရာလမ်းသစ်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒေသခံပြည်သူများကိုယ်စား လွိုင်မွေဒေသခံ အာခါတိုင်းရင်းသားအကြီးအကဲက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုခဲ့ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဒေါနခြံရပ်ကွက်ရှိ ကျောင်းလမ်း၊ ကွေ့ကြီးရပ်ကွက်ရှိ ပါရမီလမ်းနှင့် ဇေယျာလမ်း၊ ရုံးကြီးရပ်ကွက်ရှိ ရေမိန်လမ်းနှင့် သလ္လာရပ်ကွက်ရှိ ဗိုလ်တစ်ထောင်လမ်းတို့ကို နိုင်လွန်ကတ္တရာလမ်းသစ်များဖွင့်ပွဲကို ဒေါနခြံရပ်ကွက်၊ ကျောင်းလမ်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အဆိုပါလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်





**နေပြည်တော် မတ် ၂၅**

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး က မြန်မာနိုင်ငံ၏ e-Government ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို Myanmar e-Governance Master Plan 2030 ၏ လမ်းပြမြေပုံတွင် ရည်မှန်းထားသော အဆင့်များအတိုင်း အောင်မြင်စေရန် တစိုက်မတ်မတ်ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ICT Infrastructure များတည်ဆောက်ခြင်း၊ e-Procurement နှင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ခြင်း၊ စံများသတ်မှတ်ခြင်း၊ သုတေသနလုပ်ငန်းများ၊ သတင်းအချက်အလက်များထုတ်ပြန်ခြင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ပြည်သူ့အီလက်ထရောနစ်ဝန်ဆောင်မှုများ လျင်မြန်စွာတိုးတက်လာစေရန်နှင့် e-Government ကို ထိရောက်မြန်ဆန်စွာ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် အကောင်းဆုံးနည်းလမ်းများကို ယနေ့ အစည်းအဝေးတွင် ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းပြီး ဆွေးနွေးသွားကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက e-Government လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လမ်းညွှန်မှုခံယူရန် အချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထအကြိမ်အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၂၅**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ - ၂ ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဒုတိယဥက္ကဋ္ဌစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဖိတ်ခေါ်ရန်လိုကြောင်း၊ ထို့ပြင် ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ပို့ကုန်ကဏ္ဍ တိုးမြှင့်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းများပါ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်ရှိ ကုမ္ပဏီများမှ Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနေပြီဖြစ်၍ ပိုမိုတိုးတက်ထုတ်လုပ်ရန် ဆက်လက်ကြိုးစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး မြန်မာအစိုးရအသိအမှတ်ပြု စုပေါင်းကုမ္ပဏီ (Myanmar Government Designated Entity-GDE) အဖြစ်ဖွဲ့စည်းထားသည့် Kyauk Phyu SEZ Consortium Company Limited နှင့် တရုတ်နိုင်ငံဘက်မှ CITIC Consortium တို့အကြား နီးနီးကပ်ကပ် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံမှုအသစ်ဝင်ရောက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်ပတင်ပို့မှုတိုးမြှင့်ဆောင်ရွက်ရန်၊ ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ဇုန်အတွင်းရှိ လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ထားဝယ် အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကိုဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများတပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ်မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်ကိုထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုတို့အား အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ်လ ၂၇ ရက်မှ ၃၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအားဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

# ဘက်စုံအသုံးဝင်ဝါးပင်နှင့် မြန်မာ့စီးပွားရေး ဝါးထုတ်ကုန်

**ကိုကျော်စွာ(ကျိုက်ပိ)**

ဝါးပင်သည် မြန်မာလူမျိုးတို့အသုံးများသောအပင်တစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံနေရာအနှံ့အပြားမှာ ပေါက်ရောက်လေ့ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်မှာ ဝါးပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံဟုသိရသည်။ ဝါးကိုရှေးယခင်ကတည်းက ယနေ့အချိန်အထိ အသုံးပြုနေကြဆဲဖြစ်သည်။ ဝါးကိုလူသုံးကုန်ပစ္စည်းအမျိုးမျိုးအဖြစ်လည်းကောင်း၊ အိမ်ဆောက်ပစ္စည်းများအဖြစ်လည်းကောင်း၊ ဝါးလက်မှုထုတ်ကုန်များအဖြစ်လည်းကောင်း ပြုလုပ်အသုံးပြုနေကြသည်။ ကမ္ဘာပေါ်တွင် ဝါးပင်သည် အရေးပါသောအပင်တစ်မျိုးဖြစ်သည်။ ထို့ကြောင့် ဝါးပင်သည်အဓိကစိုက်ပျိုးသင့်သောအပင်တစ်မျိုးပင်ဖြစ်သည်။

## ဝါးမျိုးစိတ်နှင့်ဝါးပင်၏သဘာဝ

ဝါးကို မြန်မာအဘိဓာန်တွင် အမြစ်ဆုံမှ အပင်များပွား၍ တစ်စုတည်းပေါက်ပြီး ပင်စည်ကိုစိတ်ဖြာ၍ ထရံ၊ တောင်း စသည့် ရက်လုပ်ရသောအပင်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဝါးသည် မြက်မျိုးရင်းဝင်ဖြစ်သည်။ မြက်အမျိုးပေါင်း ၄၂၀ ရှိသည့်အနက် ၈၆ မျိုးသည် ဝါးမျိုးများဖြစ်ကြောင်းသိရသည်။ မျိုးစဉ်မှာ Poales ဖြစ်ပြီး မျိုးရင်းမှာ Poaceae ဖြစ်သည်။ အင်္ဂလိပ်အမည်အားဖြင့် Bamboo ဖြစ်သည်။ ရုက္ခဗေဒအမည်မှာ Bambusa Vulgaris/ Phyllostachys edulis ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဝါးမျိုးစိတ် ၁၂၅၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် ဝါးမျိုးစိတ် ၁၀၀ ကျော်ခန့် အလေ့ကျပေါက်ရောက်ရှင်သန်ကြသည်။ ထိုမျိုးစိတ်များအနက်မှ မြန်မာနိုင်ငံတွင် ဝါးမျိုး ၂၀ မျိုးပေါက်ရောက်ရှင်သန်ကြသည်။ ဝါးပေါက်ရောက်ပုံသဘာဝကိုအကြမ်းအားဖြင့်သုံးမျိုးခွဲခြားနိုင်သည်။ (၁) တစ်ပင်ချ ပေါက်ရောက်လေ့ရှိသောဝါး၊ (၂) အစုလိုက် သို့မဟုတ် အုပ်စုလိုက်ပေါက်လေ့ရှိသောဝါး၊ (၃) အထက်ပါအုပ်စုနှစ်စုရော၍ ပေါက်သောဝါး (စကဝါး) တို့ဖြစ်သည်။ ဝါးပင်သည် စုစုရုံးရုံးပေါက်ရောက်လေ့ရှိသည့်သဘာဝကြောင့် စည်းရုံးခြင်းသဘောကိုဆောင်သည်။ ဝါးပင်သည် အတ္တကင်းသောသဘောသဘာဝလည်းရှိပေသည်။ အကြောင်းမှာ ဝါးပင်ပေါက်ရောက်သော ပတ်ဝန်းကျင်တွင် အခြားသောအပင်များကိုလည်း ရှင်သန်ပေါက်ရောက်ခွင့်ပေးသည်။ ဝါးပင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀ မှ ပေ ၂၆၀၀ အကြားတွင်အများဆုံးရှင်သန်ပေါက်ရောက်ကြသည်။ ရာသီဥတုအနေဖြင့် အပူချိန် ၁၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်နှင့်မိုးရေချိန်အနေဖြင့် ၃၁ လက်မမှ ၂၅၄ လက်မအတွင်းဖြစ်ထွန်းပြီး ရေမဝပ်သောမြေမျိုးနှင့် ဆားငန်ရေဝင်သောမြေမှလွဲ၍ အခြားမြေမျိုးများတွင် ရှင်သန်ပေါက်ကြသည်။ ဝါးသည်စုစုရုံးရုံးပေါက်ရောက်ကြသဖြင့် အပင်ရှုပ်ပြီး အပင်ကျပ်သည့်သဘောရှိသည်။ ထို့ကြောင့်ဝါးခုတ်ရာတွင် မလွယ်ကူပေ။ ပင်စည်တစ်ဝက်ကျော်ကျော်မှစ၍ အတက်အရွက်ထွက်သည်။ အပင်အမြင့် ပေ ၈၀ မှ ၉၀ အထိရှိတတ်သည်။ အပင်လုံးပတ်မှာ ၉ လက်မခန့်မှ ၁ ပေအထိရှိတတ်သည်။ ထိုလုံးပတ်သည် ဝါးပိုးဝါးလိုဝါးမျိုး



ဓာတ်ပုံ-အင်တာနက်

ဖြစ်နိုင်သည်။ ဝါးပိုးဝါးသည် အလုံးကြီးသောကြောင့်ဖြစ်သည်။ ဝါးအဆစ်မှာ ၁၂ လက်မမှ လက်မ ၃၀ ခန့်အထိရှိတတ်ကြောင်း သိရသည်။ ဝါးပင်၏အသားသည် အရင်းပိုင်းအသားထူပြီး အဖျားပိုင်းကအသားပါးသည်။ ဝါးပင်သည် တစ်နေ့ ၁ မီတာအထိရှည်သည်ဟု သိရသည်။

## ဝါးအမည်များ

အထက်ဖော်ပြပါဝါးမျိုးစိတ်များအနက် ဝါးအမျိုးအမည်များကိုဖော်ပြပါမည်။ ယင်းတို့မှာ-ဝါးပိုး၊ ဝါးပိုးမျက်ဆန်ကျယ်၊ မြင်ဝါး၊ ဝါးယား သို့မဟုတ် ဝါးနက်၊ ဝါးဖြူကြလို့ဝါး၊ တင်းဝါး၊ ခရင်ဝါး၊ သိုက်ဝါး၊ ကြသောင်းဝါး၊ ကြခတ်ဝါး၊ သိုက်ဝါးကြီး၊ ထီးရိုးဝါး၊ တစ်ပင်တိုင်ဝါး၊ ဝါးကောက်၊ တင်းလယ်မဲ၊ ကြခတ်မ၊ ဝါးမင်း၊ ခဲလံဝါး၊ ဝါးဖယောင်း၊ ပီလောပီနံဝါး၊ ရေဝါး၊ လစ်ဝါး၊ ဝါးကုပ်၊ ဝါးဖြူကလေး၊ နေက်ရှော၊ ဝါးကြီး၊ ဝါးထွန်၊ ဝါးဘိုးအေ၊ ဝါးပြောက် (တနင်္သာရီဒေသတွင်ပေါက်သည်)၊ ဝါးသပွတ်၊ ကရင်ဝါး စသည်တို့ဖြစ်သည်။ ဖော်ပြပါဝါးများသည် အမည်မတူသည့်အမည်များကိုဖော်ပြထားခြင်းဖြစ်သည်။ သို့သော်ဒေသအခေါ်အရ အမည်မတူသော်လည်း ဝါးအမျိုးတူသည်များလည်းရှိနိုင်သည်။ စာရေးသူအနေဖြင့် အမည်မတူသည်ကိုသာ အဓိကဖော်ပြထားခြင်းဖြစ်သည်။

## သဘာဝပတ်ဝန်းကျင်နှင့်ဝါးပင်

ဝါးပင်သည် သဘာဝပတ်ဝန်းကျင်ကိုများစွာ အကျိုးပြုသည်။ လေထုကို ညစ်ညမ်းစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး သက်ရှိတို့အတွက် အောက်ဆီဂျင်ကိုပြန်လည်ထုတ်လွှတ်ပေးသည်။ ပတ်ဝန်းကျင် အစိုဓာတ်ရှိနေချိန်တွင် ထိုအစိုဓာတ်ကိုစုပ်ယူထားပြီး ပတ်ဝန်းကျင်ခြောက်သွေ့နေချိန်တွင် စုပ်ယူထားသောအစိုဓာတ်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ ရေမှုန်လေးများကိုထုတ်ပေးကြောင်းလည်းသိရသည်။ ဝါး ၂ ဒသမ ၄၇၁ ဧကရှိသောဝါးစိုက်ခင်းတစ်ခင်းသည် လေထုကိုညစ်ညမ်းစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကာဗွန် ၆၂ တန်အထိ နှစ်စဉ်စုပ်ယူပေးနိုင်သည်။ တချို့က ၁၂ တန်ဟုဆိုကြသည်။ မည်သို့ပင်ဆိုစေ ဝါးပင်သည်ပတ်ဝန်းကျင်ကို အကျိုးပြုသည်ကတော့ အမှန်ဖြစ်သည်။ အခြားသော အပင် ၂ ဒသမ ၄၇၁ ဧကသည် နှစ်စဉ်ကာဗွန် ၁၅ တန်ခန့်သာ စုပ်ယူနိုင်သည်။ ဤကား ဝါးပင်နှင့်အခြားအပင်တို့၏ ကွာခြားချက်ဖြစ်သည်။ ထို့ပြင် ဝါးပင်၏ အမြစ်ဖွဲ့စည်းမှုသည် အခြားအပင်များနှင့်မတူ အမြစ်ကျစ်လျစ်သည်။ ထို့ကြောင့် မြေဆီလွှာကို ရေတိုက်စားမှုမှ ကာကွယ်ပေးသည်။ ဝါးပင်သည် အစိုဓာတ်ကိုထုတ်လွှတ်ပေးသလို ရာသီဥတုပူနွေးမှုကိုလည်းလျှော့ချပေးနိုင်သည်။ အကြောင်းမှာ ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူမှုများသောကြောင့်ဖြစ်သည်။ ထို့ကြောင့်သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပေးသည့်ဝါးပင်ကို တိုးချဲ့စိုက်ပျိုးသင့်သလို ဝါးပင်များကိုလည်း ထိန်းသိမ်းပေးသင့်သည်။ ထိုကဲ့သို့အရေးပါသော ဝါးပင်ကိုလေးစားပြီး ဂရုပြုသည့်အနေဖြင့် နှစ်စဉ်စက်တင်ဘာလ ၁၈ ရက်နေ့ကို "ကမ္ဘာ့ဝါးပင်များနေ့" အဖြစ်သတ်မှတ်ထားကြသည်။ ထို့ပြင် ဝါးပင်သည်ဂေဟဗေဒစနစ်ဖြင့် ကိုက်ညီသည့်အချက်များရှိသည်။ လျင်မြန်စွာကြီးထွားခြင်း၊ ထွက်ရှိနှုန်းများခြင်း၊ ဝါးနှင့်ပတ်သက်သောအသက်မွေးမှုရှိခြင်း၊ မြေဆီလွှာကိုကာကွယ်ပေးခြင်း၊ လေထုကိုသန့်စင်ပေးခြင်း စသည်တို့ဖြစ်သည်။

## စီးပွားဖြစ်စိုက်ပျိုးသင့်သော မြန်မာတို့၏ဝါး

ဝါးကိုယခုအခါ စနစ်တကျစိုက်ပျိုးလာကြသည်။ ဝါးစိုက်ပျိုးရာတွင် မျိုးပွားစိုက်ပျိုးနည်းနှင့် အစေ့မှလည်း မျိုးပွားယူကြသည်ဟုသိရသည်။ စီးပွားဖြစ်ဝါးစိုက်ပျိုးမည်ဆိုပါက ဝါးပင်ကြိုက်နှစ်သက်သော မြေ၊ ရာသီဥတုအပြင် သင့်လျော်သော ဝါးမျိုးစိတ်ကိုရွေးချယ်စိုက်ပျိုးဖို့လည်းလိုပါသည်။ ဝါးစိုက်ပျိုးမည့်မြေကိုရွေးချယ်မည်ဆိုပါက ဝါးစိုက်မြေကို လမ်းပန်းဆက်သွယ်ရေးကောင်းသည့်မြေနေရာမျိုးကိုရွေးချယ်ဖို့လိုသည်။ ဝါးထုတ်ကုန်များထုတ်လုပ်သည့်နေရာနှင့်နီးသောနေရာမျိုးကိုလည်း ရွေးချယ်စိုက်ပျိုးသင့်သည်။ ထိုအခါ သယ်ယူစရိတ်သက်သာမည်ဖြစ်သည်။ ဝါးကိုအများအားဖြင့်တော့ အမြစ်ဆုံမှမျိုးပွားစိုက်ပျိုးနည်းနှင့် အဆစ်မှမျိုးပွားစိုက်ပျိုးနည်းဟူ၍ နှစ်မျိုးရှိသည်။ စာရေးသူတို့ဒေသဘက်မှာတော့ အဆစ်မှမျိုးပွားစိုက်ပျိုးလေ့ရှိကြသည်။ ဝါးကိုစီးပွားဖြစ် သီးသန့်စိုက်ပျိုးမည်ဆိုပါက တစ်ပင်နှင့်တစ်ပင် ၁၀ ပေခြားစိုက်ပျိုးရသည်။ ဝါးပင်သည် တဖြည်းဖြည်းအုံလိုက်ကျင်းလိုက် ပြန့်ပွားလာသောကြောင့်ဖြစ်သည်။ မျှစ်ဝါးဆိုလျှင် ဝါးတစ်ရုံတွင် အပင်ခြောက်ပင်ခန့်သာထားရမည်။ ယခုအခါစာရေးသူတို့ဒေသဘက်တွင် ဝါးနက်ဝါးတစ်လုံးကို ၂၀၀၀ - ၃၀၀၀ ခန့်ပေးရသည်။ အစေ့ကိုပျိုးစိုက်မည်ဆိုပါက ခုနစ်နှစ်ခန့်ကြာသည်ဟု သိရသည်။ ဝါးပင်သည်အလေ့ကျပေါက်ရောက်မှုရှိသလို စနစ်တကျစီးပွားဖြစ်လည်းစိုက်ပျိုးကြသည်။

## ကမ္ဘာ့ဝါးယဉ်ကျေးမှု

ဝါးသည် ကမ္ဘာသုံးအပင်ဖြစ်သည်။ ယဉ်ကျေးမှုနှင့်ဝါးသည် ဆက်စပ်မှုရှိသည်။ လူတို့သည်ရှေးက သားစိမ်းငါးစိမ်းများကိုသာစားခဲ့ကြသည်။ ထို့နောက် ဝါးပင်အချင်းချင်းပွတ်တိုက်ရာမှစ၍မီးကိုတွေ့ရှိခဲ့ပြီးနောက် သားစိမ်းငါးစိမ်းများကိုမီးဖုတ်၊ မီးကင်၍ စားသုံးသည့်ယဉ်ကျေးမှုပေါ်ပေါက်လာခဲ့သည်။ ဤကား ဝါးကိုအခြေခံ၍ ဖြစ်ပေါ်လာသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ဂျပန်နှင့်တရုတ်နိုင်ငံတို့တွင် ဝါးယဉ်ကျေးမှုထွန်းကားခဲ့ကြသည်။ ဂျပန်နိုင်ငံ၏ အဓိကရိုးရာပွဲတစ်ခုတွင် ဝါးသည် မြန်မာလူမျိုးတို့၏ကန်တော့ပွဲကဲ့သို့အရေးပါကြောင်းသိရသည်။ တရုတ်နိုင်ငံတွင်ဝါးကိုရှေးနှစ်ပေါင်း ၅၀၀၀ ခန့်လောက်ကတည်းက အသုံးပြုခဲ့ကြောင်းသိရသည်။ မြန်မာစာပေများမှာလည်း ဝါးပင်မှာသန္ဓေတည်၍ဖြစ်လာသော "ဝေဠုဝန်မင်းသမီး" ဟူ၍လည်းရှိခဲ့သည်။ ဝါးမှရရှိသောဝါးအမြုတေဟုလည်းရှိကြောင်း မှတ်သားရဖူးသည်။ တရုတ်လူမျိုးတို့သည် ဝါးကိုအသုံးများသည်။ စာပေများရေးသားရာတွင် ဝါးစုပ်တံကိုအသုံးပြုကြသလို တရုတ်နိုင်ငံ၏ ပထမဆုံးစာအုပ်ကို ဝါးပြားပေါ်တွင်ရေးသားကြောင်းသိရသည်။ ဝါးသည် စာပေနှင့်သာဆက်စပ်နေသည်မဟုတ်ပေ။ ဂီတနှင့်လည်းဆက်စပ်နေသည်။ ဝါးဖြင့်ပြုလုပ်သောတူရိယာများလည်းရှိသည်။ ဝါးပလွေ၊ ဝါးလက်ခုပ်၊ ဝါးပတ္တလား စသည်တို့သည် ဝါးနှင့်အနုပညာတူရိယာကို ပေါင်းစည်းထားခြင်းဖြစ်သည်။

## မြန်မာ့စီးပွားရေးနှင့်ဝါးထုတ်ကုန်

ဝါးကိုစီးပွားဖြစ်စိုက်ပျိုးပါက ဝါးတစ်လုံးကို ၂၀၀၀-၃၀၀၀ ခန့်ဈေးရှိသည်။ ဝါးရုံတစ်ရုံတွင် ဝါးအလုံးရေ ၄၀-၅၀ ခန့်ရှိကြသည်။ ဤကားခန့်မှန်းခြေသာဖြစ်သည်။ ထိုဝါးရုံမှဝါးများအနက် ရောင်းတန်းဝင်ဝါး ငါးလုံး ၁၀ လုံးခန့် ခုတ်ယူနိုင်သည်။ ဝါးတစ်ဧကတွင်ဝါးရုံ ၄၂၀ ခန့်ဝင့်ဆံ့သည်။ ဝါးရုံတစ်ရုံတွင် ပျမ်းမျှဝါး ငါးလုံးခန့်ခုတ်ယူနိုင်လျှင် ယနေ့ဝါးဈေး ပျမ်းမျှ တစ်လုံး ၃၀၀၀ နှင့်တွက်လျှင် ဝါးရုံ ၄၂၀ အတွက် တစ်ရုံငါးလုံးဆိုလျှင်ဝါးအလုံးရေ၂၁၀၀ ခန့်ရမည်ဖြစ်သည်။ ဝါးအလုံးရေ ၂၁၀၀ ကို ဝါးတစ်လုံးငွေကျပ် ၃၀၀၀ နှင့်ဆိုလျှင်ငွေကျပ် ၆၃၀၀၀၀၀ ရရှိမည်ဖြစ်သည်။

ဤကားကုန်ကြမ်းခေါ် အလုံးလိုက်ရောင်းချရငွေဖြစ်သည်။ ထိုဝါးများကိုလူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရောင်းချကြသည်။ ဝါးလက်မှုပစ္စည်းများအဖြစ်လည်း ထုတ်လုပ်ရောင်းချကြသည်။ ဝါးလက်မှုပစ္စည်းများကို အနည်းငယ်ဖော်ပြပါမည်။ ယင်းတို့မှာ- ဝါးခမောက်၊ ဝါးပလွေ၊ ဝါးပတ္တလား၊ ဝါးလက်ခုပ်၊ စပါးထည့်သည့်ဝါးပုတ်၊ ငါးဖမ်းရာတွင် အသုံးပြုသည့်ယင်း၊ **စာမျက်နှာ ၈ သို့** ❑

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၂၅

၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်တွင်ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် သွေးအလှူရှင်ပြည်သူများတက်ရောက်ကြသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး သွေးအလှူရှင်တစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများချီးမြှင့်ပေးအပ်စဉ်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် သွေးအလှူရှင်ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြင်းများ ဆောင်ရွက်ပေးပြီး သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများချီးမြှင့်ပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း



နေပြည်တော် မတ် ၂၅

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ယနေ့တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သွေးအလှူရှင် ဝန်ထမ်း ၄၆ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြခြင်းဖြစ်ပြီး သွေးအလှူရှင် ဝန်ထမ်းများအား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက်သွေးအလှူရှင်များအတွက်နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## ကာလသုံးပါးအလှတရားဖြင့် တပ်မတော်

* နိုင်ငံနှင့်ပြည်သူအကျိုး
သယ်ပိုး၍ ရပ်တည်ပျော်
တို့တပ်မတော်။
ခေတ်အဆက်ဆက်ထင်ပေါ်
သစ္စာတော် ဘယ်မယွင်း။
ပြည်တွင်း ပြည်ပ ရန်ဘယာ
ကြံ့တိုင်းသာ မားမားမတ်မတ်
ရပ်တည်ဖြေရှင်း။

* တပ်မတော်၏စွမ်းပကား
ကောင်းမြတ်အားကြောင့် ကမ္ဘာမှာ
တို့ပြည်မြန်မာ။
အချုပ်အခြာ ပိုင်ဆိုင်ကာ
ဂုဏ်သိက္ခာ ထာဝရ။
အမြင့်တင့်တယ်ကာ
အစဉ်ဝင့်ထည်စွာ ရပ်တည်မှု
ပြုနိုင်သည်ပ။

* လွတ်လပ်ရေး ကြိုးပမ်းမှု
အစပြု ထွန်းပေါ်လာ
တပ်မတော်ပါ။
အတိတ်ကလည်း အလှဖြာ
ခုခါလည်း လှပေ၏။
အနာဂတ်တွင်လည်း အလှတရားဖြင့်
ဝင့်ကြွားမည်တည့်။ ။

**မနောသစ်(ပခုက္ကူ)**

⊐ **စာမျက်နှာ ၇ မှအဆက်**

ဝါးမြိုးအမျိုးမျိုး၊ ဆန်ကော၊ ဆန်ခါ၊ ပုသိမ်ထီး၊ နီးကြောဖျာ၊ မြန်မာ့ယွန်းထည်နှင့်ဝါးကုလားထိုင်အမျိုးမျိုးတို့ဖြစ်သည်။ စာရေးသူတို့ဘက်မှာဆိုဝါးကုလားထိုင်များပြုလုပ်ရောင်းချကြသူများရှိသည်။ ဝါးထရံရက်လုပ်ရောင်းချကြသူများလည်းရှိသည်။ ဝါးပုတ်ပြုလုပ်သူများလည်းရှိသည်။ ဝါးကုလားထိုင်တစ်လုံးလျှင် ယခင်ကငွေကျပ် ၅၀၀၀ ခန့်ပေးရသည်။ ယခုဆိုအနည်းဆုံး ငွေကျပ် ၇၀၀၀ မှ ၁၀၀၀၀ ဝန်းကျင်လောက်ရှိပေလိမ့်မည်။ ဝါးထရံရက်လုပ်ခြင်းနှင့်ဝါးပုတ်ပြုလုပ်ခြင်း၊ ဝါးကုလားထိုင်ပြုလုပ်ခြင်းသည် ထိုသူတို့၏ စီးပွားရေးလုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်သည်။ ယခင်ကတည်းက ယနေ့အထိပြုလုပ်နေကြဆဲ ဝါးဖြင့်စီးပွားရှာသည့်လက်မှုဝါးစီးပွားရေးလုပ်ငန်းများပင်ဖြစ်သည်။ မြန်မာ့ပုသိမ်ထီးနှင့်မြန်မာ့ယွန်းထည်ဆိုလျှင် ကမ္ဘာသိမြန်မာ့ဝါးလက်မှုအနုပညာယဉ်ကျေးမှုပင်ဖြစ်သည်။ ဝါးပင်သည်ကုန်ကြမ်းသာဖြစ်သည်။ အဆိုပါဝါးကို လက်မှုပစ္စည်းများဖြစ်သည့် ကုန်ချောအဖြစ်ထုတ်လုပ်နိုင်ရန်လိုအပ်သည်။ မြန်မာ့ယွန်းထည်နှင့် မြန်မာ့ရိုးရာပုသိမ်ထီးဆိုလျှင် ကမ္ဘာသိဝါးလက်မှုကုန်ချောပစ္စည်းဖြစ်သည်။ ထိုကဲ့သို့ဝါးလက်မှု အခြေခံထုတ်ကုန်များဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်ကလည်း အားပေးလျက်ရှိသည်။ ဝါးလက်မှုထုတ်ကုန်များဖွံ့ဖြိုးတိုးတက်လာပါက လူမှုစီးပွားရေးလည်း တောင့်တင်းခိုင်မာလာမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း ဝါးအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးများထုတ်ပေးပြီး အားပေးဆောင်ရွက်လျက်ရှိသည်။ ဒေသအသီးသီးမှာလည်း MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်းတွေ့ရသည်။

ထို့ကြောင့် ယခုအခါစိုက်ပျိုးရေးတောင်သူများအနေဖြင့် မြေကြီးကရွှေသီးဟု ဆိုရမည့်အချိန်ပင်ဖြစ်သည်။ အဆိုပါစိုက်ပျိုးရေးလုပ်ငန်းအသီးသီးတွင် ဝါးစိုက်ပျိုးရေးသည်လည်း ပါဝင်သည်။ ဝါးသည် ယဉ်ကျေးမှုအရလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အရလည်းကောင်း၊ MSME အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအရလည်းကောင်း ဘက်စုံအသုံးဝင်သောအပင်ဖြစ်သည်။ ထို့ကြောင့် ဘက်စုံအသုံးဝင်သည့် ဝါးပင်ကို စိုက်ပျိုးသင့်သလို အစဉ်ထိန်းသိမ်းသင့်ပါကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ နိုင်ငံတော်သီချင်း
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၄။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၅။ ၁၃:၀၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၆။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၇။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း**
**သစ္စာမျိုးဆက်(အပိုင်း-၇)**
**သရုပ်ဆောင် - ခန့်စည်သူ၊ ကျော်ဇောဟိန်း၊ အောင်ပိုင်၊ မေသဉ္ဇာဦး၊ ဆုပန်ထွာ၊ မုန်း**
**ဒါရိုက်တာ-အကယ်ဒမီတင်အောင်စိုး(ပန်းမြို့တော်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် အခြေခံပညာစာမေးပွဲများ၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ နှစ်ဝက်ဆုံးစာမေးပွဲများအားလုံး အောင်မြင်စွာကျင်းပပြီးစီး



နေပြည်တော် မတ် ၂၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည်ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် အခြေခံပညာစာမေးပွဲများ၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ နှစ်ဝက်ဆုံးစာမေးပွဲများအားလုံး အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ စာမေးပွဲများ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ပေးခဲ့ကြသည့် အခြေခံ၊ အဆင့်မြင့်၊ ဆရာအတတ်ပညာများမှ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများအားလုံးကို အထူးပင်ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ဆက်လက်၍ အဖြေလွှာများကို စစ်ဆေးရာတွင် အမှားအယွင်းမရှိအောင် အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နွေရာသီကျောင်းပိတ်ရက်များတွင် ဆရာ၊ ဆရာမများ၏ သင်ကြားသင်ယူမှုနှင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးများ တိုးတက်စေရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် သက်ဆိုင်ရာမွမ်းမံသင်တန်းများတွင် ကြိုးပမ်းသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်ကျောင်းသားများ၏ ကျောင်းဝင်ကြေး၊ ကျောင်းလခများကို ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်ဖြင့် မတ်လ ၁၇ ရက်နေ့မှ စတင်ဆောင်ရွက်နေကြောင်း၊ နွေရာသီ ဆရာ၊ ဆရာမအရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်ရာတွင် ဘာသာရပ်အရည်အသွေးသာမက သင်ပြနည်းအရည်အသွေး တိုးတက်စေရန် ကမ္ဘာ့တက္ကသိုလ်ကြီးများတွင် ကျင့်သုံးနေသော Interactive Teaching and Learning စနစ်ဖြင့် အပြန်အလှန်ဆွေးနွေးသင်ကြားသင်ယူနည်းကို လေ့ကျင့်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ၊ ဆရာ၊ ဆရာမများအားလုံး ညီညီနိုင်းနိုင်း၊ စည်းစည်းလုံးလုံးဆောင်ရွက်မည်ဆိုပါက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအားလုံး ရည်မှန်းချက်များကို အခက်အခဲမရှိ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်းအမှတ်စဉ်(၁)အပိုင်း(၃) (Diploma in IFRS၊ Batch-I၊ Level-III)သင်တန်းဖွင့်

နေပြည်တော် မတ် ၂၅

မြန်မာနိုင်ငံစာရင်းကောင်စီမှကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင်ဖွင့်လှစ်သည့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်းအမှတ်စဉ်(၁)၊ အပိုင်း(၃)(Diploma in IFRS၊ Batch–I၊ Level–III)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက မြန်မာနိုင်ငံစာရင်းကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရာတွင်လည်းကောင်း၊ အများပြည်သူအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများ(Public Interest Entities) နှင့်နိုင်ငံပိုင်ကဏ္ဍအဖွဲ့အစည်းများရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးအစီရင်ခံခြင်းများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ လိုက်နာရေးဆွဲထုတ်ပြန်ရာ၌လည်းကောင်း၊ စာရင်းစံဆိုင်ရာအသိပညာဗဟုသုတများသိရှိနားလည်၍ စာရင်းပညာပြန့်ပွားစေရန်နှင့်စာရင်းပညာတတ်ကျွမ်းသူနိုင်ငံ့ဝန်ထမ်းများ တိုးပွားများပြားလာစေရန်ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

သင်တန်းသားများအနေဖြင့် လေ့လာသင်ယူခဲ့ရသည့်သင်ခန်းစာများကိုလက်တွေ့တွင် ပြန်လည်အသုံးချခြင်းဖြင့် စာရင်းကိုင်စနစ်ပိုမိုတိုးတက်ကောင်းမွန်ရန် ထိရောက်စွာ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

IFRS သင်တန်းတွင် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၁၂ ခုကို ပို့ချမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ၁၁ ဦး၊ ဝန်ကြီးဌာန ၁၃ ခုမှ ၃၂ ဦး စုစုပေါင်း သင်တန်းသား ၄၃ ဦး တက်ရောက်မည်ဖြစ်ပြီး IFRS သင်တန်းကို ယနေ့မှစ၍ ဇူလိုင်လ ၁၅ ရက်အထိ သင်တန်းကာလ ၃ လ ကျော်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ Level (III)အထိ တက်ရောက်အောင်မြင်သူများကို ဒီပလိုမာလက်မှတ်(Diploma in IFRS) ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့် သင်တန်းသားများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမတွင်လည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့်ကောင်စီဝင်များ၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ တာဝန်ရှိသူများက Online ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

(၅၀၀)

# "ပညာရေးမှတစ်ဆင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ခြင်းဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ခြင်း"ခေါင်းစဉ်ဖြင့် အသိပညာပေးအစီအစဉ်များဆောင်ရွက်



နေပြည်တော် မတ် ၂၅

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းများ၌ ဖွင့်လှစ်လျက်ရှိသော ဆရာ၊ ဆရာမများ၊ မွမ်းမံသင်တန်းများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှုအစီအစဉ်များကို ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မော်လမြိုင်မြို့နှင့် တောင်ကြီးမြို့တို့မှ အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမများကို **"ပညာရေးမှတစ်ဆင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ခြင်းဖြင့် အဂတိလိုက်စားမှုကိုတိုက်ဖျက်ခြင်း"**ခေါင်းစဉ်ဖြင့် အသိပညာပေးအစီအစဉ်များဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အသိပညာပေးအစီအစဉ်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံ့ဝန်ထမ်းများ ပူးပေါင်းပါဝင်လာစေရန်၊ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် လူမှုအသိုက်အဝန်းတစ်ခုတည်ဆောက်ရာတွင် အဓိကကျသည့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်ကြောင်း သိရသည်။

(သတင်းစဉ်)

# “တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီသို့”ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 ဒုတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် မတ် ၂၅

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

ငြိမ်းချမ်းရေးစကားဝိုင်းသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အသိပညာရှင်၊အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

စကားဝိုင်းဆွေးနွေးပွဲ ပထမပိုင်း “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်ကဆောင်ရွက်ပြီး “လက်ရှိမြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အနာဂတ်အလားအလာ”ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်မျိုးက ဦးဆောင်ဆွေးနွေးသည်။

ဆက်လက်၍ “စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန် (ငြိမ်း)က ဆောင်ရွက်ပြီး “ပဋိပက္ခလျှော့ချရေးကာလအတွင်း စီးပွားရေးကြုံတွေ့ခဲ့မှုကို ကြိုးပမ်းရာတွင် ဆက်စပ်သည့်ကဏ္ဍများကိုလည်း ထည့်သွင်းစဉ်းစားခြင်း” ခေါင်းစဉ်ဖြင့် ဒေါက်တာဇော်ဦးက ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက်ရရှိလာသည့် သဘောထားများကို တက်ရောက်လာသူ ကိုယ်စားလှယ်အသီးသီးက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker မှ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင်“နိုင်ငံရေးနှင့်လုံခြုံရေးကဏ္ဍ”၌ “နိုင်ငံတကာဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာ့ငြိမ်းချမ်းရေးအခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့်ဦးမောင်မောင်ငြိမ်းက ဦးဆောင်ဆွေးနွေးသည်။

ယင်းနောက် “စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ”တွင် “ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ပြည်ထောင်စုကိုပုံဖော်ခြင်း” ခေါင်းစဉ်ဖြင့် ဒေါက်တာညိုညိုသင်းက ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက်ရရှိလာသည့် သဘောထားများကို တက်ရောက်လာသူ ကိုယ်စားလှယ်အသီးသီးက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker မှ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများဆောင်ရွက်ကြပြီး ငြိမ်းချမ်းရေးစကားဝိုင်း ဒုတိယနေ့ကို ရုပ်သိမ်းလိုက်သည်။

ငြိမ်းချမ်းရေးစကားဝိုင်း တတိယနေ့ကို မတ်လ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၅

ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့်သက်ဆိုင်ရာဝန်ကြီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီး၊အလုပ်သမားသံအရာရှိနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်ပါအချက်များ အောင်မြင်စေရေး သက်ဆိုင်ရာကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများအကြား ညှိနှိုင်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီဝင်များအနေဖြင့် မြန်မာလုပ်သားများနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ပြည်ပနိုင်ငံသို့ မထွက်ခွာမီ၊ ပြည်ပနိုင်ငံသို့ ရောက်ရှိအလုပ်လုပ်ကိုင်နေစဉ်နှင့် ပြည်ပနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်အထိ အပိုင်းလိုက်ခွဲခြားကာ ဆွေးနွေးပေးစေလိုကြောင်း၊ ပြည်ပတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် မြန်မာလုပ်သားများအနေဖြင့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို သက်ဆိုင်ရာနိုင်ငံများ၏ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် နိုင်ငံသားပီသစွာဖြင့် ထမ်းဆောင်နေကြသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ဝင်ငွေခွန်ထမ်းဆောင်သော ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ မိမိတို့ရရှိသည့် လစာငွေ သို့မဟုတ် အခြားဝင်ငွေများကို မြန်မာနိုင်ငံသို့ ဘဏ်လမ်းကြောင်းမှ တစ်ဆင့် ပြန်လည်လွှဲပို့ခြင်းအပေါ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်တင်သွင်းခွင့်များ ပေးအပ်လျက်ရှိကြောင်း၊ ပြည်ပရောက်လုပ်သားများမှ မိသားစုထံလွှဲပို့ငွေများကို တရားဝင်နည်းလမ်းဖြင့် လုံခြုံမြန်ဆန်ချောမွေ့စွာ အခက်အခဲမရှိလွှဲပို့နိုင်ရေး ဘဏ်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားမဝင်ငွေလွှဲဟွန်ဒီလုပ်ငန်းလုပ်ကိုင်နေသူများကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ရရှိသတင်းများကို မျှဝေကာ ဖော်ထုတ်အရေးယူနိုင်ရန် လိုအပ်ကြောင်း၊ မြန်မာအေဂျင်စီများအနေဖြင့် မြန်မာလုပ်သားများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် သက်ဆိုင်ရာနိုင်ငံများသို့ ပို့ဆောင်စေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေး ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်သည့် ရည်ရွယ်ချက်၊ နိုင်ငံများနှင့် စည်းကြပ်သည့် ဥပဒေနှင့်အေဂျင်စီများ၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် လျှောက်ထားလာမှုအပေါ် စိစစ်ထုတ်ပေးနေမှုအခြေအနေများ၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်မှုအခြေအနေများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးသည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်အချက်များနှင့်ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့်ကော်မတီဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းစဉ်များအလိုက် အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပရေးကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မတ် ၂၅

၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း နေပြည်တော်၌ လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ Brilliant Aura Co.,Ltd.၊ Bellarie Production တို့မှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်အဖြစ် နေပြည်တော်၌ ပါဝင်ဆောင်ရွက်ခဲ့သည်မှာ ယခုအကြိမ်သည် တတိယအကြိမ်ဖြစ်ကြောင်း၊ ယခုနှစ်သည် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို UNESCO က ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုပြီးနောက် ပထမဆုံးအကြိမ် ဂုဏ်ပြုကျင်းပမည့်ပွဲတော်ဖြစ်သည့်အတွက် အနှစ်သာရအားဖြင့် လေးနက်သည့် ပွဲတော်တစ်ခုဖြစ်သည်ဟု ဆိုချင်ပါကြောင်း။

ဝန်ကြီးဌာနအလိုက် မဏ္ဍပ်များအချိန်မီပြီးစီးရေး၊ ရေကစားခြင်း၊ စတုဒိသာကျွေးမွေးခြင်းတို့ လုပ်ဆောင်နိုင်ရေး၊ ဖျော်ဖြေရေးအစီအစဉ်များတွင် အလှည့်ကျပါဝင်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတကာမှဧည့်သည်များ၊ သံတမန်များ၊ အနုပညာရှင်များ၊ ကိုရီးယားနိုင်ငံမှ K-POP အဆိုတော်များ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည့်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုကိုဖော်ညွှန်းသည့် ရည်မှန်းချက်နှင့်အနှစ်သာရကို မိမိတို့ဝန်ထမ်းများ၊ ပြည်သူများသိရှိပြီး စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင်ပါဝင်ဆင်နွှဲနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဇုန် ၁ တွင် ဆောင်ရွက်မည့် မြန်မာ့ရိုးရာအတာသင်္ကြန်နှင့် သနပ်ခါးသင်္ကြန်တို့တွင် ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း၊ အနုပညာဦးစီးဌာနအနေဖြင့် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်မည်ဖြစ်သလို နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင်လည်း အားဖြည့်ပါဝင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်ကျင်းပရေးကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးက နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပသည့်ဇုန်၊ ဧရိယာတစ်ခုလုံးစည်းကမ်းထိန်းသိမ်းနိုင်ရေး၊ လုံခြုံရေးနှင့် ခမ်းခမ်းနားနား အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Brilliant Aura Co.,Ltd. မှ ပရောဂျက် ဒါရိုက်တာက နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက နေပြည်တော်လမ်းလျှောက်သင်္ကြန် မဏ္ဍပ်ဆောက်လုပ်ရန်လျာထားမှု၊ လုံခြုံရေး၊ ရေရရှိရေး၊ ဖျော်ဖြေရေး၊ သန့်ရှင်းရေး၊ ကျန်းမာရေးပိုင်းဆိုင်ရာ၊ စည်းကမ်းထိန်းသိမ်းရေးပိုင်းဆိုင်ရာကိစ္စရပ်များ၊ ပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး အပါအဝင် နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ဝန်ထမ်းများနှင့် ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

(သတင်းစဉ်)

# MSME ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အသိပညာပေးဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်



နေပြည်တော် မတ် ၂၅


MSME ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ တာဝန်ရှိသူများနှင့် MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် စက်မှုနှင့် နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များသည် အရေးကြီးသည့် မရှိမဖြစ်ကဏ္ဍတစ်ရပ် ဖြစ်လာကြောင်း၊ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေနှင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေဟူ၍ မူပိုင်ခွင့်ဥပဒေ (၄)ရပ် အောင်မြင်စွာပေါ်ထွက်လာခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် မူပိုင်ခွင့်ဥပဒေများနှင့် ပတ်သက်၍သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်သည့်အတွက် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သိရှိလိုသည်များကို ပွင့်ပွင့်လင်းလင်းမေးမြန်းဆွေးနွေးပြီး မိမိတို့၏ ကုန်ထုတ်လုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီရရှိအောင်လုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက MSME များအတွက် မူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ၊ MSME ထုတ်ကုန်များနှင့် စပ်လျဉ်းသော စံချိန်စံညွှန်းဆိုင်ရာ သိကောင်းစရာများ၊ MSME များအတွက် FDA လက်မှတ်လျှောက်ထားမှုဆိုင်ရာ လိုအပ်ချက်များနှင့် လုပ်ငန်းစဉ်များ၊ Digital အသုံးပြုမှုဆိုင်ရာ သိကောင်းစရာများကို ခေါင်းစဉ်အလိုက် ဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းဆွေးနွေးကြပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



# ဘဝ ပညာနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု

ဒေါက်တာဇေယျာဝင်း

ဘဝတစ်ခုဖြစ်တည်လာပြီဆိုရင် အသက်ရှင်ရပ်တည်မှသာ ဘဝဆိုတာဆက်လက်တည်ရှိနေမှာဖြစ်ပါတယ်။ အသက်ဆိုတာ လူတစ်ယောက်ရဲ့ဖြစ်တည်မှုကို အချိန်နဲ့တိုင်းတာတဲ့မျဉ်းကြောင်းတစ်ခုလိုပါပဲ။ မွေးဖွားလာတဲ့အချိန်ကစလို့ နေ့ရက်တွေ၊ လတွေ၊ နှစ်တွေ တဖြည်းဖြည်းတိုးလာရင်း ကျွန်တော်တို့ရဲ့အသက်အရွယ်ကို သတ်မှတ်ပေးပါတယ်။ ဘဝဆိုတာ မွေးခြင်းနဲ့သေခြင်း ကြားကာလကိုဆိုလိုတာပါ။ အသက်မရှိရင် ဘဝမရှိပါဘူး၊ အသက်ရှိမှသာ ဘဝဆိုတာရှိတာပါ။ ဘဝမှာ အရေးကြီးဆုံးက ရှင်သန်နိုင်ဖို့ပါ။ ရှင်သန်ဖို့အရေးကြီးဆုံးက ကျန်းမာရေးဖြစ်ပြီး ကျန်းမာစွာနေထိုင်စားသောက်နိုင်ဖို့အရေးကြီးဆုံးက ပညာပဲဖြစ်ပါတယ်။ မိမိတို့ပတ်ဝန်းကျင်မှာ သတိထားစောင့်ကြည့်မယ်ဆိုရင် မိသားစုတစ်ခုမှာ ကျန်းမာရေးနဲ့ပညာရေးကို မြှင့်တင်ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းဟာ ၎င်းမိသားစုဘဝတွေ တိုးတက်မြင့်မားလာကြတာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ထို့နည်းတူပဲ သက်ရှိသယံဇာတများဖြစ်တဲ့ နိုင်ငံသားများရဲ့ကျန်းမာရေး၊ ပညာရေး မြှင့်တင်ပေးနိုင်တဲ့နိုင်ငံတွေမှာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာကာ နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာတာကိုမြင်တွေ့ကြရမှာဖြစ်ပါတယ်။

**အသက်ဘဝ**

ဘဝဆိုတာလူတိုင်းအတွက် အဓိပ္ပာယ်အမျိုးမျိုးရှိတဲ့ ခရီးတစ်ခုပါ။ အသက်ရှင်နေထိုင်တယ်ဆိုတာ မွေးဖွားလာချိန်ကနေ သေဆုံးချိန်အထိ ကြုံတွေ့ရတဲ့အတွေ့အကြုံတွေ စုစည်းမှုလို့ဆိုနိုင်ပါတယ်။ တချို့ကတော့ အသက်ကြီးတဲ့အထိ ဘဝရဲ့အဓိပ္ပာယ်ကိုရှာဖွေနေရတုန်းပါပဲ။ ဒါကြောင့် အသက်နဲ့ဘဝဟာ တစ်ခါတလေ အချင်းချင်းလွဲချော်နေတတ်ပါတယ်။ အသက်ကြီးလာတာနဲ့အမျှ ဉာဏ်ပညာတိုးလာတယ်၊ အတွေ့အကြုံတွေ ပိုရလာတယ်ဆိုပေမယ့် ဘဝရဲ့ရိုးရှင်းတဲ့ပျော်ရွှင်မှုတွေကိုခံစားဖို့ အချိန်နည်းလာတတ်ပါတယ်။ ဒါပေမဲ့လည်း အသက်ဘယ်လောက်ပဲရှိနေပါစေ၊ ကိုယ်လုပ်ချင်တာကိုလုပ်ဖို့၊ ကိုယ်ချစ်တဲ့သူတွေနဲ့ အချိန်ကိုဝေမျှဖို့၊ ဒါမှမဟုတ် ကိုယ့်အိပ်မက်တွေကိုအကောင်အထည်ဖော်ဖို့ ဘယ်တော့မှ နောက်ကျတယ်လို့မရှိပါဘူး။ အသက်ဟာ ကန့်သတ်ချက်တစ်ခုဖြစ်ပေမယ့် ဘဝကိုဘယ်လိုဖြည့်စွမ်းမလဲဆိုတာကတော့ ကျွန်တော်တို့ရဲ့လက်ထဲမှာပါ။ ဒီတော့ အသက်ကိုရေတွက်ရင်း ဘဝကိုမေ့မထားဖို့ အရေးကြီးပါတယ်။ နေ့စဉ်ဘဝမှာ အသက်ရှင်နေရတာကို တန်ဖိုးထားပြီး ကိုယ်ရှိတဲ့အချိန်တွေကို အဓိပ္ပာယ်ရှိအောင်ဖြတ်သန်းနိုင်ဖို့ ကြိုးစားရမှာပါ။ ထိုသို့ အရည်အသွေးရှိတဲ့ဘဝ တွေပိုင်ဆိုင်နိုင်ဖို့ဆိုရင် ပညာဟာမရှိမဖြစ်အရေးပါလာပါတယ်။ အသိပညာ အတတ်ပညာဆိုတဲ့ ပညာရှိမှ အသက်ဘယ်လိုရှင်သန်အောင် နေရမယ်ဆိုတာသိမယ်။ ဘဝကို ဘယ်လိုဖြတ်သန်းရမယ်ဆိုတာကို နားလည်မှာဖြစ်ပါတယ်။

**ပညာ**

ပညာဆိုတာ အကြောင်းအကျိုးကိုသိခြင်းဖြစ်ပြီးတော့ ပညာသင်ခြင်းဆိုတာကတော့ အတွေ့အကြုံနဲ့ အတွေးအကြံကို လက်ဆင့်ကမ်းခြင်းပဲဖြစ်ပါတယ်။ ပညာဆိုတာ လူသားတွေရဲ့ဘဝကို အလင်းပေးတဲ့ မီးအိမ်တစ်လုံးလိုပါပဲ။ ပညာဟာစာအုပ်ထဲက စာသားတွေထက် ပိုကျယ်ပြန့်ပြီး ကျောင်းတက်ချိန်နဲ့ ကန့်သတ်မထားတဲ့ တစ်သက်တာသင်ယူမှုတစ်ခုပါ။ ပုဂံခေတ် သိင်္ခသူ့သမီးကျောက်စာမှာ "ဤကောင်းမှုကိုပြုရခြင်းအကျိုးကြောင့် ငါသည်ပညာမရှိသောမိုက်သောမဖြစ်မူ၍ ပညာရှိသောအကြောင်းကိုသိသောသူဖြစ်လိုပါ၏" ဟုရေးထိုးထားတာကို တွေ့ရှိရပါတယ်။ ရှေးခေတ်ကာလတွေကတည်းက ပညာကို ဘယ်လောက်အလေးထားခဲ့ကြောင်း ထင်ရှားတဲ့ အထောက်အထားပဲဖြစ်ပါတယ်။ ပညာဆိုတာ ထုထည်အလွန်ကြီးမားတယ်။ ပညာဆိုတာ လူရဲ့အရည်အသွေး လူရဲ့စွမ်းအင်တစ်ခုပဲဖြစ်ပါတယ်။ ပညာက လူကိုအကျိုးပြုတဲ့စွမ်းအင်ရှိပါတယ်၊ ဘယ်လိုစွမ်းအင်လည်းဆိုရင် ဖြစ်ချင်တာကိုဖြစ်အောင် မဖြစ်ချင်တာကိုမဖြစ်အောင် ပညာကလူကိုလုပ်ပေးနိုင်ပါတယ်။ ပညာရှိတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ။ တချို့က စာဖတ်တတ် စာရေးတတ် ဘွဲ့တွေရထားတာကို ပညာရှိတယ်လို့ သတ်မှတ်ကြပါတယ်၊ ဒါပေမဲ့ တကယ်တမ်းပညာဆိုတာ ကျောင်းသင်ခန်းစာတွေထဲမှာ ပိတ်လှောင်ထားလို့မရတဲ့အရာပါ။ ဘဝအတွေ့အကြုံကနေသင်ယူတာ၊ အမှားတွေကနေ ပြန်သင်ခန်းစာယူတာ၊ တခြားသူတွေရဲ့စကားကိုနားထောင်ပြီး ဉာဏ်ပညာရယူတာတွေဟာလည်း ပညာရဲ့တစ်စိတ်တစ်ပိုင်းပါပဲ။ ဒါကြောင့် လူတစ်ယောက်ရဲ့ ပညာအဆင့်ကို စာရွက်ပေါ်ကအမှတ်တွေ၊ ဘွဲ့လက်မှတ်တွေနဲ့ပဲ အတိုင်းအတာသတ်မှတ်လို့မရပါဘူး။

ပညာရှိခြင်းရဲ့အကျိုးကျေးဇူးက ဘာလဲဆိုတော့ ပထမဆုံး ကိုယ့်ကိုယ်ကိုယ်နားလည်လာစေပါတယ်။ ကိုယ်ဘာလိုချင်လဲ၊ ဘာကိုလုပ်နိုင်လဲ၊ ဘယ်လိုနေထိုင်သင့်လဲဆိုတာကို သိရှိလာတဲ့အခါ ဘဝရဲ့ရည်ရွယ်ချက်တွေ ပိုမိုရှင်းလင်းလာပါတယ်။ ဒါ့အပြင်ပညာဟာ ကျွန်တော်တို့ကို ပိုမိုကောင်းမွန်တဲ့ လူသားတွေဖြစ်လာအောင် ပြောင်းလဲပေးပါတယ်။ သည်းခံတတ်ခြင်း၊ စာနာတတ်ခြင်း၊ တခြားသူတွေရဲ့အမြင်ကို လေးစားတတ်ခြင်းဟာ ပညာရှိသူတွေမှာ တွေ့ရတာတ်တဲ့အရည်အချင်းတွေပါ။ အရေးကြီးဆုံးကတော့ ပညာဟာ ကျွန်တော်တို့ကို လွတ်လပ်မှုပေးပါတယ်။ အသိဉာဏ်မရှိရင် ကိုယ်ဟာ အခြားသူတွေရဲ့လှည့်စားမှု၊ ဖိနှိပ်မှုတွေအောက်မှာ ပိတ်မိနေနိုင်ပြီး ပညာရှိတဲ့အခါ ကိုယ့်ဘဝကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိလာပါတယ်။ ဒါပေမဲ့ ပညာရှိဖို့ဆိုတာ လွယ်ကူတဲ့လမ်းစဉ်တော့မဟုတ်ပါဘူး။ အချိန်ယူရတယ်၊ ကြိုးစားရတယ်၊ တစ်ခါတလေ အမှားတွေကနေသင်ယူရတယ်။ ဒါပေမဲ့ အဲဒီကြိုးစားမှုဟာ တန်ဖိုးရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ပညာဟာ ဘယ်တော့မှကုန်ခန်းမသွားတဲ့ ဘဏ္ဍာတိုက်တစ်ခုဖြစ်နေလို့ပါ။ တစ်ခါရလာရင် ဘယ်သူမှ အတင်းအဓမ္မလုယူလို့မရသလို ဘဝတစ်လျှောက်လုံး ကျွန်တော်တို့နဲ့အတူရှိနေမယ့် အရာတစ်ခုပါပဲ။

ဒီတော့ ပညာဆိုတာ ဘာလဲဆိုတဲ့မေးခွန်းကို ပြန်တွေးကြည့်ရင် ပညာဟာ သင်ယူမှု၊ နားလည်မှု၊ အသုံးချမှုတို့ရဲ့ ပေါင်းစပ်မှုတစ်ခုလို့ဆိုနိုင်ပါတယ်။ ဗုဒ္ဓဘာသာအရတော့ ပညာဆိုတာသိတယ်၊ သိတဲ့ခဏ္ဍပယ်ရမှာကိုပယ်တယ်၊ ရသင့်တာ ဆိုက်သင့်တာတွေကိုရပြီးသား၊ ဆိုက်ရောက်ရမယ့်နေရာကို တစ်ခါတည်းဆိုက်ရောက်သွားကာ ဆက်လက်ပွားများရမယ့်အရာတွေကို ပွားများသွားနိုင်တယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွားဟာ ပညာရဲ့ကိစ္စလေးရပ်ပဲဖြစ်ပါတယ်။ အင်မတန်ရိုးရှင်းပါတယ်။ ဒီနေရာမှာထပ်မံအသိပေးလိုတာက ပညာသင်ယူခြင်း၊ ပညာရှာခြင်းဟာ စာသင်ကျောင်းထဲမှာပဲရှိတာမဟုတ်ဘဲ ဘဝရဲ့အဆုံးမရှိတဲ့ ခရီးတစ်လျှောက်မှာ ဆက်လက်ရှာဖွေရမယ့် အရာတစ်ခုပါ။ ဒါကြောင့် ပညာကိုတန်ဖိုးထားပြီး အမြဲတမ်းသင်ယူဖို့ကြိုးစားနေမယ်ဆိုရင် ဘဝဟာ ပိုပြီးအဓိပ္ပာယ်ရှိလာမှာဖြစ်သလို မိမိပတ်ဝန်းကျင်၊ မိမိရဲ့မိသားစု၊ မိမိရဲ့တိုင်းပြည်အတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းလာမှာအမှန်ပါပဲ။

**လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု**

လူသားအရင်းအမြစ် (Human Capital) ဆိုသည်မှာ လူတစ်ဦးချင်းစီတွင်ရှိသော အသိပညာ၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် ကျန်းမာရေးကောင်းမွန်မှု စတဲ့ အရည်အချင်းများကို စီးပွားရေးတန်ဖိုးအဖြစ် သတ်မှတ်တာကိုဆိုလိုပါတယ်။ လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်းဟာ တစ်ဦးချင်းဘဝတိုးတက်ရုံသာမက လူ့အဖွဲ့အစည်းတစ်ခုလုံး၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အခြေခံကျသောအချက်တစ်ခုဖြစ်ပါတယ်။ ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးတွင် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုအပြိုင်အဆိုင်ဖြစ်နေချိန်တွင် လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်မှုသည် အရေးပါမှုပိုမိုမြင့်တက်လာခဲ့ပါတယ်။ လူသားအရင်းအနှီးကို ဖွံ့ဖြိုးတိုးတက်စေရန် အဓိကကျသောအစိတ်အပိုင်းများမှာ ပညာရေး၊ ကျန်းမာရေးနှင့် လေ့ကျင့်သင်ကြားမှုများဖြစ်ပါတယ်။ ပညာရေးသည် လူတစ်ဦးချင်းစီ၏တွေးခေါ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်မှုနှင့် ဆန်းသစ်တီထွင်နိုင်မှုကို မြှင့်တင်ပေးခြင်းဖြစ်ပြီးတော့ ကျန်းမာရေးကောင်းမွန်မှုက လူတစ်ဦးရဲ့အလုပ်လုပ်နိုင်စွမ်းနှင့် ကုန်ထုတ်စွမ်းအားကိုတိုးတက်စေပြီး လေ့ကျင့်သင်ကြားမှုများကမူ သတ်မှတ်ထားသောကျွမ်းကျင်မှုများကို အားဖြည့်ပေးပါတယ်။ ဤအရင်းအမြစ်များသည် တစ်ဦးချင်းစီ၊ အဖွဲ့အစည်းများနှင့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အခြေခံကျပါတယ်။

ထပ်မံ၍တင်ပြရမည်ဆိုရင် အသက်ဘဝတစ်ခုရလာပြီဆိုပါက ၎င်းကို စောင့်ရှောက်မွေးမြူနိုင်ရန် ပညာသည် မရှိမဖြစ်သောအရာပင်ဖြစ်ပါတယ်။ ပညာတတ်မှ ပညာရှိမှအသက်ရှည်နိုင်မယ်၊ မိမိကိုယ်ကိုထိန်းသိမ်းနိုင်မယ်။ တစ်ဆက်တည်းဆိုရပါမူ လူ့အဖွဲ့အစည်းတစ်ခုမှာရပ်တည်ဖို့ဆိုပါက လူသားတစ်ယောက်အနေနဲ့ တာဝန်ကိုသိရမယ်၊ တာဝန်ယူဝံ့ရမယ်၊ တာဝန်ကို ထမ်းဆောင်နိုင်ရပါမယ်။ ကိုယ်ကျင့်တရားရှိခြင်းသည် တာဝန်သိခြင်းဖြစ်ပြီးတော့ တာဝန်မဲ့ခြင်းသည် ကိုယ်ကျင့်တရားမဲ့ခြင်းပင်ဖြစ်ပါတယ်။ တာဝန်ယူဝံ့ခြင်းသည် သတ္တိရှိခြင်းမည်ကာ တာဝန်ထမ်းဆောင်နိုင်ခြင်းသည် စွမ်းရည်ရှိခြင်းပင်ဖြစ်ပါတယ်။ စွမ်းရည်ရှိဖို့ဆိုပါက ပညာတတ်ဖို့လိုပါမယ်။ ပညာမရှိရင် စွမ်းရည်လည်းရှိနိုင်မှာမဟုတ်ပါဘူး။

တစ်ဦးချင်းစီအနေဖြင့်သာမကဘဲ အဖွဲ့အစည်း/တိုင်းပြည်အတွက်ဆိုပါကလည်း လူသားများသည် အဓိကမောင်းနှင်အားဖြစ်တာကြောင့် Human Capital ကို မြှင့်တင်ရန် အစိုးရများနှင့် အဖွဲ့အစည်းများသည် ပညာရေးစနစ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုများတွင် ရင်းနှီးမြှုပ်နှံကြရပါတယ်။ လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်လာမှုဟာ လူတစ်ဦးချင်းအတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေတိုးတက်မှုနှင့် ဘဝအရည်အသွေးမြင့်မားလာမှုကို ဖြစ်ပေါ်စေပါတယ်။ လူ့အဖွဲ့အစည်းအဆင့်တွင်မူ စီးပွားရေးတိုးတက်မှု၊ ဆင်းရဲမွဲတေခြင်း လျော့နည်းလာမှုနှင့် တရားမျှတမှုကို ဆောင်ကြဉ်းပေးနိုင်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် လူတစ်ဦးချင်း တစ်ယောက်ချင်းစီအနေနဲ့ မိမိတို့ရဲ့အသက်ဘဝကို ဆင်ခြင်နိုင်ကြကာ အရေးအကြီးဆုံးဖြစ်တဲ့ပညာကို ဖြည့်တင်းခြင်းအားဖြင့် မိမိတို့မိသားစု၊ အဖွဲ့အစည်းများနဲ့ နိုင်ငံတို့အတွက် ကောင်းမွန်တဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို စွမ်းဆောင်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

❖ မိမိတို့ပတ်ဝန်းကျင်မှာ သတိထားစောင့်ကြည့်မယ်ဆိုရင် မိသားစုတစ်ခုမှာ ကျန်းမာရေးနဲ့ပညာရေးကို မြှင့်တင်ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းဟာ ၎င်းမိသားစုဘဝတွေ တိုးတက်မြင့်မားလာကြတာကိုတွေ့မြင်နိုင်မှာဖြစ် . . .

❖ လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်းဟာ တစ်ဦးချင်းဘဝတိုးတက်ရုံသာမက လူ့အဖွဲ့အစည်းတစ်ခုလုံး၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အခြေခံကျသော အချက်တစ်ခုဖြစ်. . .

❖ လူ့အဖွဲ့အစည်းတစ်ခုမှာ ရပ်တည်ဖို့ဆိုပါက လူသားတစ်ယောက်အနေနဲ့ တာဝန်ကိုသိရမယ်၊ တာဝန်ယူဝံ့ရမယ်၊ တာဝန်ကိုထမ်းဆောင်နိုင်ရပါမယ်. . .

## အစိုးရဓမ္မာစရိယစာမေးပွဲ (ပဌမနေ့)ကျင်းပ

နေပြည်တော် မတ် ၂၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို မတ်လ ၂၅ ရက် (ပဌမနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၄၁၃၄ ပါး/ဦးအနက် ၁၂၄၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၆ ဒသမ ၆၀ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။

(သတင်းစဉ်)

## အစိုးရဓမ္မာစရိယစာဖြေဌာန စာမေးပွဲကြီးကြပ်ရေးဆရာတော်များနှင့် စာဖြေသံဃာ၊ သီလရှင်များအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဖူးမြော်ကြည်ညို



နေပြည်တော် မတ် ၂၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်၌ အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားစာဖြေဌာနရှိ ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးက ပရိယတ္တိစာမေးပွဲများတွင် ဓမ္မာစရိယ၊ ပဌမပြန်စာမေးပွဲဖြေဆိုသံဃာ၊ သီလရှင်များမှာ အများဆုံးဖြစ်ကြောင်း၊ ဆရာတော်ကြီးများအနေဖြင့် ပင်ပန်းမှုကိုဂရုမပြုဘဲ စာမေးပွဲကြီးကြပ်မှုများကို ဆောင်ရွက်နေကြသည့်အတွက် ဝမ်းမြောက်ရကြောင်း လျှောက်ထားသည်။

ထို့နောက် အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုကြသော သံဃာတော်များနှင့် သီလရှင်များအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။ ယနေ့ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ပျဉ်းမနားစာဖြေဌာန၌ သံဃာ ၂၁၁ ပါးနှင့် သီလရှင် ၁ ပါး စုစုပေါင်း ၂၁၂ ပါး စာရင်းသွင်း၍ စာဖြေသံဃာ ၁၈၆ ပါးနှင့် သီလရှင် ၁ ပါး စုစုပေါင်း ၁၈၇ ပါး ဝင်ရောက်ဖြေဆိုကြသည်။

၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဓမ္မာစရိယစာဖြေဌာန ၇၁ ဌာနတို့တွင် ယနေ့မှစတင်ကာ ဧပြီလ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ယနေ့ ဓမ္မာစရိယစာမေးပွဲ ပါရာဇိကဏ် (ပဌမနေ့) စတင်ဖြေဆိုခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် ပါဠိပဌမပြန်စာမေးပွဲများကိုလည်း မတ်လ ၃၁ ရက်မှ ဧပြီလ ၆ ရက်အထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပါဠိပဌမပြန် စာဖြေဌာန ၂၃၉ ဌာနတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များသည် ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာရှိ တောင်သူဦးမောင်သင်၏ ပေါင်းစည်းလယ်ယာစိုက်ပျိုးထုတ်လုပ်မှုနှင့် မွေးမြူရေးခြံသို့ သွားရောက်၍ ခြံအတွင်း နို့စားနွား၊ ဒေသနွား၊ ဆိတ်၊ ငါး၊ ဒေသကြက်နှင့် ဘဲများ မွေးမြူထားရှိမှု၊ နွေစပါးစိုက်ပျိုးထားရှိမှုများနှင့် သဘာဝမြေသြဇာပြုလုပ်သုံးစွဲနေမှုကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာအတာသင်္ကြန်ပွဲတော် တပ်ကုန်းမြို့နယ် ဗဟိုသင်္ကြန်မဏ္ဍပ် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက်တပ်ကုန်းမြို့နယ်အောင်ဆန်းခန်းမ၌ အစိုးရဓမ္မာစရိယစာမေးပွဲ စာဖြေဌာနသို့ သွားရောက်၍ အစိုးရဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေနှင့်လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် အနော်ရထာအုပ်စု ကွင်းအမှတ် ၁၄၁၄ အတွင်းရှိ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် လယ်မြေများတွင် ပြန်လည်စိုက်ပျိုးထားသည့် မြေပဲခင်းများနှင့် အောင်မြေရိပ်သာကျေးရွာအနီး ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားရုံ၌ ကျင်းပရာ နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့သိုင်းအားကစားအဖွဲ့၊ တိုက်ကွမ်ဒိုအားကစားအဖွဲ့နှင့်ရိုးရာခြင်းလုံးအားကစားအဖွဲ့တို့က အားကစားနည်းများအလိုက် သရုပ်ပြကစားကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားကစားသရုပ်ပြအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် မြို့နယ်ရုံးမြို့နယ်အတွက် အားကစားပစ္စည်းများကို ပေးအပ်ရာ သရုပ်ပြအဖွဲ့များနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ အားကစားနည်း ၁၈ နည်း ပါဝင်သော ၂၀၂၅ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများကို သင်တန်းသား၊ သင်တန်းသူ ၂၈၁၀ ဖြင့် မတ်လ ၂၅ ရက်မှ ဧပြီလ ၈ ရက်အထိ ဖွင့်လှစ်၍လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



## အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)ကို ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၂၅

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် မတ်လ ၂၃ ရက် နံနက်ပိုင်းက အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် အရာထမ်းများ၊ တည်ဆောက်ရေးစီမံကိန်းနှင့် ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ဒုတိယဝန်ကြီးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်ခဲ့သည့် စက်ရုံတည်ဆောက်ရေးလုပ်ငန်းများအား Third Party ဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ အထွေထွေပိုလျှံရန်ပုံငွေ(GRF) မှ တောင်းခံသုံးစွဲခဲ့သည့် လုပ်ငန်းများအား အမြန်ပြီးစီးအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရမည့်တည်ဆောက်ရေးလုပ်ငန်းများကိုလည်း အချိန်မီပြီးစီးရေးစီမံချက်များ ရေးဆွဲရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များသတ်မှတ်၍ ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လေသန့်စင်အလုပ်ရုံ (Air Separation Unit) စမ်းသပ်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းအချိန်ဇယားများရေးဆွဲ၍ လုပ်ငန်းစဉ်အသေးစိတ်ကို စနစ်တကျရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းနယ်ပယ်၊ စီမံကိန်းအရည်အသွေး၊ ခန့်မှန်းခြေအသုံးစရိတ်တို့ကို ကြိုတင်ပြုစုရေးဆွဲထားရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို စနစ်တကျဖြင့် မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရှုထောင့်ပေါင်းစုံမှဆင်ခြင်သုံးသပ်ပြီး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် စက်ရုံမှူးက နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ ခရီးစဉ်လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တည်ဆောက်ရေးစီမံကိန်းအင်ဂျင်နီယာက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်းရှိလေသန့်စင်အလုပ်ရုံ (Air Separation Unit) နှင့် Romelt Shop တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

**(၂၅-၃-၂၀၂၅)ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ (၅,၆၁၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

★ စာမျက်နှာ ၁၇ မှအဆက်

**ရပ်ကွက်အလိုက် တာဝန်ရှိသူများအားလုံး၏ ဆောင်ရွက်ချက်များကို အလေးထားအသိအမှတ်ပြုကျေးဇူးတင်ရှိသည်ကို ပြောကြားလို**ကြောင်း။

> ❖ **အရည်အသွေးကောင်းမွန်သည့် ကုန်ချောများကို တင်ပို့ခြင်းဖြင့် ဈေးနှုန်းများလည်း ပိုမိုရရှိနိုင်မည်ဖြစ်၊ ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလာပြီး စားရေးလိုအပ်ချက်သည် နေ့စဉ်ဖြစ်ပေါ်လျက်ရှိ၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အဓိကထားပြီး ရပ်တည်နိုင်သည့်နိုင်ငံတစ်ခုဖြစ်နိုင်သည်ဖြစ်သည့်အတွက် စနစ်တကျသုံးသပ်ရှုမြင်ဆောင်ရွက်သွားကြရန်လို . . .**
>
> ❖ **မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသားများတွင် တာဝန်ရှိ၊ မြန်မာ့တန်ဖိုးမြှင့်တင်ရန်အတွက် မြန်မာပြည်တွင်းနေထိုင်ကြသည့်သူများအားလုံးတွင် တာဝန်ရှိ၊ မြန်မာများအားလုံးစည်းလုံးကြရန် မြန်မာ့တန်ဖိုးမြှင့်တင်ကြရန်လို . . .**

### ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်တွင်းထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်၍ စီးပွားရေးအားပေးမြှင့်တင်ရမည်

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်မည့် အရင်းအမြစ်ကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်သော်လည်း အောင်မြင်အောင်လုပ်ဆောင်နိုင်ရန်အားနည်းလျက်ရှိကြောင်း၊ ဒေသတွင်း၌ ဈေးကွက်လိုအပ်ချက်ရှိသည့် ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာအခြေခံကုန်ကြမ်းများကို အသုံးပြု၍ အဆင့်မြင့်ကုန်ချောထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် မိမိတို့နိုင်ငံပတ်ဝန်းကျင်တွင် တရုတ်နိုင်ငံအနေဖြင့် လူဦးရေ(၁ ဒသမ ၄၂) ဘီလီယံကျော်၊ အိန္ဒိယနိုင်ငံအနေဖြင့် လူဦးရေ(၁ ဒသမ ၄၆) ဘီလီယံကျော် အာဆီယံနိုင်ငံများလူဦးရေ(၆၈၇) မီလီယံကျော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လူဦးရေ (၁၇၃) မီလီယံကျော်ရှိပြီး ကမ္ဘာ့လူဦးရေထက်ဝက်နီးပါး နေထိုင်ကြကြောင်း၊ အားလုံးဖိနပ်စီးကြကြောင်း၊ ဖိနပ်အတွက် ရော်ဘာ၊ သားရေလိုအပ်ချက်မည်မျှကြီးသည်ကို တွက်ကြည့်နိုင်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် မော်တော်ကားမျိုးစုံ ၁ သန်းခန့်၊ မော်တော်ဆိုင်ကယ်မျိုးစုံ ၅ သန်းခန့်ရှိပြီး အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် မြောက်မြားစွာရှိကြောင်း၊ ယင်းတို့အတွက် တာယာနှင့် ကျွတ်များစွာလိုအပ်မည်ဖြစ်၍ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ကြောင်း။

အဝတ်အထည်နှင့် ချည်မျှင်နှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် ဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်သည့် ချည်မျှင်နှင့်အထည်အလိပ်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဝါကို အခြေခံသည့် စက်မှုလုပ်ငန်းကိုသွားနိုင်ရေးကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ရရှိသည့်သားရေများဖြင့်လည်း တန်ဖိုးမြင့်အဝတ်အထည်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရေထွက်သယံဇာတပစ္စည်းများနှင့်ပတ်သက်၍လည်း ဈေးကွက်လိုအပ်ချက်ကြီးမားစွာရှိနေသည့်အတွက် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း၊ အခြားစိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုလည်း ပြည်တွင်းစားသုံးမှုဖူလုံအောင် ဒေသအလိုက်ဈေးကွက်လိုအပ်ချက်များကို စနစ်တကျတွက်ချက်မွေးမြူဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်များအလိုက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးသီးနှံများအထွက်နှုန်းပန်းတိုင်ရည်မှန်းချက်ပြည့်မီခြင်းနှင့် သီးထပ်စွမ်းအားပြည့်မီခြင်းမရှိသည့်အတွက်လည်း နိုင်ငံတော်အနေဖြင့် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်လျက်ရှိပြီး ဝင်ငွေထိခိုက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရေးအတွက်ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်း၌ပင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီ၍ မည်မျှထိခိုက်မှုရှိသည်ကို တွက်ချက်ကြည့်ကြောင်း၊ စပါး၊ ပဲ၊ ပြောင်း စသည့်သီးနှံ ၁၀ မျိုးအား ယခုစိုက်ဧကနှင့်ပင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီသဖြင့် နိုင်ငံမှဝင်ငွေလျော့နည်းရရှိမှု အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ရှိကြောင်း၊ သီးထပ်စိုက်ပျိုးမှုမရှိ၍ ဆုံးရှုံးမှုများပါထည့်တွက်ပါက ၁၉ ဘီလီယံခန့်ရှိကြောင်း။

ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများနှင့်ပတ်သက်၍လည်း ထိုသို့လုပ်ဆောင်မှုများကြောင့် ပြည်တွင်း၌ အလုပ်သမားရှားပါးမှုများဖြစ်ပေါ်လျက်ရှိသဖြင့်ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့်ပြည်တွင်း၌ လုပ်ကိုင်နိုင်မည့်လုပ်ငန်းခွင်များတွင် လုပ်ကိုင်မည်ဆိုပါကလည်း ကြီးပွားတိုးတက်နိုင်မည့်အခွင့်အလမ်းများရှိပြီးဖြစ်သဖြင့် ပြည်ပသို့သွားရောက်လုပ်ကိုင်မည့်အစား ပြည်တွင်း၌သာအလုပ်လုပ်ကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးအတွက်လည်း ၎င်းတို့ကို နည်းပညာများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ စက်မှုနည်းပညာများ စသည်တို့ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ကုန်ကြမ်းလိုအပ်မှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ဆန်၊ ပဲ၊ ပြောင်း စသည့်သီးနှံများကို ပြည်ပသို့ ကုန်ကြမ်းအတိုင်းတင်ပို့ကြကြောင်း၊ ပြောင်းကုန်ကြမ်းများကို တိရစ္ဆာန်အစာ၊ ပြောင်းကော်မှုန့် စသည်ကဲ့သို့သော တန်ဖိုးမြင့်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲတင်ပို့နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဆန်နှင့်ပဲကိုလည်း တန်ဖိုးမြှင့်ပို့ကုန်အဖြစ် ပြောင်းလဲတင်ပို့နိုင်ရန်လိုကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ကုန်ချောများကို တင်ပို့ခြင်းဖြင့် ဈေးနှုန်းများလည်း ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလာပြီးစားရေးလိုအပ်ချက်သည် နေ့စဉ်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်စိုက်ပျိုးရေးကို အဓိကထားပြီး ရပ်တည်နိုင်သည့်နိုင်ငံတစ်ခုဖြစ်နိုင်သည်ဖြစ်သည့်အတွက် စနစ်တကျသုံးသပ်ရှုမြင်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

### ကောင်စီအဖွဲ့ဝင်များက အသီးသီးဆွေးနွေးတင်ပြ

ကောင်စီဝင်များနှင့် ကောင်စီတွဲဖက်အတွင်းရေးမှူးက မိမိတို့အစိုးရအဖွဲ့ကျင်းပပေးမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဆောင်ရွက်နိုင်ရေး၊ တည်ရှိပြီးနိုင်ငံရေးပါတီများ ပြန်လည်မှတ်ပုံတင်ခြင်းနှင့် နိုင်ငံရေးပါတီအသစ်လျှောက်ထားခြင်းတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ အချိန်ပေးခြင်း၊ ပညာပေးခြင်း၊ အသိပေးခြင်း စသည့်လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ပြီးဖြစ်သဖြင့် ဥပဒေအထက်၌ မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းမှမရှိသင့်သဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်နိုင်ရေး၊ ယခုကျင်းပမည့်ရွေးကောက်ပွဲကို မည်သည့်စနစ်ဖြင့်ကျင်းပမည်၊ မဲပေးရမည့်နည်းလမ်းများနှင့်မဲပေးနိုင်ခွင့်ရှိသူများအား ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ထုတ်ပြန်နိုင်ရေး၊ ကယားပြည်နယ်အတွင်း လက်နက်အားကိုးဖြင့် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသူများကို ပြတ်ပြတ်သားသားချေမှုန်းပေးရေးနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားသည့် ပြည်သူများ၏အိုးအိမ်များပြန်လည်ဆောက်လုပ်ရန်အခက်အခဲများရှိသဖြင့် တန်ဖိုးနည်းအိမ်ရာများ ပြန်လည်တည်ဆောက်ပေးရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား စည်းကမ်းလိုက်နာမှုမြင့်မားစေရေး၊ ချင်းပြည်နယ်ရှိ ဒေသခံပြည်သူများလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း ဝဥ တိုးချဲ့စိုက်ပျိုးပေးရေးနှင့် ဝဥကိုအခြေခံသည့် ကုန်ချောပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံတည်ဆောက်နိုင်ရေး၊ ကြိုတင်ဆန္ဒမဲနှင့်ပတ်သက်၍ ယခင်ရွေးကောက်ပွဲများတွင် ပြဿနာများစွာရှိခဲ့သဖြင့် ကြိုတင်မဲပေးနိုင်မည့်သတ်မှတ်အရည်အချင်းများအတိုင်းသာ တိကျစွာဆောင်ရွက်၍ သတ်မှတ်နေရာ၊ သတ်မှတ်အချိန်တို့ဖြင့် စည်းစနစ်ကျစွာဆောင်ရွက်ရေး၊ ယခုနှစ်အတွင်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ခဲ့သော မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို နိုင်ငံတော်အဆင့်ကျင်းပရေး၊ အလားတူဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင်ရောက်နိုင်ရေးကြိုးပမ်းဆောင်ရွက်နေသည့် မြန်မာ့သနပ်ခါးနှင့်ပတ်သက်၍လည်း လှူ့ဆော်မှုများ နိုင်ငံတော်အဆင့်ဆောင်ရွက်ရေးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မဲဆန္ဒရှင်စာရင်းများမှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင်စိစစ်ဆောင်ရွက်ရန်လိုအပ်မှု၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်ပါတီများအနေဖြင့်လည်း ဥပဒေနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု၊ ပါတီများမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ဥပဒေအထက်တွင် မည်သူမျှမရှိ၍ ဥပဒေအတိုင်းသာဆောင်ရွက်သင့်မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတိုးတက်ကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်သူ့စစ်မှုထမ်းခေါ်ယူမှုများကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့် မဲများသူအနိုင်ရသည့်စနစ် (First Past The Post) FPTP စနစ်အပြင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့တွင် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေးလျာထားကြောင်း၊ အားလုံးသဘောတူညီဆုံးဖြတ်ပြီးက တစ်နိုင်ငံလုံးကိုအသိပေးမှုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်နိုင်ရေးအချိန်ကာလအားဖြင့် ၉ လခန့်ကျန်ရှိပြီး ကြိုတင်ပြင်ဆင်ချိန်ပေးသွားမည်ဖြစ်ကြောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲကိုမထိခိုက်သည့်စနစ်ဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရန်လိုကြောင်း၊ ပါတီများ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံရေးမှတ်ပုံတင်ခွင့်များကို အချိန်လုံလုံလောက်လောက်ပေး၍ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

မြန်မာလူမျိုးများ၏ စိတ်ဓာတ်မြှင့်တင်ရေးအတွက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် အဆိုပါဒေသတွင် နေထိုင်သူများတွင်သာတာဝန်ရှိကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်မြန်မာနိုင်ငံသားများတွင်တာဝန်ရှိကြောင်း၊ မြန်မာ့တန်ဖိုးမြှင့်တင်ရန်အတွက် မြန်မာပြည်တွင်နေထိုင်ကြသည့်သူများအားလုံးတွင်တာဝန်ရှိကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်သည့်ကာလအတွင်း လုံခြုံရေးကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာများအားလုံးစည်းလုံးကြရန် မြန်မာ့တန်ဖိုးမြှင့်တင်ကြရန် လိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(၁၀၀)**

---

## နှစ် (၈၀) ပြည့် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အသေးစားစက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၅

နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားစက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲကို မတ်လ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းပြပွဲတွင် စားသောက်ကုန် ၄၁ ခန်း၊ လူသုံးကုန် ၁၆ ခန်း၊ လက်မှုထည် ၁၁ ခန်း၊ အဝတ်အထည် ရှစ်ခန်း၊ အိမ်သုံးကုန်နှစ်ခန်းနှင့် ပြခန်းပေါင်း ၇၈ ခန်းဖြင့် မတ်လ ၂၅ ရက်မှ ၂၇ ရက်အထိ အသေးစားထုတ်ကုန်များကို တစ်နေရာတည်း၌ ဈေးနှုန်းချိုသာစွာ ပြသရောင်းချလျက်ရှိကြောင်း သိရသည်။

**လင်းခန့်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**❖ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ၊ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံအရ ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ နိုင်ငံတကာတွင် ရွေးကောက်ပွဲကျင်းပမှုများကိုလေ့လာ၍ ငွေကြေးကုန်ကျမှုများသော်လည်း မိမိတို့နိုင်ငံနှင့်ကိုက်ညီပြီး မဲမသမာမှုပြုလုပ်ရန် မလွယ်ကူသည့်စနစ်ဖြစ်သော Electronic Voting Machine စနစ်ဖြင့် ဆန္ဒမဲပေးရန် ကြိုတင်ပြင်ဆင်လျက်ရှိ . . .**

**❖ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့်မဲများသူ အနိုင်ရသည့်စနစ် (First Past The Post)FPTP စနစ်အပြင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့တွင် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေးလျာထား၊ အားလုံး သဘောတူညီဆုံးဖြစ်ပြီးက တစ်နိုင်ငံလုံးကို အသိပေးမှုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက် သွားမည်၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ် နိုင်ရေး အချိန်ကာလအားဖြင့် ၉ လခန့်ကျန်ရှိပြီး ကြိုတင်ပြင်ဆင်ချိန်ပေးသွားမည် . . .**

✯ ရှေ့ဖုံးမှအဆက်

တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်၍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် မတ်လ ပထမအပတ်အတွင်းသွားရောက်ခဲ့ကြောင်း၊ ထိုသို့သွားရောက်စဉ်အတွင်း ဘယ်လာရုစ်သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို၏ ဖိတ်ကြားချက်အရလည်း နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဘယ်လာရုစ်သမ္မတနိုင်ငံသို့တစ်ပါတည်း သွားရောက်ခဲ့ကြောင်း။

ခရီးစဉ်အတွင်း ရုရှားသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုနှင့်သီးခြားတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူမြန်မာနိုင်ငံ၏ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်အောင်ဆောင်ရွက်လိုသည့်စိတ်ရှိသည်ကိုတွေ့မြင်သိရှိခဲ့ရကြောင်း၊ အလားတူ လွှတ်တော်များမှ တာဝန်ရှိသူများနှင့်လည်းတွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံ လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံလွှတ်တော်များသို့ မြန်မာနိုင်ငံမှ လေ့လာရေးအဖွဲ့များစေလွှတ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ စိန့်ပီတာစဘတ်နှင့်နိုဗိုစီဗစ်မြို့တို့ကိုလည်းရောက်ရှိခဲ့ပြီး ဒေသအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ခရီးသွားကဏ္ဍတိုးတက်ရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတိုးတက်ရေးကဏ္ဍများကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အာကာသသိပ္ပံဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်စဉ်ကာလအတွင်း သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာများ၊ ဆေးနှင့်ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာများ၊ ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သဘောတူညီချက်များရရှိခဲ့ကြောင်း၊ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးစဉ်သည် အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်း။

**ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု**

လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူချိန် ၂ နှစ်တာကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် စဉ်းစားဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ အလွန်ကာလဖြစ်ခြင်းနှင့် ရွေးကောက်ပွဲကျင်းပရန် တည်ငြိမ်မှုလိုအပ်နေသည့်အချိန်ဖြစ်ခြင်းကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိကြောင်း၊ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာရရှိရေးအတွက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအားဆောင်ရွက်ခဲ့ပြီး ရာနှုန်းပြည့်ကောက်ယူရရှိသည့် မြို့နယ်များရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူရန်ကျန်ရှိသည့် မြို့နယ်များလည်းရှိနေသေးကြောင်း၊ ကောက်ယူရရှိသည့်စာရင်းများအပေါ်မူတည်၍ ဆန္ဒမဲပေးနိုင်သည့် အသက် ၁၈ နှစ်နှင့်အထက်လူဦးရေစာရင်းကို ကောက်ယူရရှိထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲအား ယခုနှစ်ဒီဇင်ဘာလတတိယပတ်နှင့် စတုတ္ထပတ်၊ ဇန်နဝါရီလပထမပတ်နှင့် ဒုတိယပတ်တို့အတွင်း ကျင်းပပြုလုပ်ရန်လျာထားကြောင်း၊ ယခင်ရွေးကောက်ပွဲများတွင် မဲလက်မှတ်များကို အသုံးပြု၍ကောက်ယူခဲ့ပြီး ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲလက်မှတ်များ အသုံးပြု၍ ရွေးကောက်ပွဲဥပဒေနှင့်မညီညွတ်သော ကြိုတင်မဲပေးမှုများ၊ မဲလက်မှတ်ရိုက်နှိပ်မှုများ၊ ဥပဒေနှင့်မညီသော အမိန့်နှင့်ညွှန်ကြားချက်များ၊ ပြင်ဆင်မှုများကိုပြုလုပ်ခဲ့ခြင်းကြောင့် မဲမသမာမှုများနှင့် မဲစာရင်းများမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ အဆိုပါတွေ့ကြုံခဲ့ရသည့်အတွေ့အကြုံအရ ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ နိုင်ငံတကာတွင် ရွေးကောက်ပွဲကျင်းပမှုများကိုလေ့လာ၍ ငွေကြေးကုန်ကျမှုများသော်လည်း မိမိတို့နိုင်ငံနှင့်ကိုက်ညီပြီး မဲမသမာမှုပြုလုပ်ရန် မလွယ်ကူသည့် စနစ်ဖြစ်သော Electronic Voting Machine စနစ်ဖြင့် ဆန္ဒမဲပေးရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း၊ မိမိတို့ကျင်းပသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေ၌ ရွေးကောက်ပွဲအား ဖြစ်နိုင်သရွေ့ တစ်နေ့တည်းကျင်းပရန်၊ အများပြည်သူရုံးပိတ်ရက်တွင်ပြုလုပ်ရန်၊ ကြိုတင်ကြေညာရန်ပြဋ္ဌာန်းပါရှိကြောင်း၊ ထို့ကြောင့်ရွေးကောက်ပွဲပြုလုပ်ရန်အတွက် ရက်အကန့်အသတ်ပြုလုပ်ထားခြင်းမရှိဟု ပြောရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသမိုင်း၌ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ရွေးကောက်ပွဲအား တစ်ကြိမ်တည်းကျင်းပခဲ့ခြင်းမဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲအထမြောက်သည့်အဆင့်ကို ဦးစားပေးပြီးမြောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်များကျင်းပရာတွင် အစည်းအဝေးအထမြောက်ခြင်းနှင့်ပတ်သက်၍ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များနှင့်ပတ်သက်၍လည်း အလားတူပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသည် ဝန်ကြီးချုပ်များကို ရွေးချယ်ခန့်အပ်ရခြင်းဖြစ်သဖြင့် အရေးကြီးကြောင်း။

သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် Electronic Voting Machine များဖြင့် ဆောင်ရွက်ခြင်းဖြစ်သဖြင့် အချိန်တိုအတွင်း ဆန္ဒမဲပေးနိုင်ခြင်းနှင့် မဲရလဒ်ရရှိခြင်းများရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တစ်ရက်နှစ်ရက်အတွင်း မဲစာရင်း

**❖ ၂၀၂၅ အလွန်တွင် နိုင်ငံရေးနှင့်ပတ်သက်လာပါက မိမိတို့အတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှုများဖြစ်ပေါ်လာနိုင်မည်ဖြစ်၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် မည်ကဲ့သို့ထိန်းကျောင်းဆောင်ရွက်သွားရမည်ကို စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်၊ ပထဝီအနေအထားအရလည်း မိမိတို့နိုင်ငံအနေဖြင့် သဘောသဘာဝမတူညီသည့် အင်အားကြီးနိုင်ငံကြီးနှစ်ခုအကြားတွင် နယ်နိမိတ်ထိစပ်တည်ရှိနေပြီး ပထဝီအနေအထားအရ စိန်ခေါ်မှုတစ်ရပ်ကိုရင်ဆိုင်နေရခြင်းပင်ဖြစ်၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ ပထဝီအနေအထားအရ စိန်ခေါ်မှုများစွာရှိနေသည်ကိုသိရှိနေရမည်ဖြစ် . . .**

**❖ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကိုတွေ့ရှိရ၊ ထို့ကြောင့် မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကိုအားပေးခြင်း၊ စာဖတ်ဝိုင်းများစီစဉ်ပေးခြင်း စသည့်ကျောင်းပြင်ပပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ် . . .**

အား အတည်ပြုဆောင်ရွက်နိုင်ကြောင်း၊ တစ်လအတွင်း ရွေးကောက်ပွဲပြုလုပ်၍ရသည့် မြို့နယ်များတွင် ရွေးကောက်ပွဲပြီးမြောက်နိုင်မည်ဖြစ်ကြောင်း၊ ကြိုတင်မဲကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတကာမှ ဆောင်ရွက်နေမှုများကိုလေ့လာဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နိုင်ငံများတွင် ကြိုတင်မဲပေးခြင်းများကို ခွင့်မပြုထားကြောင်း၊ Electronic Voting Machine ဖြင့် ဆန္ဒမဲပေးခြင်းဖြစ်သဖြင့် ကိုယ်တိုင်မဲပေးရန်လိုအပ်ကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်ပသို့တရားဝင်သွားရောက်လျက်ရှိသည့် ပြည်သူများ၏ ဆန္ဒမဲပေးနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ကြိုတင်မဲပေးခွင့်နှင့်ပတ်သက်၍ အားလုံးဝိုင်းဝန်းစဉ်းစားဆွေးနွေးကြစေလိုကြောင်း၊ မည်သို့ပင်ဖြစ်စေ လာမည့်နှစ် ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးရန်လိုကြောင်း။

နိုင်ငံရေးပါတီများနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲဝင်ရောက်နိုင်ရန် ဥပဒေနှင့်အညီ ခွင့်ပြုပေးထားကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် စည်းကမ်းသတ်မှတ်ချက်များ ကျော်လွန်သွားသဖြင့် ပယ်ဖျက်ခဲ့ရသည့်ပါတီများကိစ္စကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အာဏာကို ဥပဒေအရ ခေတ္တထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်ကို ဥပဒေကိုနားလည်သူများကလက်ခံကြပြီး နားမလည်သူများ၊ အာဃာတ တရားထားသူများက ငြင်းပယ်ခဲ့ကြကြောင်း၊ ရွေးကောက်ပွဲဝင်ရောက်ကြမည့်သူများအနေဖြင့် သိရမည်မှာ လွှတ်တော်ဟူသည် ဥပဒေပြုရေးကိုဦးစားပေးခြင်းပင်ဖြစ်ကြောင်း၊ ဥပဒေပြုရေးအာဏာအနေဖြင့် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ဥပဒေပြဋ္ဌာန်း၍ တစ်ခုနှင့်တစ်ခု အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် ပါတီနိုင်ငံရေးဆောင်ရွက်မည့်သူများအနေဖြင့် ဥပဒေကိုသိရှိရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် ယင်းအချက်ကို အလေးထားစဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## ၂၀၂၅ အလွန်ဖြစ်ပေါ်လာနိုင်မည့် အလားအလာများနှင့် နိုင်ငံတော်၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် သင်ခန်းစာယူဆောင်ရွက်နိုင်ရန်

၂၀၂၅ အလွန်ဖြစ်ပေါ်လာနိုင်မည့် အလားအလာများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇ ခုနှစ်) ကို ကျင့်သုံးခဲ့ကြောင်း၊ ယင်းဥပဒေကို ရေးဆွဲချိန်၌ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မှီငြမ်း၍ လေ့လာရေးဆွဲခဲ့ခြင်းဖြစ်ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကို သွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်သည် ဒုတိယကမ္ဘာစစ်အလွန်ကာလဖြစ်ပြီး ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့ အားပြိုင်ခဲ့မှုများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ဆိုရှယ်လစ်စနစ်ကို လက်ခံသည့်အုပ်စု၊ လစ်ဘရယ်အယူဝါဒပိုင်းကို လက်ခံသည့်အုပ်စုနှင့် ဒီမိုကရေစီကိုသွားမည့်အုပ်စုဟူ၍ သုံးဖွဲ့ပြန်ကွဲသွားခဲ့ကြောင်း၊ သမိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် သင်ခန်းစာများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးနှင့်ပတ်သက်ပါက မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဒီမိုကရေစီစနစ်ကို အမှန်တကယ် လျှောက်လှမ်းမည်ဆိုပါက နိုင်ငံရေးအကြောင်းကို သိရှိနားလည်သူများဖြစ်ရန် လိုအပ်ပြီး အသိပညာ၊ အတတ်ပညာပေါကြွယ်ဝရန် လိုအပ်မည်ဖြစ်ကြောင်း။

၂၀၂၅ အလွန်တွင် နိုင်ငံရေးနှင့်ပတ်သက်လာပါက မိမိတို့အတွက် အလွန်ကြီးမားသည့်စိန်ခေါ်မှုများဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် မည်ကဲ့သို့ထိန်းကျောင်းဆောင်ရွက်သွားရမည်ကို စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပထဝီအနေအထားအရလည်း မိမိတို့နိုင်ငံအနေဖြင့် သဘောသဘာဝမတူညီသည့် အင်အားကြီးနိုင်ငံကြီးနှစ်ခုအကြားတွင် နယ်နိမိတ်ထိစပ်တည်ရှိနေပြီး ပထဝီအနေအထားအရ စိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်နေရခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ ပထဝီအနေအထားအရ စိန်ခေါ်မှုများစွာရှိနေသည်ကိုသိရှိနေရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှင်းလင်းပြောကြားစဉ်။

## ပညာရေးနှင့်ပတ်သက်၍ မဖြစ်မနေပြုပြင်ပြောင်းလဲရမည်

ယင်းအနေအထားတွင် မိမိတို့အနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာပေါကြွယ်ဝရေးကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁ သန်းခန့်ရှိပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြနေသူများဖြစ်ကာ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေသူများဖြစ်ကြောင်း၊ စာတတ်မြောက်ခြင်းနှင့် ပညာတတ်မြောက်ခြင်း ရာခိုင်နှုန်းကိုခွဲကြည့်မည်ဆိုပါက စာတတ်မြောက်မှုသည် ၉၀ ရာခိုင်နှုန်းနီးပါးခန့်ရှိပြီး အတတ်ပညာ၊ အတန်းပညာတတ်မြောက်မှုသည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းထက်နည်းပါးသည်ကိုတွေ့ရကြောင်း၊ ပညာရေးအရ အတတ်ပညာအရ အားနည်းသူများဖြင့် နိုင်ငံတော်ကို တည်ဆောက်မည်ဆိုပါက စိန်ခေါ်မှုများစွာကို ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဖြစ်ပြီး ကျောင်းတက်ရောက်၍ ကြီးပြင်းခဲ့သူများနှင့် တက်ရောက်ခြင်းမရှိဘဲ ကြီးပြင်းခဲ့သူများသည် စိတ်ဓာတ်၊ စည်းကမ်းပိုင်းဆိုင်ရာများ၊ လူမှုပေါင်းသင်းဆက်ဆံမှုများတွင် ကွာခြားသွားနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကိုအားပေးခြင်း၊ စာဖတ်ဝိုင်းများစီစဉ်ပေးခြင်း စသည့် ကျောင်းပြင်ပပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်ချက်ရာခိုင်နှုန်းကိုကြည့်ပါကပျမ်းမျှ ၃၅ ရာခိုင်နှုန်းခန့်သာ အောင်မြင်သူရှိပြီး ၆၅ ရာခိုင်နှုန်းခန့်သည်အောင်မြင်မှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ ၎င်းတို့အတွက်လည်း မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို စဉ်းစားပေးရန်လိုကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံတွင်လိုအပ်သည့်လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီး Polytechnic University များကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဖွင့်လှစ်ပေးခြင်း၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများဖွင့်လှစ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် လာမည့်နှစ်အတွင်း အခြေခံပညာအထက်တန်းအထိ ပညာသင်ကြားခဲ့သော်လည်း အခြေခံပညာအထက်တန်းစာမေးပွဲ အောင်မြင်မှုမရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် Polytechnic Institute များဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေကြောင်း၊ ပထမဆုံးအနေဖြင့် နေပြည်တော်၌ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း တက္ကသိုလ်ဝင်တန်းအောင်မြင်မှုမရှိသေးသူများ တက်ရောက်နိုင်မည့် Polytechnic Institute တစ်နှစ်သင်တန်းမှစ၍ နှစ်အလိုက်သင်တန်းများဖွင့်လှစ်ပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ သင်ကြားပေးမည့် ဆရာ၊ ဆရာမများခန့်အပ်ရေး သင်ထောက်ကူပစ္စည်းများဖြည့်တင်းရေးကိုလည်း ပြင်ဆင်ဆောင်ရွက်နေကြောင်း။

ထို့နောက် ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် **“ဒါကတော့ ပညာရေးနဲ့ဆက်စပ်ပြီးတော့ လူသားအရင်းအမြစ်နဲ့ပတ်သက်ပြီးတော့ နိုင်ငံရဲ့ ၂၀၂၅ အလွန်မှာဖြစ်လာနိုင်မယ့်အခြေအနေကို ရှင်းပြခြင်းပဲဖြစ်ပါတယ်။ ဒါက ပညာရေးအပိုင်းပေါ့။ မဖြစ်မနေကို ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ဖို့လိုပါတယ်။ ကျွန်တော်တို့ ပညာရေးအားနည်းတာလည်း မှန်ပါတယ်။ ပညာရေးအားနည်းတဲ့အတွက်ကြောင့် အစစအရာရာ ထိခိုက်စေတာကိုလည်း ငြင်းလို့မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့က ပညာရေးနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုရှိဖို့လိုပါတယ်။ ပြုပြင်ဖို့လိုပါတယ်။ ဒါကြောင့် မိဘပြည်သူများအနေနဲ့လည်း ပညာရေးကို အားပေးကြဖို့၊ ပညာရေး၊ သင်ကြားရေးနဲ့ပတ်သက်လာရင် အနှောင့်အယှက်မပေးကြဖို့၊ ကလေးတွေကို ပညာရေးလမ်းကြောင်းပေါ်မှာ တင်ပြီးတော့မှ နိုင်ငံရဲ့တည်ဆောက်ရေး၊ ကျွန်တော်တို့ သွားနေတဲ့ မျှော်မှန်းချက်တွေကိုအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့အတွက် လူသားအရင်းအမြစ်တွေအနေနဲ့ ကိုယ့်ကလေးတွေပါအောင်လို့ လုပ်ပေးကြဖို့ လိုတယ်ဆိုတာလေး ကျွန်တော်ပြောချင်ပါတယ်”။**

ဆက်လက်ပြောကြားရာတွင် **၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ၂ သိန်း ၂ သောင်းကျော်ရှိခဲ့ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှ ယခုနှစ်အထိ အများဆုံးဖြေဆိုသည့်နှစ်ဖြစ်**ကြောင်း၊ **နောင်နှစ်များတွင် ဖြေဆိုမှုနှုန်းမြင့်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ **ပညာရေး၏အရေးကြီးမှုကို မိမိမကြာခဏပြောကြားခဲ့ပြီး ပညာရည်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိ**ကြောင်း၊ **တက္ကသိုလ်ဝင်စာမေးပွဲကို ယခုကဲ့သို့ အနှောင့်အယှက်ကင်းကင်း အောင်အောင်မြင်မြင်ပြုလုပ်နိုင်ခဲ့မှုအတွက် ပညာရေးဝန်ကြီးဌာနအပါအဝင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ နယ်မြေဒေသ၊ ကျေးရွာ၊**

စာမျက်နှာ ၁၅ သို့ ☆

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses SAC meeting



Senior General Min Aung Hlaing delivers an address at the meeting.

NAY PYI TAW March 25

The State Administration Council held a meeting at the State Administration Council Chairman's Office here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, SAC Joint Secretary General Ye Win Oo, SAC members, and officials.

**Promotion of cooperation during goodwill visits to Russian Federation and Republic of Belarus**

In his address, the Senior General said at the invitation of President of Russian Federation Vladimir Putin, the Senior General paid a State Visit to the country in the first week of March. During the visit, he also paid a State Visit to the Republic of Belarus at the invitation of its President Alexander Lukashenko.

During the visit, the Senior General met President Mr. Putin at the meeting between two countries and separate meeting, and was able to promote bilateral cooperation between the two countries including economic and defence sectors. Talks also covered matters relating to Myanmar's internal peace, election and efforts to adopt multi-party democracy. The signing of bilateral agreements on economy and investment has proved Russia's willingness for enhancing cooperation with Myanmar. During the meetings with officials of parliaments, discussions were centred on cooperation between the parliaments of the two countries and sending of Myanmar study teams to Russian parliaments. During visits to St. Petersburg and Novosibirsk, the delegation led by the Senior General held talks with the governors on economic cooperation, tourism promotion, and development of cooperation in science and technology, and ongoing efforts to enhance cooperation in space science and technology.

During visit to Belarus, the Senior General held meetings with President Alexander Lukashenko and reached agreements on enhancing cooperation in science and technology, agriculture-based industries, pharmaceutical industries, education sector, dairy production and other sectors. Hence, State Visits to Russia and Belarus were successful.

**Preparations for holding an election**

The government is making preparations to hold a free and fair multi-party democracy general election. Previously, SAC planned to hold the election within two years during its administration. But holding an election during post-COVID-19 period and during the time the nation needed stability was totally impossible. The 2024 population and housing census for obtaining a correct voter list could be enumerated fully in certain townships, but enumeration campaigns could not be carried out in some other townships due to various reasons. The number of eligible U18 voters has been recorded based on enumerated lists. Thus, a provisional date for the election is set on the third week and fourth week of December this year or first week and second week of January. The counting process was based on ballots in the past elections. It is common knowledge that advanced voting, vote printing, issuance of orders and directives and amendments that were against the election law occurred during the previous election and those acts had led to vote rigging and inaccuracies in voter lists. Based on the experiences on those incidents, the government is preparing to apply the Electronic Voting Machine system after studying the elections in other countries. Although the cost of the system is high it is suitable to Myanmar and can prevent vote rigging. The government must take advanced measures to hold a fraud-free multi-party democracy general election that is truly free and fair. The provisions of election law state that to the most possible degree, the election must be held within a day; that it must be held on a public holiday, and that it must be announced in advance. So, there is no specific time limitation for the election. In Myanmar history, during the parliamentary democracy period, the election could not be held only once due to internal armed conflicts. Priority must be given to the successful holding of the election. The Constitution has the provisions in connection with the success of the Pyidaungsu Hluttaw and Amyotha Hluttaw meetings. The same goes to the region/state hluttaws and they are important as they have to elect their own chief minister.

Since the election will be conducted using Electronic Voting Machines (EVMs) in the respective regions and states, voters will be able to cast their votes and receive results within a short period. It is possible to verify and process voter lists within a day or two, and elections can be successfully completed in eligible townships within a month. Regarding advance voting, international practices are being studied and implemented. Some countries do not allow advance voting. Since voting will be conducted via EVMs, voters must cast their ballots in person. Consideration should also be given to ensuring voting rights for Tatmadaw members and police members on duty, as well as Myanmar citizens legally residing abroad. Discussions and consultations are encouraged regarding the issue of advance voting. Regardless of the circumstances, the election should be successfully held by January of the coming year.

Regarding political parties, it was stated that they are allowed to participate in elections in accordance with the law. The issue of parties that were dissolved due to various reasons, including violations of regulations, was thoroughly considered. It was emphasized that their actions were carried out in line with the 2008 Constitution and that the state's responsibilities were being fulfilled accordingly. It was also mentioned that the state's authority is being temporarily exercised in accordance with the law, which is accepted by those who understand legal principles, while those who do not understand or are driven by bias reject it. Those intending to participate in the elections should recognize that the legi-

See Page - 19 ■■

■■ From Page - 18

slature primarily focuses on lawmaking. The legislative power oversees and balances the executive and judiciary through legal enactments. In particular, those engaged in political party activities must have knowledge of the law, and they should carefully consider and prioritize this aspect in their actions.

**To take lessons from potentials prospects for beyond 2025 and political changes of the State**

Regarding the potential prospects beyond 2025, after gaining independence, our country implemented the 1947 Constitution, which was drafted and approved by the Constituent Assembly in 1947. This constitution was influenced by India's constitutional framework and adopted a parliamentary democratic system. That period was the post-World War II era, characterized by the ideological competition between socialism and capitalism. The country also saw divisions among groups that supported socialism, liberalism, and democracy. These historical events serve as important lessons. Therefore, in terms of politics, we have chosen the multi-party democratic path. If democracy is to be genuinely implemented, it is essential for people to have political awareness, knowledge, and expertise. Beyond 2025, political challenges may become even more significant. It is crucial to consider and implement measures to ensure the stability and resilience of the multi-party democratic system. Geopolitically, the country is situated between two major powers with differing ideologies, creating inherent challenges due to its geographical position. As a result, it is necessary to be aware of and prepared for both political and geopolitical challenges.

**Education must be reformed compulsorily**

In this situation, we must actively work towards enriching the knowledge and skills of our citizens. Myanmar has a population of approximately 51 million, with around 30 percent living in urban areas and about 70 percent residing in rural areas. When examining literacy and educational attainment rates, the literacy rate is close to 90 percent, whereas the rate of technical and academic education attainment is below 50 percent of the total population. If a nation is built with a population that lacks education and technical skills, it will inevitably face many challenges. Individuals who have attended and grown up in the "National Discipline-Based Schools" may develop different attitudes, discipline, and social interaction skills compared to those who have not. Furthermore, in the future, the level of education among the population will have a direct impact on the country's political stability. Therefore, everybody must not neglect those who have had limited access to formal education. Instead, people should promote non-formal education and knowledge-seeking initiatives by establishing community libraries, supporting library operations, and organizing reading circles. These efforts will help strengthen lifelong learning opportunities outside of the classroom. From 2012 to 2024, the average university entrance exam pass rate was approximately 35 percent, meaning around 65 percent of students did not pass. Therefore, it is necessary to consider how to support those who were unsuccessful. In response to the need for skilled human resources in Myanmar, discussions were held with relevant ministries. As a result, Polytechnic Universities were established in Nay Pyi Taw and various states and regions. Additionally, government technical colleges, industrial training centres, and technical high schools were also opened. Furthermore, efforts are being made to establish Polytechnic Institutes for students who have completed upper secondary education but did not pass the final exams. The first Polytechnic Institute will be opened in Nay Pyi Taw, followed by similar institutes in other states and regions. In the coming academic year, one-year and multi-year training programmes will be introduced at Polytechnic Institutes for students who did not pass the university entrance exam. Necessary preparations, such as appointing teachers and providing teaching materials, are currently underway.

Regarding education, the Senior General stated, **"This is about explaining the country's situation after 2025 in terms of education and human resources. The education sector requires urgent reform. It is true that our education system is weak, and its shortcomings affect everything. Therefore, we must make necessary changes. Parents should encourage education, refrain from interfering, and guide their children on the path of learning. By doing so, they can contribute to national development and help achieve the aspirations we are striving for, including their children's future as human resources."**

He noted that **over 220,000 students took the university entrance exam for the 2024-2025 academic year, marking the highest number since the 2021-2022 academic year. He stated that he will continue efforts to increase exam participation in the coming years and emphasized that he has frequently spoken about the importance of education while working to improve academic performance. He expressed his appreciation and gratitude to all administrative officials, security personnel, teachers, students, and local, village, and ward authorities, including the Ministry of Education, for their efforts in successfully conducting the university entrance examination without any disruptions.**

**Enhancing Domestic Production to Meet Market Demand and Strengthen the Economy**

Regarding the economy, the country has abundant resources that can support economic development, but there has been difficulty in achieving success. If rubber and rubber products, which are in demand in the region, can be exported using locally produced rubber-based raw materials and transformed into high-quality finished products, it will bring significant benefits to the country. For example, surrounding the country, China has a population of over 1.42 billion, India has over 1.46 billion, ASEAN countries have more than 687 million, and Bangladesh has a population exceeding 173 million, collectively accounting for nearly half of the world's population. Everyone wears shoes, so it's possible to estimate the amount of rubber and leather required for shoe production. Similarly, there are approximately 1 million various types of automobiles and 5 million motorcycles in the country, with even larger numbers in India, China, and Bangladesh. These vehicles require a significant amount of tires and rubber tubes, which can be produced through both domestic and foreign investment.

Regarding clothing and textiles, as a cotton-producing country, efforts should be made to increase the production of textiles, which are in high demand in the market. Efforts must be made to develop cotton-based industries, and high-value clothing should be produced from leather sourced from livestock farming. Regarding aquatic resources, there is significant market demand, creating a need to increase production and export. Other agricultural and farming products must also be systematically cultivated to meet local market demands and ensure adequate domestic consumption. Efforts must also be made to export agricultural and farming products based on the market needs of neighboring countries. Similarly, the state is incurring losses, and income is being affected due to the failure to meet target yields and the potential of multiple cropping systems. Therefore, opportunities for employment must be created to enable people to work. SAC members must also work to raise awareness widely in their respective regions and states. He stated that he had calculated the damage caused by the failure to realize the goals and objectives in the agricultural sector alone. The target for 10 types of crops, including rice, beans, and corn, has not been met with the current crop acreage, resulting in a loss of over US$-8 billion to the country. When including losses due to the absence of multiple cropping, the total loss is approximately US$-19 billion.

Regarding the issue of working abroad, he stated that the country is facing a shortage of workers due to people going abroad for employment. Therefore, there is a need to create local job opportunities. He also urged people to work locally instead of going abroad, emphasizing that there are opportunities for growth and development within local workplaces, where they can have a secure life. To enable local employment, access to technologies, job opportunities, industrial technologies, and other necessary resources must be provided.

The Senior General emphasized the importance of addressing the need for raw materials, noting that crops such as rice, beans, and corn are currently exported in raw form. By converting raw corn into value-added products like animal feed and corn flour, the country could generate higher income. Similarly, processing rice and beans into high-quality finished products would allow for better export prices. As the global population continues to grow, the demand for food is increasing daily, presenting an opportunity for the country to thrive through agriculture. Therefore, a systematic review and decisive action are necessary to strengthen the agricultural sector.

**Council members engaged in discussions and delivered their respective presentations**

The council members and the Joint Secretary emphasized the need to ensure a free and fair multi-party democratic general election under their government. They called for the re-registration of existing political parties and the registration of new parties in accordance with the law, with adequate time, education, and information provided. Stressing that no person or organization should be above the law, they urged that all processes must strictly follow legal guidelines. Efforts were also encouraged to raise public awareness about the upcoming election system, voting methods, and voter eligibility. Additionally, they highlighted the importance of eliminating armed terrorist activities in Kayah State and rebuilding low-cost housing for those whose homes were damaged by terrorist attacks. To ensure the success of the election, ward and village administrators were urged to maintain high discipline. In Chin State, expanding the cultivation of elephant foot yams and establishing a factory to produce finished products were proposed to support the socio-economic development of local communities. The importance of adhering to specified qualifications for advance voting and conducting it in an orderly manner was also stressed, as issues had arisen in previous elections. Furthermore, holding the Myanmar traditional Thingyan Festival at the national level, Following its inclusion in the World Intangible Cultural Heritage

See Page - 20 ■■

■■ From Page - 19

List, and promoting Myanmar Thanaka for inclusion in the same list were identified as national-level initiatives.

The Vice Chairman of the State Administration Council Deputy Prime Minister emphasized the importance of preparing and verifying accurate voter lists to ensure the credibility of the upcoming election. The SAC Vice Chairman stated that all political parties must compete in accordance with the law and reiterated that no one is above the law, with party registration processes needing to follow legal guidelines. The SAC Vice Chairman also highlighted the SAC's ongoing efforts to improve the country and stressed that the recruitment of civilians for military service must be conducted lawfully.

In his concluding remarks, the Senior General mentioned the possibility of combining the Proportional Representation (PR) system with the First Past The Post (FPTP) system previously used in elections for the National and Regional Hluttaws. The Senior General stated that a comprehensive nationwide awareness campaign would be conducted if there was consensus on implementing this system. With about nine months remaining to prepare for the election, the Senior General emphasized the need for thorough preparations. Advance voting must be conducted in a way that does not affect the overall election process, ensuring that all eligible voters have the opportunity to vote. Additionally, sufficient time has been allocated for political parties to complete their registration.

The meeting was reportedly adjourned with an emphasis on the need to raise the morale of the Myanmar people. It was highlighted that the development of a region is the responsibility of its residents, and similarly, the progress of Myanmar rests in the hands of its citizens. Everyone living in Myanmar shares the duty of enhancing the nation's value. In this context, ensuring security during the election preparation period was stressed as a priority. Unity among all Myanmar people is essential to strengthen and uplift the country. 100


# More than 3,000 acres of maize and sweet corn cultivated in Mawlaik Township

MAWLAIK March 25

According to the Mawlaik District Department of Agriculture, a total of 3,113 acres of maize and sweet corn have been cultivated during the current winter crop season in Mawlaik Township, Sagaing Region.

For the 2024-2025 winter cropping season, the township had planned to cultivate 3,495 acres, comprising 480 acres of maize for seed production and 3,015 acres of sweet corn for consumption. Planting began in October 2024, and as of today, 458 acres of maize for seed and 2,655 acres of sweet corn have been successfully cultivated, totalling 3,113 acres.

Daw Kywe Kywe Hlaing, the Head of the Mawlaik District Agriculture Department, stated: "Our plan is to cultivate 3,495 acres of maize and sweet corn this season. As of today, we have completed planting 3,113 acres. We are actively working to achieve the full target acreage. Moreover, we are conducting awareness programs to help farmers ensure successful crop growth and prevent pest and disease outbreaks."



To support maize and sweet corn farmers, the Township Agriculture Department is providing training, field demonstrations, and preventive measures against common pests such as FAW. The department is also educating farmers on integrated pest management, including the use of insecticides and natural repellents like ginger and chili-based pest control methods.

Maize for seed production yields over 50 baskets per acre, with an estimated cultivation cost of Ks-500,000 per acre. Sweet corn yields approximately 15,000 ears per acre, with an estimated cultivation cost of over Ks-500,000 per acre. SMK

# ChaungU Township cultivates over 3,000 acres of winter seed corn and millets

CHAUNGU March 25

A total of 3,090 acres of seed corn and millets were planted during the winter crops planting season in ChaungU Township, Monywa District, Sagaing Region, according to the Department of Agriculture for ChaungU Township.

During the 2024-2025 winter crops planting season, ChaungU Township has planned to plant 90 acres of seed corn and 3,240 acres of millets, totaling 3,330 acres. So far, 85 acres of seed corn and 3,005 acres of millets, totaling 3,090 acres, have been planted since October 2024.

"We are providing education to help the corn crop grow successfully and prevent the spread of pests and diseases," said Daw Khin Myat Myat Oo, head of the Department of Agriculture for ChaungU Township.

In Chaung U Township, in the cultivation of seed corn and millets, more than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over Ks-500,000.

SMK

# Hainggyikyun Sub-township cultivates over 3,500 acres of winter oilseed crops



HAINGGYIKYUN March 25

"A total of 3,566 acres of oilseed crops have been planted in this winter crops planting season in Hainggyikyun Sub-township, Ngaputaw Township, Ayeyawady Region," said U San Win, head of the Department of Agriculture for Ngaputaw Township.

In Hainggyikyun Sub-township, 3,566 acres of oilseed crops have been planted in this winter crops planting season, starting from the second week of October 2024, and all oilseed crops have been planted in full. Of the 3,566 acres of oilseed crops, there were 3,112 acres of peanuts, 371 acres of sesame, and 83 acres of sunflower included.

"In this area, oilseed crops are mainly grown in the winter season. We have provided the necessary technology and other support to fully cultivate all the current oilseed crops. We will continue to provide assistance in ensuring good yields and pest control for winter crops," he said.

In order to ensure that oilseed crops meet the target, the Department of Agriculture, the authorities, and local farmers have carried out agricultural technology and pest control activities in advance before planting the crops.

SK

# Kalay District cultivates over 15,000 acres of winter green grams

KALAY March 25

A total of 15,663 acres of green grams have been planted in this year winter crops planting season in Kalay District, Sagaing Region, according to the statistics of the Department of Agriculture for Kalay District.

During the 2024-2025 winter crops planting season, 15,650 acres of green grams have been planned for planting in Kalay District. Planting has started in October 2024, and 15,663 acres have been planted to date.

"Green grams cultivation is increasing year by year. There will be education on expanding green grams cultivation, and there will be education on using good varieties to improve yields," said U Aung, head of the Department of Agriculture for Kalay District.

The Township Department of Agriculture has provided field education to farmers growing green grams on selecting good varieties, proper planting methods, pest control, systematic use of fertilizers, and good yields.

During this year's winter crops planting season, the department is cooperating with farmers for the necessary seed, inputs, and post-harvest technology to increase the yield and quality of beans.

SK

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Transforming EV Charging: BYD vs StoreDot – a Deep Dive

Ultra-fast EV charging heats up as BYD and StoreDot pioneer distinct solutions to tackle charging anxiety, reshaping the future of electric mobility

The race for ultra-fast EV charging is intensifying, with industry leaders BYD and Store Dot taking distinct approaches to address charging anxiety.

Their groundbreaking technologies aim to transform the EV landscape, potentially accelerating widespread adoption.

**BYD's power play**

BYD, a global leader in EV innovation, has unveiled a revolutionary battery and charging system that could redefine the future of electric mobility.

Its approach uses a robust Blade Battery and Lithium Iron Phosphate (LFP) chemistry to achieve impressive five-minute charging capabilities.

Integrated ecosystem: BYD's strength lies in its integrated vehicle and battery development, optimising the charging ecosystem. Its Super e-Platform operates at an unprecedented peak charging power of 1,000 kilowatts, or one megawatt, making it the first of its kind in the EV industry.

System integration and high c-rates: BYD's technology pushes the limits of LFP performance, with their system capable of handling up to 1,000 amps of current. It sustains high charging power throughout the cycle, translating to a charging rate of approximately 1.24 miles per second.

**Real-world application: BYD's** new charging system will debut in the updated versions of its Han L sedan and Tang L SUV. Starting at US$-27,500, these models are competitively priced, making them accessible to a wide range of consumers.

**StoreDot's XFC silicon surge**

StoreDot, in partnership with Polestar, has achieved a significant milestone by successfully charging a Polestar 5 prototype from 10 percent to 80 percent in just ten minutes. The focus is on pioneering silicon-dominant anodes for rapid ion movement and ultra-fast charging.

Innovative cell technology: StoreDot's strength lies in its cell-level advancements and thermal management with the I-BEAM XFC concept. The Extreme Fast Charging (XFC) technology employs silicon-dominant cells that match the energy density of leading-edge NMC cells without needing specialist cooling systems in the vehicle.

**Performance and Compatibility:**

One of the unique features of StoreDot's technology is the consistent charging speed, which not only starts high but increases as the battery's state of charge (SOC) rises. The performance contrasts with typical commercial EV batteries, where charging rates can diminish significantly as the SOC increases.




**Comparison and future outlook**

While BYD optimises existing LFP technology within its integrated vehicle systems, Store Dot pushes the boundaries of NMC Cathode cell chemistry with silicon-dominant anodes. Both companies address the critical challenge of heat management, which is essential for preserving battery integrity during ultra-fast charging.

BYD's approach allows for an impressive 470 kilometres (approximately 292 miles) range in just five minutes of charging.

However, these figures may be optimistic. Realistically, drivers expect around 160 miles of range from a five-minute charge and around 280 miles from a full battery.

StoreDot's technology, demonstrated in the Polestar 5 prototype, charged a 77 kWh battery pack from 10 percent to 82 percent in ten minutes. The performance could enable a mid-sized electric car to gain 200 miles of range in 10 minutes.

**EVm**

# Sunwoda: Thailand Expands EV Battery Production




Thailand's EV sector grows with Sunwoda's billion-dollar investment in battery production, enhancing supply chains and boosting local manufacturing

Thailand's Commission on the National Competitiveness Enhancement for Targeted Industries has approved a landmark investment exceeding a billion dollars by China's Sunwoda Electronic subsidiary. The investment to produce EV and energy storage system (ESS) batteries at the cell level will enhance the country's supply chain and bolster EV manufacturing for domestic and export markets.

The Commission, chaired by Deputy Prime Minister and Minister of Finance Mr Pichai Chunhavajira, is critical in shaping Thailand's industrial future. As Chairman of the Thailand Board of Investment (BOI), Mr Pichai oversees the Commission's work in fostering new industries that add economic value and ensure long-term competitiveness. Established by law in 2017, the Commission serves as a key driver of sustainable industrial growth in Thailand.

**Sunwoda's expansion into Thailand**

Sunwoda's first Thai factory is progressing as planned, with construction advancing steadily. Once operational, the facility is expected to create more than 1,000 jobs, with the entire project employing a significantly larger workforce, including engineers and researchers. Sunwoda aims to contribute to the country's growing expertise in advanced battery technologies by incorporating research and product development within its Thai operations.

The upcoming Thai factory will be Sunwoda's first EV-related battery cell facility in the ASEAN region, marking expansion into Southeast Asia.

**Thailand's growing EV industry**

Thailand has long been a dominant player in the global automotive industry, ranking 10th worldwide and first in Southeast Asia for internal combustion engine (ICE) vehicle manufacturing in 2023. The government's strategic policies to electrify the sector—through subsidies, tax incentives and investment promotions—have led to significant foreign investment in EV and hybrid production.

Several leading Chinese manufacturers, including BYD, SAIC Motor (MG), Great Wall Motor, Hozon New Energy Automobile (Neta) and GAC Aion, have already established production facilities in Thailand.

Chongqing Changan Automobile aims to open its local factory in the coming weeks, while Chery Automobile is constructing its manufacturing plant.

**Investment surge in Thailand's advanced industries**

Investment promotion applications in Thailand surged by 35 percent in 2024, reaching US$-33.9bn—the highest level since 2014. Major direct foreign investment drove growth projects in data centres, cloud services and semiconductors, including advanced electronics manufacturing. The automotive and parts sector ranked third in investment value, with 309 projects amounting to US$-3bn.

With continued government support, strategic foreign investments and a robust supply chain, Thailand is well-positioned to lead Southeast Asia in EV and advanced battery production. The Sunwoda project represents a significant step towards strengthening the country's EV industry and enhancing its role in the global transition to sustainable transportation. **EVm**

# Signal group မှတစ်ဆင့် ဟူသီသူပုန်အဖွဲ့ကိုတိုက်ခိုက်မည့်အသေးစိတ်အချက်အလက်များ ပေါက်ကြားမှုက လိမ်လည်လှည့်ဖျားမှုဖြစ်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးပြော

ဝါရှင်တန်၊ မတ်လ ၂၇ ရက်

Signal group မှတစ်ဆင့် ဟူသီသူပုန်အဖွဲ့အပေါ်တိုက်ခိုက်မည့် အစီအစဉ်အသေးစိတ်အချက်အလက်များပေါက်ကြားမှုသည် လိမ်လည်လှည့်ဖျားမှုနှင့် သတင်းပေးပို့ခြင်း၏အရေးပါမှုကို လျှော့ပါးစေခြင်းဖြစ်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ပိဟက်ဆက်က ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်အစိုးရအဖွဲ့မှ အရာရှိကြီးများသည် ယီမင်နိုင်ငံရှိ ဟူသီသူပုန်အဖွဲ့အပေါ် ဆင်နွှဲမည့်တိုက်ခိုက်မှုများအကြောင်းဆွေးနွေးသည့် Signal group ဟု အမည်ပေးထားသော မက်ဆင်ဂျာအဖွဲ့အတွင်းသို့ အယ်ဒီတာချုပ်တစ်ဦးဖြစ်သူ ဂျက်ဖရီ ဂိုးဘာ့ဂ်အား မှားယွင်းထည့်သွင်းမိခဲ့ခြင်းဖြစ်သည်။

ဂျက်ဖရီ ဂိုးဘာ့ဂ်သည် အမေရိကန်မဂ္ဂဇင်းကြီးတစ်ခုဖြစ်သည့် The Atlantic မှ အယ်ဒီတာချုပ်ဖြစ်ပြီး ၎င်းသည် ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့မှ ဒုတိယသမ္မတဂျေဒီဗင့်၊ အမျိုးသားလုံခြုံရေးအကြံပေးမိုက်ဝေ့ါနှင့် ကာကွယ်ရေးဝန်ကြီး ပိဟက်ဆက်ကဲ့သို့သော ထိပ်တန်းအရာရှိကြီးများပါဝင်သည့် Signal group အတွင်းသို့မှားယွင်းထည့်သွင်းခံရခြင်းဖြစ်ကြောင်း မဂ္ဂဇင်းကြီးက မတ်လ ၂၄ ရက်တွင် ဖော်ပြသည်။ အဆိုပါ Signal group ကို အဖွဲ့အတွင်း၌ Houthis small group ဟု အမည်ပေးထားသည်။

Houthis small group အတွင်းပါဝင်သူအရာရှိကြီးများသည် ယီမင်နိုင်ငံရှိ ဟူသီသူပုန်အဖွဲ့အပေါ်ပြုလုပ်မည့် လေကြောင်းတိုက်ခိုက်မှုအစီအမံများကို ဆွေးနွေးလျက်ရှိပြီး မတ်လ ၁၅ ရက်တွင် Pete Hegseth ဟု အမည်ပြောင်ပေးထားသည့် မက်ဆင်ဂျာအဖွဲ့ဝင်တစ်ဦးက ဟူသီသူပုန်များအပေါ်တိုက်ခိုက်မည့် အသေးစိတ်အချက်အလက်များကို ပေးပို့ခဲ့သည်ဟု ဂျက်ဖရီ ဂိုးဘာ့ဂ်က ပြောကြားခဲ့ကြောင်း သိရသည်။

Houthis small group အတွင်းပါဝင်သည့်ထိပ်တန်းအရာရှိဦးရေမှာ ၁၈ ဦးရှိကြောင်း သိရသည်။

Ref: RT, Ivt






# ယူကရိန်းပဋိပက္ခအား အဆုံးသတ်နိုင်ရေးကြိုးပမ်းမှုများကို ပြည်ပနိုင်ငံအချို့မှ အစိုးရအဖွဲ့များက အဟန့်အတားပြုလျက်ရှိဟု ရုဘီယိုစွပ်စွဲ

ဝါရှင်တန်၊ ဗြိမ်းချမ်းရေး

ပြည်ပနိုင်ငံအချို့မှအစိုးရအဖွဲ့များသည် ယူကရိန်းပဋိပက္ခအား အဆုံးသတ်နိုင်ရေးကြိုးပမ်းမှုများကို အဟန့်အတားပြုလျက်ရှိသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမားကို့ရုဘီယိုက စွပ်စွဲလိုက်ကြောင်း သိရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ကြား ဖြစ်ပွားနေသည့်ပဋိပက္ခကို အဆုံးသတ်စေရန်အတွက် သံတမန်ရေးအရ ကြိုးပမ်းလျက်ရှိသော်လည်း ယင်းကြိုးပမ်းမှုများသည် အခြားနိုင်ငံများမှ အစိုးရအဖွဲ့များ၏ အတိုက်အခံပြုခြင်းများနှင့် ရင်ဆိုင်နေရသည်ဟု ရုဘီယိုက မတ်လ ၂၄ ရက်တွင် ပြောကြားသည်။ သို့သော် အဆိုပါနိုင်ငံများ၏အမည်များကိုမူ ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိပေ။

ထို့ပြင် ယူကရိန်းပဋိပက္ခအား စစ်ရေးနည်းလမ်းအရမဟုတ်ဘဲ စေ့စပ်ဆွေးနွေးခြင်းအားဖြင့်သာ အဆုံးသတ်ရန်လိုအပ်ကြောင်း၊ ထိုသို့အဆုံးသတ်နိုင်ရန်အတွက်လည်း ရုရှားနှင့် ယူကရိန်းနိုင်ငံတို့မှ ထိပ်တန်းအရာရှိကြီးများအား ဆွေးနွေးပွဲသို့ အမေရိကန်က ခေါ်ဆောင်နိုင်ခဲ့ခြင်းကြောင့် သမ္မတဒေါ်နယ်ထရမ့်၏သံတမန်ရေးအရ ကြိုးပမ်းမှုကို ရုဘီယိုက ချီးကျူးပြောဆိုခဲ့သည်။

ယူကရိန်းပဋိပက္ခအား ဖြေရှင်းနိုင်ရေးအတွက် ရုရှားနှင့်အမေရိကန်အရာရှိတို့ကြား ၁၂ နာရီကြာ စေ့စပ်ဆွေးနွေးပွဲတစ်ရပ်ကို ဆော်ဒီအာရေဗျနိုင်ငံ ရီယက်မြို့၌ မတ်လ ၂၄ ရက်က ထပ်မံကျင်းပခဲ့ကြောင်းသိရသည်။

Ref: RT

# Tesla ကုမ္ပဏီပိုင်ပစ္စည်းများအား တိုက်ခိုက်ဖျက်ဆီးမှုနှင့်ခြိမ်းခြောက်မှုများကို စစ်ဆေးရန် FBI က အထူးတာဝန်တပ်ဖွဲ့ကို ဖွဲ့စည်း

အော်စတင်၊ ရာဇဝတ်မှု

Tesla ကုမ္ပဏီပိုင် လျှပ်စစ်ကားအရောင်းစင်တာများနှင့် နိုင်ငံတစ်ဝန်းရှိ အားသွင်းရုံများအား တိုက်ခိုက်ဖျက်ဆီးမှုနှင့် ကုမ္ပဏီအပေါ်လုပ်ဆောင်သည့် ခြိမ်းခြောက်မှုများကို စုံစမ်းစစ်ဆေးရန်အတွက် ပြည်ထောင်စုစုံစမ်းစစ်ဆေးရေးဗျူရို(FBI)က အထူးတာဝန်တပ်ဖွဲ့ကိုဖွဲ့စည်းလိုက်ကြောင်းသိရသည်။

အဖွဲ့ဝင်၁၀ ဦးပါဝင်သည့် အဆိုပါအထူးတာဝန်တပ်ဖွဲ့ကို FBI ၏ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးအဖွဲ့၊ တရားမဝင်ယမကာ၊ ဆေးရွက်ကြီး၊ လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းဆိုင်ရာဗျူရို (ATF) နှင့် ထောက်လှမ်းရေးဆိုင်ရာစိစစ်အကဲဖြတ်သူများအဖွဲ့မှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း New York Post သတင်းစာက မတ်လ ၂၄ ရက်တွင်ဖော်ပြသည်။

အဆိုပါ အထူးတာဝန်တပ်ဖွဲ့အနေဖြင့် Tesla ကုမ္ပဏီပိုင် ပစ္စည်းများအပေါ် တိုက်ခိုက်သူများအား အဓိကပစ်မှတ်ထားအရေးယူသွားမည်ဖြစ်ကြောင်း FBI အဖွဲ့မှ ညွှန်ကြားရေးမှူးကက်ပတ်တဲက ပြောသည်။ ထို့ပြင် အဆိုပါအဖွဲ့သည် လွန်ခဲ့သည့်ကာလနှင့် မကြာသေးမီက ဖြစ်ပွားခဲ့သည့်တိုက်ခိုက်မှုများကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်သည်။

တက္ကဆပ်ပြည်နယ် အော်စတင်မြို့ရှိ Tesla ကုမ္ပဏီပိုင် ကားအရောင်းပြခန်းတစ်ခုတွင် မီးလောင်ဗုံးများကို ရှာဖွေတွေ့ရှိပြီးနောက် FBI က အထူးတာဝန်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံရှိ Tesla ကုမ္ပဏီပိုင် မော်တော်ကားများ၊ အရောင်းပြခန်းများ၊ အားသွင်းရုံများအပေါ် ယခုနှစ် ဇန်နဝါရီလမှစ၍ တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့်အပြင် ယခုနှစ် မတ်လတစ်လအတွင်းမှာပင် တိုက်ခိုက်မှု ၄၈ မှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

Ref: RT

နိုင်ငံတကာသတင်းတိုကဏ္ဍ

## ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် သင်္ဘောနှစ်စင်း တိုက်မိ၊ နှစ်ဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆာရန်ဂါနီပြည်နယ် ကမ်းလွန်တွင် မတ်လ ၂၅ ရက်က သင်္ဘောနှစ်စင်းတိုက်မိခဲ့ရာ လူနှစ်ဦးသေဆုံးသွားကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်သည်။

ဖိလစ်ပိုင်အလံလွှင့်ထူထားသည့် တွန်းသင်္ဘောတစ်စင်းသည် ပနားမားအလံလွှင့်ထူထားသည့် ရေယာဉ်တစ်စင်းနှင့် မတ်လ ၂၅ ရက်အစောပိုင်းတွင် ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် တွန်းသင်္ဘောမှရေယာဉ်မှူးနှင့်ရေယာဉ်လုပ်သားတစ်ဦးသေဆုံးခဲ့ပြီး ၎င်းသင်္ဘောမှ ရေယာဉ်အမှုထမ်းရှစ်ဦးအနက် ခြောက်ဦးကို ကမ်းခြေစောင့်တပ်ဖွဲ့က ကယ်ဆယ်နိုင်ခဲ့ကြောင်းသိရသည်။

ရေယာဉ်များတိုက်မိခဲ့စဉ်အတွင်း လောင်စာဆီများယိုဖိတ်ခဲ့ခြင်းမရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားထားသည်။

Ref: Xinhua

## ဆီးရီးယားနိုင်ငံတောင်ပိုင်းတွင် အစ္စရေး၏တိုက်ခိုက်မှုကြောင့် လူလေးဦးသေဆုံး

ဆီးရီးယားနိုင်ငံတောင်ပိုင်းရှိ ဒါရာပြည်နယ်အတွင်းသို့ အစ္စရေးတပ်မတော်က မတ်လ ၂၅ ရက်တွင် တိုက်ခိုက်ခဲ့မှုကြောင့် လူလေးဦးသေဆုံးခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင်ဆာနာသတင်းဌာနက ထုတ်ပြန်သည်။

အစ္စရေးတပ်မတော်မှတပ်ဖွဲ့ဝင်များသည် ကိုအာယီအာမြို့အတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန်အတွက် တင့်ကားများ၏ပစ်ခတ်တိုက်ခိုက်မှုနှင့်ကင်းထောက်လှမ်းရေးလေယာဉ်များ၏ ပစ်ကူကိုရယူခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုအတွင်း အမျိုးသမီးတစ်ဦးအပါအဝင် လူအများအပြားဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ဆီးရီးယားနိုင်ငံတောင်ပိုင်းရှိ စစ်သွေးကြွများက အစ္စရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့ခြင်းအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် လေကြောင်းမှတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်းသိရသည်။

Ref: Xinhua

# မြေအောက်ရေအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့်သီးထပ်စိုက်စွမ်းအား တိုးမြှင့်နိုင်ရေး ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းဆောင်ရွက်



နေပြည်တော် မတ် ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျောင်းဆောင်ကျေးရွာအနီး စလေးချောင်းမြေအောက်တမံ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြို့သစ်မြို့နယ်လေးတိုင်စင်ကျေးရွာအနီး ပေါင်းကူးချောင်းမြေအောက်တမံနှင့် နတ်ရွာကျေးရွာအနီး ဆည်ရိုးချောင်းမြေအောက်တမံဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဒုတိယဝန်ကြီးသည်မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျွန်းခင်းကြီးရေလှောင်တမံနှင့်ဆက်စပ်အဆောက်အအုံများ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ကြက်မောက်တောင် ရေသောက်စနစ်ရှိ လက်ဝဲမြောင်း မြောင်းပေါင်ကြွခိုင်လုံခြုံမှုရှိစေရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ လက်ဝဲမြောင်းရေသောက်စနစ်တွင် ကုန်းမြင့်လယ်ယာမြေအား ဆိုလာရေတင်စနစ်ဖြင့် ရေပေးဝေခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဆွေးနွေးမှာကြားသည်။

ထို့နောက် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဆိုလာစနစ်ဖြင့် ရေတင်ပြီး စိုက်ပျိုးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေသောကြောင့် သီးနှံများ ယခင်ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးကြရန်နှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် မိတ္ထီလာမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ခရိုင်ဦးစီးမှူးများနှင့်တွေ့ဆုံပြီး မိတ္ထီလာလွှင့်ပြင်စိမ်းလန်းစိုပြည်ရေး၊ သီးနှံပုံစံအလိုက်စိုက်ပျိုးရေလိုအပ်ချက်အတိုင်း အပြည့်အဝပေးဝေနိုင်ရေး၊ သီးထပ်စွမ်းအားတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည်မိတ္ထီလာမြို့နယ်တောမအုပ်စုဥယျာဉ်ကျေးရွာရှိ မိတ္ထီလာတောင်ကန် ဥယျာဉ်မြောင်း ရေသောက်စနစ်အတွင်း နှမ်းမျိုး (ဆင်းရတနာ-၃)မျိုးကို ပေါင်ကြီးတင်စနစ်ဖြင့် တောင်သူများ စံပြစိုက်ခင်းစိုက်ပျိုးထားရှိမှု၊ မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာတွင် နှမ်းစပါး (ဆင်းသုခ) မျိုးစေ့ထုတ်စိုက်ခင်းစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပိုးမွှားရောဂါကျရောက်မှုကာကွယ်နိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**◆ ကျောဖုံးမှအဆက်**

နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃၈ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည့်စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို ဖြည့်စွက်မှာကြားသည်။

ထို့နောက်ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံရုံးမှ Counsellor Keam Sarat နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ Charge' d' Affaires a.i Mr. Bong Yik Jui နှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Jeffery Salik နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါသံရုံးမှ Third Secretary Mr. Aakash Adhikari နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ ယနေ့တွင် မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၃၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၆၇၀ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၄၀၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၃၂၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက်ပြတ်ပြတ်သားသား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# သီတဂူစက္ခုဒါနဆေးရုံတော်၌ (၁၁)ကြိမ်မြောက် မျက်စိဝေဒနာရှင်များကို အခမဲ့စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေး



ရန်ကုန် မတ် ၂၅

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ၏ဩဝါဒကိုခံယူ၍ သီတဂူမျက်စိအထူးကုဆရာဝန်ကြီးများက (၁၁)ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးခြင်းအလှူတော်ကို ယနေ့တွင်စတင်ဆောင်ရွက်လျက်ရှိသည်။

(၁၁)ကြိမ်မြောက် အလှူတော်တွင် မျက်စိကုသရန် စာရင်းပေးထားသူ ဦးရေ ၁၂၀၀ အား မတ်လ ၂၅ ရက်မှ ၂၆ ရက်အထိ တစ်နေ့လျှင် ၆၀၀ ဦးကို နံနက်ပိုင်း၊ နေ့လယ်ပိုင်းနှစ်သုတ်ခွဲ၍ စမ်းသပ်စစ်ဆေးပေးလျက်ရှိပြီး စမ်းသပ်ပြီးသူများအား မတ်လ ၂၆ ရက်နေ့တွင် စတင်ခွဲစိတ်ကုသပေးသွားမည်ဖြစ်သည်။

ယခင်(၁၀)ကြိမ်မြောက် မျက်စိအလင်းအလှူတော်တွင် မျက်စိခွဲစိတ်ကုသပြီးသူ ၄၈၇ ဦးနှင့် လေဆာပစ်ကုသသူ ၁၇ ဦးအား မျက်စိပါရဂူဆရာဝန်ကြီးများက မတ်လ ၁၆ ရက်တွင် ပြန်လည်စစ်ဆေးပေးခဲ့ကြောင်းနှင့် သီတဂူဆရာတော်ကြီးသည် ၁၉၉၀ ပြည့်နှစ် မတ်လ ၁၀ ရက်တွင် စစ်ကိုင်းတောင်ရိုး၌ သီတဂူအာယုဒါနဆေးရုံတော်ကိုစတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ယခုအခါတွင် သီတဂူဆေးရုံတော်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်ပေးခဲ့ရာ ဆေးရုံတော်ပေါင်း ၄၄ ရုံထိဖွင့်လှစ်ခဲ့ပြီး မျက်စိဝေဒနာရှင်ပေါင်း နှစ်သန်းကျော်ကိုကြည့်ရှုပေးခဲ့ကာ ငါးသိန်းခန့်ကို မျက်စိအလင်းအလှူပေးနိုင်ခဲ့ကြောင်း သိရသည်။

**လင်းခန့်**

**❍ အာရှဖလားမှအဆက်**

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲ၌ ရလဒ်ကောင်းရယူနိုင်ခဲ့ပြီး သန်းပိုင်၏ချေပဂိုး၊ မောင်မောင်လွင်၏အနိုင်ဂိုးဖြင့် အနိုင်သုံးမှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနိုင်ပွဲကြောင့် ခြေစစ်ပွဲအောင်မြင်ရေးမျှော်လင့်ချက်ပိုကောင်းစေခဲ့ပြီး လာမည့်ပွဲများတွင် ဆက်လက်ကြိုးပမ်းရမည်ဖြစ်သည်။

ငွေခေတ်မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများဖြစ်သည့် ဦးမျိုးလှိုင်ဝင်းက နည်းပြချုပ်၊ ဦးကြည်လွင်က နည်းစနစ်အကြံပေးနှင့် ဦးတင်မြင့်အောင်က အုပ်ချုပ်သူအဖြစ်ကိုင်တွယ်လာသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အဖွင့်ပွဲတွင် ရလဒ်ကောင်းရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း ပွဲထွက်လူစာရင်းတွင် ဇင်ညီညီအောင်(ဂိုး)၊ ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ သီဟထက်အောင်၊ နန္ဒကျော်၊ လွင်မိုးအောင်၊ ကျော်မင်းဦး၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ သီဟဇော်၊ သန်းပိုင်တို့ ပါဝင်ခဲ့သည်။

မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အာဖဂန်နစ္စတန်အသင်းမှာမူ ခံစစ်ဦးစားပေးကာ တန်ပြန်တိုက်စစ်ဖြင့် ဦးစားပေးကစားခဲ့သည်။ ၁၄ မိနစ်တွင် အာဖဂန်နစ္စတန်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး အိုမစ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်းချေပဂိုးရရန် ဆက်တိုက်ကြိုးပမ်းလာရာ ၂၈ မိနစ်တွင် သန်းပိုင်က ခေါင်းတိုက်ပြီး ချေပဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်လာပြီး ၇၅ မိနစ်တွင် မောင်မောင်လွင်က အဝေးကန်ချက်ဖြင့် အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် အာဖဂန်နစ္စတန်အသင်းချေပဂိုးရရန် ပြန်ကြိုးပမ်းသော်လည်း မြန်မာအသင်း ခံစစ်အမှားမရှိသဖြင့် အနိုင်ရလဒ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇွန်လ ၁၀ ရက်တွင် ပါကစ္စတန်အသင်းနှင့်အဝေးကွင်းကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂°c | / | ၃၇°c |
| ရန်ကုန် | ၂၃°c | / | ၃၈°c |
| မန္တလေး | ၂၃°c | / | ၃၇°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အမေရိကန်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ခွင့်ပြုခြင်းအတွက် ပင်လယ်ရေနေနို့တိုက်သတ္တဝါ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာဥပဒေနှင့်အညီ ပြင်ဆင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၅

အမေရိကန်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ခွင့်ပြုခြင်းအတွက် ပင်လယ်ရေနေ နို့တိုက်သတ္တဝါကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာဥပဒေနှင့်အညီပြင်ဆင်ဆောင်ရွက်ရန် အကြောင်းကြားလာမှုနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနတာဝန်ရှိသူများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အမေရိကန်နိုင်ငံ၏ သွင်းကုန်စည်းမျဉ်းများအရ အမေရိကန်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့သည့်အခါ အမေရိကန်နိုင်ငံမှအတည်ပြုပြဋ္ဌာန်းထားသော ပင်လယ်ရေနေနို့တိုက်သတ္တဝါများထိန်းသိမ်းကာကွယ်ရေးဥပဒေ(Marine Mammal Protected Act (MMPA))နှင့်အညီ ဆောင်ရွက်မှသာ တင်ပို့ခွင့်ရရှိမည်ဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် အမေရိကန်နိုင်ငံ သမုဒ္ဒရာနှင့်လေထုစီမံခန့်ခွဲရေးဌာန၏ နိုင်ငံအဆင့် ပင်လယ်ငါးဖမ်းလုပ်ငန်းအဖွဲ့က ပြည်ပနိုင်ငံများမှ တင်သွင်းလျှောက်ထားခဲ့သည့် 2021-Comparability Finding Application Report များတွင် ပင်လယ်ရေနေ နို့တိုက်သတ္တဝါ မတော်တဆဖမ်းဆီးရမိမှုနှင့် သေဆုံးမှုအချက်အလက်များကို ကိုင်တွယ်ဖြေရှင်းသည့်နည်းလမ်းများ၊ တင်သွင်းနိုင်ငံများ၏ငါးလုပ်ငန်းအချက်အလက်သဘောသဘာဝ၊ စည်းမျဉ်းစည်းကမ်းများတွင် နှိုင်းယှဉ်ရန် စိန်ခေါ်မှုများနှင့်တင်သွင်းနိုင်ငံများအပေါ် မျှတ၍ သမာသမတ်ကျသော ဆုံးဖြတ်ချက်များ ထွက်ပေါ်လာစေရန်အတွက် စိစစ်အကဲဖြတ်အပြီးသတ်ရန် အချိန်လိုအပ်ကြောင်း ဆုံးဖြတ်ခဲ့သည့်အတွက် ပြည်ပနိုင်ငံများမှ ပင်လယ်ရေနေနို့တိုက်သတ္တဝါကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာဥပဒေနှင့်အညီ ရေထွက်ကုန်တင်သွင်းမှုကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ ကင်းလွတ်ခွင့်သက်တမ်း ထပ်မံတိုးပေးကြောင်းအကြောင်းကြားထားရှိခဲ့ကြောင်း။

အဆိုပါပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သက်သေအထောက်အထားများနှင့် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မတိုင်မီ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးတွင် ရေထွက်ကုန်ပစ္စည်းများ အမေရိကန်နိုင်ငံသို့ စဉ်ဆက်မပြတ်တင်ပို့ခွင့်ရရှိရေးအတွက် အကြံပြုချက်များဖြင့် ပူးပေါင်းပါဝင်ဆွေးနွေးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ရေနေနို့တိုက်သတ္တဝါများ မတော်တဆဖမ်းဆီးမှု လျှော့ချနိုင်ရေးအတွက် ရေနေနို့တိုက်လုပ်ငန်းကြီးကြပ်ရေးနှင့် အခွန်ဌာနခွဲမှ ညွှန်ကြားရေးမှူးက NOAA 30 အကြံပြုထားရှိသည့်နည်းလမ်းများ၊ နိုင်ငံတကာမှသုတေသနဆောင်ရွက်ချက်များနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည့် ရေနေနို့တိုက်သတ္တဝါများထိခိုက်သေဆုံးခြင်း မဖြစ်ပေါ်စေရေး ရှောင်ရှားရမည့်ကိရိယာနှင့်နည်းလမ်းများ၊ ဖမ်းဆီးရမိပါက ပြန်လည်လွှတ်ပေးရန်၊ ထိန်းသိမ်းကာကွယ်ရန်နှင့် ဖမ်းဆီးရရှိမှုလျှော့ကျစေရေး ညွှန်ကြားချက်များ၊ အကြောင်းကြားခြင်းများ ထုတ်ပြန်ပေးထားပြီး အခြေအနေများ၊ တရွတ်ဆွဲငါးဖမ်းရေယာဉ်များတွင် TEDs များ တပ်ဆင်ထားရှိမှုနှင့်စစ်ဆေးကြပ်မတ်ခြင်း၊ နိုင်ငံတကာနှင့် လေ့လာစောင့်ကြည့်သူများ သိရှိလေ့လာနိုင်စေရန် မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ငါးလုပ်ငန်းဦးစီးဌာန Website တွင်လွှင့်တင်ထားရှိမှု၊ NOAA Website မှ သတ်မှတ်ချက်များနှင့်အညီ ထုတ်ပြန်ထားသော ရေနေနို့တိုက်သတ္တဝါများ မတော်တဆဖမ်းဆီးရမိမှုလျော့ကျစေရေးအတွက် ရှောင်ရှားရမည့်ကိရိယာနှင့်နည်းလမ်းများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးက NOAA မှ ရှောင်ရှားခြင်းပြုရန် အကြံပြုထားသည့်လုပ်ငန်းများ လိုက်နာဆောင်ရွက်ကြရန်နှင့်လိုက်နာဆောင်ရွက်မှုများ မှတ်တမ်းမှတ်ရာများထားရှိတင်ပြကြရန် မှာကြားခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

## မူးယစ်ဆေးဝါး၊ စိတ်ပြောင်းဆေးဝါးနှင့်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများစာရင်း အမိန့်ကြော်ငြာစာထုတ်ပြန်ထားရှိမှုအား အသိပေးခြင်း

နေပြည်တော် မတ် ၂၅

ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်၊ International Narcotics Control Board(INCB)မှထုတ်ပြန်ထားသောစာရင်းကိုအခြေခံ၍ ၂၅-၂-၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၄/၂၀၂၅)ဖြင့် မူးယစ်ဆေးဝါးစာရင်း၊ အမိန့်ကြော်ငြာစာအမှတ်(၂၅/၂၀၂၅)ဖြင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးစာရင်း၊ အမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၂၅)ဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးထုတ်လုပ်ရာ၌အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းစာရင်းတို့ကို ထပ်မံထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါအမိန့်ကြော်ငြာစာများအား Website:https://drugmuseum.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ်လ ၁၇ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၆ ဒသမ ၉၀၁၂)တန်၊ သစ်မာ(၇ ဒသမ ၄၃၉၄)တန်၊ အခြား (၁၀၈ ဒသမ ၇၉၂၀)တန် စုစုပေါင်း (၁၂၃ ဒသမ ၁၃၂၆)တန်၊ ယာဉ်/ယန္တရား (၁၇) စီး၊ တရားခံ (၂၄) ဦး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ မတ်လ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် တွံတေးမြို့နယ် မျက်နီကုန်းကျေးရွာ ဆိပ်ကြီးခနောင်တိုလမ်းဘေး ဦးမြင့်ဝေ၏ အိမ်တွင်းစက်ဝင်းအတွင်းမှ တရားမဝင် တောင်သရက်/သပြေခွဲသား (၁၆၈) ချောင်း(၃၂ ဒသမ ၃၈၂၂)တန်၊ တရားခံ (၁) ဦး ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် မတ် ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဟိုပုံးမြို့နယ် စငေါ်ကျေးရွာအုပ်စုနှင့် စံဖူးကျေးရွာအုပ်စုတို့ရှိ ဘန့်ပိန်း-ဟိုပွေးကျေးရွာချင်းဆက် မြေသားလမ်း ၁ မိုင် ၄ ဖာလုံအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်း ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံကျေးရွာခြောက်ရွာမှ လူဦးရေ ၄၇၄၉ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှသိရသည်။

ရှမ်းပြည်နယ် တောင်ပိုင်းအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၄၉ မိုင် ၃ ဖာလုံ၊ အမာခံလမ်း ၁၃ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၂၀ မိုင် ၃ ဖာလုံ၊ ကျောက်လမ်းပြင်ထိန်း ၄ မိုင်၊ ကတ္တရာလမ်း ၄ မိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း ၁၁ မိုင် ၃ ဖာလုံ၊ ကွန်ကရစ်လမ်း ၃ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်တံတားရှစ်စင်း၊ Box Culvert ၁၂၄ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်းနှစ်ခု၊ ကျောက်စီရေမြောင်း ၁၅၀ ပေ၊ မြေပြိုဖယ်ရှားခြင်း ၅ မိုင် ၆ ဖာလုံ၊ လမ်းတာချဲ့ခြင်း ၂ မိုင် ၂ ဖာလုံ၊ ပညာရေးလုပ်ငန်းနှစ်ခု၊ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်းတစ်တွင်း၊ သာသနာရေးလုပ်ငန်းရှစ်ခု၊ စိုက်ပျိုးရေးရရှိရေးလုပ်ငန်းခြောက်ခု၊ ဆိုလာ ၉၄ စုံနှင့် ဦးစီးဌာနလုပ်ငန်းခြောက်ခုအား စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၁၂၈၆၂ ဒသမ ၂၁၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“တားဆီးနှောင့်ယှက်မှုများကြားမှ ပွင့်လန်းလာတဲ့ပန်းကလေးများ”** ခေါင်းစဉ်ဖြင့် ၂၆-၃-၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“စစ်ရေးနဲ့နိုင်ငံရေးမှာ အခွင့်မသာလို့ ရှုက်ရမ်းရမ်းပြီး အကြမ်းဖက်လာတဲ့ PDF”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ - ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မလေးရှားနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ် (SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့်အဖွဲ့အစည်း |
|---|---|---|---|
| ၁ | မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - မလေးရှားအလုပ်ရှင် သို့မဟုတ် အလုပ်ရှင်၏တရားဝင်ကိုယ်စားလှယ်မှ အလုပ်သမားလိုအပ်ချက်ဖော်ပြထားသောစာ (ရုံးတံဆိပ်/ Letter Head ပါရှိသည့် ကုမ္ပဏီ၏ စာ၊ လက်မှတ်၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်)ကို ပူးတွဲဖော်ပြရန်လိုအပ်ပြီး ၎င်း Demand Letter အား မြန်မာအေဂျင်စီထံသို့ ပေးပို့ခြင်းနှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိထံသို့လည်း သတ်မှတ်စာရွက်စာတမ်းအပြည့်အစုံမိတ္တူတစ်စုံ ပေးပို့ခြင်း၊<br>- မြန်မာအေဂျင်စီများသည် Demand Letter အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်းတင်ပြခြင်း -<br>(က) Demand Letter တစ်စောင်လျှင် လူဦးရေ ၂၀ ဦးထက် မပိုစေရန်၊<br>(ခ) အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊<br>(ဂ) Demand Letter တင်ပြရာတွင် dolmiagrationmalaysia@gmail.com သို့တင်ပြရန် (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင် လာရောက်တင်ပြခြင်းမပြုရန်)၊ | မလေးရှားအလုပ်ရှင်<br><br><br><br>မြန်မာအေဂျင်စီ |
| ၂ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားသံအရာရှိထံသို့ အကြောင်းကြားခြင်း | - Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ်ရန် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိထံသို့ အကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၃ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ လုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း | - အလုပ်သမားသံအရာရှိမှ Demand Letter မှန်ကန်မှုရှိကြောင်းပြန်ကြားလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် သက်ဆိုင်ရာမြန်မာ အေဂျင်စီများထံသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း၊ အေဂျင်စီမှ အလုပ်သမားစတင်စုဆောင်းခြင်းနှင့် Calling Visa လျှောက်ထားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ<br>မလေးရှားအလုပ်ရှင် |
| ၄ | မြန်မာအေဂျင်စီမှ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆိုခွင့်ပြုရန်တင်ပြခြင်း | - Calling Visa ရရှိပါက သက်ဆိုင်ရာအေဂျင်စီမှ စာချုပ်ချုပ်လိုသည့်ရက်မတိုင်မီ (၇)ရက်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့တင်ပြခြင်း -<br>(က) Demand Letter မိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ်ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် Calling Visa မိတ္တူ၊ မလေးရှားအလုပ်ရှင်-အလုပ်သမားစာချုပ်မိတ္တူများ၊ အလုပ်သမားများ၏ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Softcopy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationmalaysia@gmail.com သို့တင်ပြရန်၊<br>(ခ) အလုပ်ခေါ်စာ တစ်စောင်လျှင် လူဦးရေ ၂၀ ဦးထက် မပိုစေရန်နှင့် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊ | မြန်မာအေဂျင်စီ |
| ၅ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက်ရယူခြင်း | - မြန်မာအေဂျင်စီမှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက် ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှစိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊<br>ဝန်ကြီးရုံး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၆ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ စာချုပ်ချုပ်ဆိုခွင့်အား အကြောင်းပြန်ကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတ်မှတ်ပေးသည့်နေ့ရက်တွင် အမှတ်(၂၇)၊ အာနန္ဒာဘုရားလမ်းနှင့် မေဃဝတီကျောင်းလမ်းထောင့်၊ ဘဝမြင့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နည်းပညာအထောက်အကူပြုရုံး(ရန်ကုန်)၌ စာချုပ်ချုပ်ဆိုခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၇ | မြန်မာအေဂျင်စီမှ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ သင်တန်း တက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုရန် တင်ပြခြင်း | - ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းတက်ရောက်ခွင့်နှင့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)ပြုလုပ်ခွင့်အား ရက်သတ္တနှစ်ပတ်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့လိပ်မူ၍တင်ပြခြင်း-<br>(က) သင်တန်းတက်ရောက်ခွင့်(တစ်ရက်သာ)နှင့် OWIC ပြုလုပ်ခွင့်တင်ပြစာ၊<br>(ခ) အလုပ်ခေါ်စာမိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ Calling Visa နှင့် ဗီဇာမိတ္တူ၊<br>(ဂ) မလေးရှားအလုပ်ရှင်နှင့် အလုပ်သမားသဘောတူညီမှုစာချုပ်၊ မြန်မာအေဂျင်စီနှင့်အလုပ်သမားအကြားချုပ်ဆိုသည့်သဘောတူ စာချုပ်၊ | မြန်မာအေဂျင်စီ |
| ၈ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှမှတ်ပုံတင်စာရင်းရေးသွင်းထားသည့်အေဂျင်စီများကိုဦးစားပေးအစီအစဉ်အလိုက်သင်တန်းတက်ရမည့်နေ့ရက် သတ်မှတ်ခြင်းနှင့် သင်တန်းကျောင်းတာဝန်ခံသို့အကြောင်းကြားခြင်း၊ Safe Migration Telegram Channel တွင် အသိပေးကြေညာခြင်း၊<br>- သင်တန်းတက်ရောက်ပြီးပါက OWIC ပြုလုပ်ခွင့်ပြုကြောင်း OWIC ထုတ်ပေးရေးစခန်းတာဝန်ခံ၊ သက်ဆိုင်ရာအေဂျင်စီများထံသို့ အကြောင်းကြားခြင်းနှင့် OWIC ကတ်ထုတ်ပေးခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၉ | မြန်မာအေဂျင်စီမှ အလုပ်သမား စေလွှတ်ခွင့်ရရှိရေး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့တင်ပြခြင်း | - မြန်မာအေဂျင်စီအနေဖြင့် OWIC ရရှိပြီးသည့်အလုပ်သမားများအတွက် စေလွှတ်ခွင့်အား ထွက်ခွာလိုသည့်ရက် ( - -၂၀၂၅) မှ ( - -၂၀၂၅) (ရက်သတ္တတစ်ပတ်အတွင်း)ဖော်ပြပြီး စေလွှတ်မည့်အလုပ်သမားစာရင်း၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ OWIC ကတ်မိတ္တူတို့နှင့်အတူ Excel soft copy ပြုစု၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationmalaysia@gmail.com သို့တင်ပြရန်၊ | မြန်မာအေဂျင်စီ |
| ၁၀ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်းနှင့် မြန်မာအေဂျင်စီမှ ထွက်ခွာမည့်ရက်ပြန်လည်တင်ပြခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ခွင့်ပြုချက်ရရှိသည့်အချိန်တွင် ဗီဇာလျှောက်ထားခြင်းနှင့် လေယာဉ်လက်မှတ်ဝယ်ယူခြင်းဆောင်ရွက်ပြီး ထွက်ခွာမည့်ရက်ဖော်ပြ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationmalaysia@gmail.com သို့ ပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၁၁ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီနှင့် လေဆိပ် တာဝန်ခံသို့ အကြောင်းကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီ၊ လေဆိပ်တာဝန်ခံထံသို့အကြောင်းကြားခြင်း၊<br>- သတ်မှတ်ထားသည့်နေ့ရက်အတွင်း စေလွှတ်နိုင်ခြင်းမရှိပါက စေလွှတ်ခွင့်ပြုနိုင်ရေးတင်ပြသည့်အဆင့်မှစ၍ အသစ်ထပ်မံပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၁၂ | ပြည်ပသို့စေလွှတ်ပြီးစီးမှုသတင်းပို့ခြင်း | - သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် အလုပ်သမားများစေလွှတ်ပြီးပါက သတ်မှတ်ပေးထားသောဇယားပုံစံအတိုင်း စာရင်းပြုစု၍ Excel Soft Copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၁၃ | ပြန်လည်ဝင်ရောက်မှုသတင်းပို့ခြင်း | - မြန်မာအေဂျင်စီများမှ ပြည်ပသို့စေလွှတ်ခဲ့သည့်အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့် အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationmalaysia @gmail.com သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း။ | မြန်မာအေဂျင်စီ |

မှတ်ချက်။ (၁) ၃၀-၁-၂၀၂၅ ရက်နေ့မတိုင်မီ Demand Letter တင်ပြထားသည့် မြန်မာအေဂျင်စီများအနေဖြင့် လူဦးရေ၂၀ ဦးထက်ပိုသော Demand Letter များကို ၂၀ ဦးဖြင့် ၂၅-၃-၂၀၂၅ ရက်နေ့မှစ၍ ပြင်ဆင်တင်ပြရန်နှင့် အေဂျင်စီ တစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရမည်။

(၂) မလေးရှားနိုင်ငံ၏ Demand Letter အသစ်တင်ပြခြင်းကို ၂၀၂၅ ခုနှစ် မေလ ၂ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပါမည်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ



**ကျောက်တလုံးကြီး မတ် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့နယ် ဝါးလှကျေးရွာ၌ နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သည့် ရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲကို မတ်လ ၂၄ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ကွန်ကရစ်လမ်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က ယနေ့ဖွင့်လှစ်သည့်လမ်းသည် ကျေးရွာလူထုကိုဗဟိုပြု၍ ကျေးရွာ၏ ပကတိအမှန်လိုအပ်ချက်များကို ကျေးရွာနေပြည်သူများက ပူးပေါင်းဖော်ထုတ်ကြပြီး အမှန်တကယ် အကျိုးပြုသည့်လမ်းဖြစ်ခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာအဆင့်ကော်မတီဝင်များနှင့်ကျေးရွာသူ၊ ကျေးရွာသားများက မိမိတို့ကျေးရွာအတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ကြသဖြင့် ရလာသည့်ဖွံ့ဖြိုးရေးအသီးအပွင့်များကို မျက်ဝါးထင်ထင်တွေ့မြင်ကြရပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က အမှာစကားပြောကြားပြီး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်းက ကွန်ကရစ်လမ်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ရွာတွင်း ကွန်ကရစ်လမ်းအရှည်ပေ ၉၈၀၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မအား နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၅ သန်း၊ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေနှင့် လုပ်အားခ ၁၄ ဒသမ ၄၀ သန်း စုစုပေါင်း ၂၉ ဒသမ ၄၀ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ (၄၀၅)

# ဆရာ ဆရာမများ မွမ်းမံသင်တန်းတွင် အသိပညာပေးဆွေးနွေးခြင်း အစီအစဉ်များဆောင်ရွက်

**နေပြည်တော် မတ် ၂၅**

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မော်လမြိုင်မြို့နှင့် တောင်ကြီးမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ ဆရာ၊ ဆရာမများမွမ်းမံသင်တန်းတွင် အသိပညာပေးဆွေးနွေးခြင်းအစီအစဉ်များကို မတ်လ ၂၅ ရက်တွင် ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပညာရေးမှ တစ်ဆင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ခြင်းဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ခြင်းခေါင်းစဉ်ဖြင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများကို အသိပညာပေးဆွေးနွေးကြသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံ့ဝန်ထမ်းများ ပူးပေါင်းပါဝင်လာစေရန်၊ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်ရာတွင် အဓိကကျသည့် ဆရာ၊ ဆရာမများ၏အခန်းကဏ္ဍကို မြှင့်တင်ရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် ဆရာ၊ ဆရာမမွမ်းမံသင်တန်းများတွင် အသိပညာပေး ဆွေးနွေးခြင်းအစီအစဉ်များကို ဆောင်ရွက်ကြောင်းသိရသည်။ (၅၀၀)




## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၆-၃-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

## နံနက်စောစောနေရောင်ခြည်သည် အရိုးအဆစ်များကို သန်မာစေနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို မြုပ်ပွေးတောက်ပစေပါသည်။
DENTOMEC
DENTOMEC
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013


ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Lemon Tea
Tea Mix
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ သမုဒ္ဒရာပိုင်းဇုန် ဗိုလ်လုပွဲတွင် နယူးကယ်လီအသင်းကို အနိုင်ရရှိပြီး နယူးဇီလန်အသင်း ခြေစစ်ပွဲအောင်မြင်




ဝယ်လင်တန် မတ် ၂၅

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ သမုဒ္ဒရာပိုင်းဇုန် ဗိုလ်လုပွဲအဖြစ် နယူးဇီလန်အသင်းနှင့် နယူးကယ်လီအသင်းတို့ယှဉ်ပြိုင်ကစားရာ နယူးဇီလန်အသင်းက ၃ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သိရသည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ သမုဒ္ဒရာပိုင်းဇုန် ဆီမီးဖိုင်နယ်အဆင့်တွင် နယူးကယ်လီအသင်းက တဟီတီအသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်သကဲ့သို့ နယူးဇီလန်အသင်းသည်လည်း ဖီဂျီအသင်းကို ၇ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ သမုဒ္ဒရာပိုင်းဇုန် ဗိုလ်လုပွဲတွင် နယူးဇီလန်အသင်းက နယူးကယ်လီအသင်းကို ခြေစွမ်းပိုင်းအသာဖြင့် ကစားနိုင်ခဲ့ကာ ပွဲချိန် ၆၁ မိနစ်တွင် ဘော့အော၊ ပွဲချိန် ၆၆ မိနစ်တွင် ဘာဘာယူ့စ်နှင့် ပွဲချိန်မိနစ် ၈၀ တွင် ဂျက်တို့က တစ်ဂိုးစီသွင်းယူပေးနိုင်ခဲ့ပြီး ၃ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပုံစံသစ်ဖြင့် ပထမဆုံးအကြိမ် အသင်းအရေအတွက်တိုးမြှင့်၍ ၄၈ သင်းဖြင့်ကျင်းပမည်ဖြစ်သောကြောင့် သမုဒ္ဒရာပိုင်းဇုန်တွင် တစ်သင်းမှာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး တစ်သင်းမှာ ရှုံးထွက်အဆင့်ကစားခွင့်ရရှိမည်ဖြစ်သည့်အတွက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ သမုဒ္ဒရာပိုင်းဇုန်တွင် နယူးဇီလန်အသင်းက တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ကာ နယူးကယ်လီအသင်းက ရှုံးထွက်အဆင့်မှ ကစားခွင့်ရရှိမည်ဖြစ်သည်။

နယူးဇီလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ သမုဒ္ဒရာပိုင်းဇုန်မှ ခြေစစ်ပွဲအောင်မြင်ခဲ့သည့်အတွက် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်ခြေစစ်ပွဲအောင်မြင်ခဲ့ကာ အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲကို တတိယအကြိမ်မြောက် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအဆင့်အဖြစ် တိုက်ကြီးများအလိုက်ကျင်းပလျက်ရှိပြီး လက်ရှိတွင် နယူးဇီလန်အသင်းသည် ဂျပန်အသင်းပြီးလျှင် ဒုတိယမြောက် ခြေစစ်ပွဲအောင်မြင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ *Ref;B/R Football*

# လီဗာပူးအသင်းက ခံစစ်ကစားသမား အာနိုး၏နေရာ၌ ဖရန်ပေါင်နှင့်အစားထိုးရန် ကြိုးပမ်းနေ

လန်ဒန် မတ် ၂၅

လီဗာပူးအသင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာရန် နီးစပ်လျက်ရှိသည့် ခံစစ်ကစားသမား အာနိုး၏နေရာ၌ လေဗာကူဆင်အသင်းမှ ဖရန်ပေါင်နှင့်အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။

အာနိုးသည် လီဗာပူးအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ်မှစတင်၍ အသင်းတွင်ပါဝင်ကစားခဲ့ကာ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး လက်ရှိဘောလုံးလောက၌ အကောင်းဆုံးခံစစ်ကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

ဖရန်ပေါင်သည်လည်း ၂၀၂၂ ခုနှစ်က ဆဲလ်တစ်အသင်းမှ လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် လေဗာကူဆင်အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည့်အတွက် လီဗာပူးအသင်းက အာနိုး၏နေရာ၌အစားထိုးရန် ကြိုးပမ်းနေခြင်းဖြစ်ကာ လေဗာကူဆင်အသင်းက ပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀ သတ်မှတ်ထားကြောင်း သိရသည်။

*Ref;Fotmob*

# အေစီမီလန်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းမှ တောင်ပံကစားသမား ဂရီးလစ်ရှ်ကို ယူရို သန်း ၄၀ ပေးချေပြီး ခေါ်ယူရန်စီစဉ်

ရောမ မတ် ၂၅

စီးရီးအေထိပ်သီး အေစီမီလန်အသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းက ရောင်းချရန်ဆုံးဖြတ်ထားသည့် တောင်ပံကစားသမား ဂရီးလစ်ချ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ပေးချေပြီး ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

အေစီမီလန်အသင်းသည် အီတလီစီးရီးအေချန်ပီယံဆုကို ပြန်လည်စိန်ခေါ်နိုင်ရန်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားအင်အားဖြည့်တင်းရန် ကြိုးပမ်းလျက်ရှိပြီး လက်ရှိတွင်လည်း တိုက်စစ်နေရာအတွက် ဂရီးလစ်ချ်ကို ခေါ်ယူလိုခြင်းဖြစ်သည်။

အသက် ၂၉ နှစ်အရွယ် ဂရီးလစ်ချ်သည် ၂၀၂၁ ခုနှစ်က အက်စ်တွန်ဗီလာအသင်းမှ မန်စီးတီးအသင်းသို့ မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သော ယူရို သန်း ၁၀၀ ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အက်စ်တွန်ဗီလာအသင်းတွင်ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိခြေစွမ်းပြနိုင်ခဲ့သော်လည်း မန်စီးတီးအသင်းတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရပြီး လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိခဲ့သည်။

မန်စီးတီးအသင်းသည် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားအပြောင်းအလဲများလုပ်ဆောင်မည်ဖြစ်၍ ကစားသမားသစ်များခေါ်ယူရန်အတွက် အသင်းမှ ကစားသမားတချို့ကို ရောင်းချရန်ဆုံးဖြတ်ထားပြီး ဂရီးလစ်ချ်ကိုလည်း ပြန်လည်ရောင်းချရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

အေစီမီလန်အသင်းသည် ပြီးခဲ့သည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလကလည်း မန်စီးတီးအသင်းမှ တောင်ပံကစားသမားဝေါ်ကာကို ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူထားပြီး ယခုအခါတွင်လည်း ဂရီးလစ်ချ်ကိုပါ ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Topskill Sport UK*

# စပိန်လာလီဂါပြိုင်ပွဲ၏ မတ်လတစ်လတာအကောင်းဆုံးနည်းပြဆုကို ဘာစီလိုနာအသင်းနည်းပြ ဟန်ဆီဖလစ်ရရှိ

ဘာစီလိုနာ မတ် ၂၅

စပိန်လာလီဂါပြိုင်ပွဲ၏ မတ်လတစ်လတာအကောင်းဆုံးနည်းပြဆုကို ဘာစီလိုနာအသင်းနည်းပြဟန်ဆီဖလစ်ကရရှိခဲ့ကြောင်း သိရသည်။

အသက် ၆၀ အရွယ် နည်းပြဟန်ဆီဖလစ်သည် ဘာစီလိုနာအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ထားနိုင်သူဖြစ်သည်။

ဘာစီလိုနာအသင်းသည် မတ်လအတွင်းကစားခဲ့သည့် စပိန်လာလီဂါပွဲစဉ်များတွင် ရလဒ်ကောင်းများဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဆိုစီဒက်စ်အသင်းနှင့်ပွဲစဉ်တွင် ၄ ဂိုး-ဂိုးမရှိ၊ အက်သလက်တီကိုအသင်းနှင့်ပွဲစဉ်တွင် ၄ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ နှစ်ပွဲကစားရာတွင် နှစ်ပွဲစလုံးအနိုင်ရရှိပြီး ချန်ပီယံဆုအတွက် အရေးပါသည့်ပွဲစဉ်များတွင် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် နည်းပြဟန်ဆီဖလစ်သည် မတ်လတစ်လတာအကောင်းဆုံးနည်းပြဆုကိုရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် နောက်ဆုံးကစားခဲ့သည့် စပိန်လာလီဂါပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် အားပြိုင်နေရသည့်အသင်းတစ်သင်းဖြစ်သော အက်သလက်တီကိုအသင်းနှင့် အဝေးကွင်း၌ သွားရောက်ကစားခဲ့ရာ ၄ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် အဆင့်(၂)နေရာမှ ရီးယဲလ်မက်ဒရစ်အသင်းထက် တစ်ပွဲလျော့ကစားထားပြီး ရမှတ်တူဖြင့် ထိပ်ဆုံးမှဦးဆောင်နေသကဲ့သို့ အဆင့် (၃)နေရာမှ အက်သလက်တီကိုအသင်းကို လေးမှတ်ဖြတ်တောက်ကာ ချန်ပီယံဆုအတွက် ရေပန်းစားလာကြောင်း သိရသည်။ *Ref;Mirror*



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **မတ်လ ၂၃ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ငဖဲမြို့၊ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကျောက်ဆည်မြို့၊ မြို့အဝင်အနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၉)မျိုး၊ လူသုံးကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၀၈၈၆၅၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hion Profia Truck (၁)စီး၊ Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ထုံးဘိုလမ်းခွဲအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၀)မျိုး၊ လူသုံးကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၄၁၂၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့၊ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၀၂၂၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၈၃၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၂၁၁၀၄၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မတ်လ ၂၄ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် (၃၀)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၂၀)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၆၉၇၂၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁၀)စီး၊ Nissan Diesel Truck (၆)စီး၊ Hino Ranger Truck (၃)စီး၊ Hino Truck (၂)စီး၊ Dong Feng Truck (၂)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Si Thu Truck (၁)စီး၊ Nidi Truck (၁)စီး၊ Golden Truck (၁)စီး၊ Shwe Chan Truck (၁)စီး၊ Win Myanmar Truck (၁)စီးနှင့် Super Mandalar Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၆၉၇၂၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊တရားမဝင် စက်သုံးဆီဒီဇယ်ဆီ(၁၁)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၇၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၇၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၇ ဒသမ ၀၄၆)တန်(ခန့်မှန်းတန်ဖိုးငွေကျပ်၁၆၉၁၁၃၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၅၁၁၃၆)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တွံတေးမြို့နယ်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တို့၌ တရားမဝင် အခြားသစ် (၄၉ ဒသမ ၂၈၂)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၉၃၅၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့၊ မြို့ရှောင်လမ်းအနီး၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုတ္တမဆိပ်ကမ်းတွင် ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၉၁၇၆၇)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Shwe Mon Hla ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၄၀၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၂၇၈၁၄၃)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၃၂၆၉၉၁၀)** ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၉၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၀၅၆၇၄၄၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့်ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Sainna Wkhan 7" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်နေ ဇေယျာထွန်းအား မွန်းတည့် ၁၂ နာရီ မိနစ် ၄၀ တွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မအူပင်မြို့နယ်တွင် လူငယ်များကိုစစ်မှုထမ်းဆောင်ရန် အဓမ္မဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များကို အဓမ္မဖမ်းဆီးနေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မအူပင်မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အများပြည်သူတည်ငြိမ်အေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးအရ စစ်ဆေးခြင်းများအပါအဝင် အကြမ်းဖက်လုပ်ငန်းများ မဖြစ်ပွားစေရေး အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့်ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်နေမှုများအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။ (၁၀၀)

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် မတ် ၂၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များအနည်းငယ်တိုးလာနိုင်သည်။ (မိုး/ဇလ)

# အုန်းစိမ်းရည်သောက်ခြင်း၏ကောင်းကျိုးများအကြောင်း သိမှတ်ဖွယ်ရာများ



ပူပြင်းလှတဲ့နွေရာသီကာလမှာ အုန်းစိမ်းရည်လေးသောက်လိုက်တဲ့အခါ ပင်ပန်းနွမ်းနယ်မှုအားလုံးပြေပျောက်သွားသလိုခံစားမိကြမှာပါ။ အုန်းစိမ်းရည်မှာ အရေပြားနဲ့ဆံသားလှပစေဖို့ အထောက်အကူပြုတဲ့ပစ္စည်းတွေ များစွာပါဝင်ပါတယ်။ သဘာဝရဲ့လက်ဆောင်အားဖြည့်ဆေးရည်အနေနဲ့ပါ သုံးစွဲနိုင်ပါတယ်။

**အစိုဓာတ်ထိန်းပေးနိုင်ပါတယ်။** အုန်းစိမ်းရည်ကို အစိုဓာတ်ထိန်းခရင်မ်(Wet cream)အဖြစ် ရာသီဥတုမရွေးအသုံးပြုနိုင်ပါတယ်။ အသားအရေစိုပြည်စေဖို့ တစ်ကိုယ်လုံးကို လိမ်းပေးနိုင်ပါတယ်။ အဆီပြန်တဲ့အသားအရေရှိသူတွေအနေနဲ့ အဆီထွက်တာလျော့နည်းစေပါတယ်။ လိမ်းရုံတင်မကဘဲ သောက်သုံးပေးတာကလည်း အသားအရေအတွက် ကောင်းကျိုးအာနိသင်ကို ရရှိစေပါတယ်။

**ဝက်ခြံနဲ့အမာရွတ်တွေကို ဖယ်ရှားပေးပါတယ်။** အုန်းစိမ်းရည်နဲ့မျက်နှာသစ်တာ ပုံမှန်ပြုလုပ်ပေးရင် ဝက်ခြံ၊ အမည်းစက်၊ အရေးကြောင်းနဲ့ တင်းတိပ်စတဲ့ အရေပြားပြဿနာတွေ လျော့နည်းသက်သာစေပါတယ်။ ဝက်ခြံအတွက် နနွင်းကို အုန်းစိမ်းရည်နဲ့ ခပ်ပျစ်ပျစ်ဖျော်ပြီး မျက်နှာပြင်အနှံ့လိမ်းပေးပါ။ နောက်တစ်မျိုးအနေနဲ့ စန္ဒကူးမှုန့်နဲ့ အုန်းစိမ်းရည်ကို ခပ်ပျစ်ပျစ်ဖျော်ပြီး ညအိပ်ရာမဝင်မီလိမ်းပေးပါ။ အိပ်ရာထချိန်မှ မျက်နှာသစ်ပေးပါ။ ပုံမှန်ပြုလုပ်ပေးရင် ဝက်ခြံနဲ့အမာရွတ်တွေ ဖယ်ရှားပေးနိုင်ပါတယ်။

**ရေဓာတ်ဖြည့်ပေးပါတယ်။** အရေပြားမှာ ရေဓာတ်ပြည့်ဝနေစေဖို့ အုန်းစိမ်းရည်က ကူညီပေးနိုင်ပါတယ်။ ရေဓာတ်ခန်းခြောက်နေရင် အသားအရေမွဲခြောက်ပြီး လှပမှုတွေ ပျောက်ကွယ်နေတတ်ပါတယ်။ အုန်းစိမ်းရည်ကို ခြောက်သွေ့တဲ့အသားအရေနဲ့ ညိုညစ်ညစ်အသားအရေတွေအတွက် အသုံးပြုနိုင်ပါတယ်။ အုန်းစိမ်းရည်ကို မျက်နှာပေါ် နေ့စဉ်လိမ်းပေးရင် အသားအရေနူးညံ့စိုပြည်မှုကို ရရှိစေပါတယ်။

**အင်တီအောက်စီးဒင့်တွေပါဝင်ပါတယ်။** အုန်းစိမ်းရည်မှာ အင်တီအောက်စီးဒင့်တွေများစွာပါဝင်ပြီး ဆဲလ်တွေကိုဖျက်ဆီးမယ့် ဓာတ်တိုးပစ္စည်းတွေကို ဆန့်ကျင်တိုက်ထုတ်ပေးပါတယ်။ စိတ်ဖိစီးမှုများတဲ့အခါ အရေပြားဆီ သွေးစီးဆင်းမှုလျော့နည်းသွားပြီး အိုမင်းရင့်ရော်စေတဲ့လက္ခဏာတွေ ဖြစ်ပေါ်လာစေပါတယ်။ အုန်းစိမ်းရည်မှာ ခန္ဓာကိုယ်တွင်းက ဓာတ်တိုးပစ္စည်းတွေကိုချေဖျက်ပေးပြီး အရေပြားကျန်းမာစေပါတယ်။

**သွေးလှည့်ပတ်မှုကို ကောင်းမွန်စေပါတယ်။** သွေးလှည့်ပတ်မှုမကောင်းလို့ အောက်ဆီဂျင်ရရှိမှုနည်းတဲ့အခါ အရေပြားမှာ စွန့်ပစ်ပစ္စည်းတွေစုပုံနေတတ်ပါတယ်။ ခန္ဓာကိုယ်မှာရှိတဲ့ဆဲလ်တိုင်းက အောက်ဆီဂျင်ကိုလိုအပ်ပြီး သွေးလှည့်ပတ်မှုနဲ့အတူ အောက်ဆီဂျင်ကို ရရှိကြပါတယ်။ အုန်းစိမ်းရည်က ခန္ဓာကိုယ်တွင်းသွေးလှည့်ပတ်မှုကောင်းမွန်စေပြီး အောက်ဆီဂျင်ရရှိမှုလုံလောက်လို့ ဆဲလ်တွေကို ကျန်းမာစေကာ အသားအရေဖြူဝင်းစေပါတယ်။

**ဆံပင်ကျွတ်ခြင်းကိုသက်သာစေပါတယ်။** အုန်းစိမ်းရည်က ဦးရေပြားသွေးလှည့်ပတ်မှုကို ကောင်းမွန်စေလို့ ဆံပင်ကျွတ်ခြင်းကို သက်သာစေပါတယ်။ ဆံချည်မျှင်အိတ်တွေကိုကျန်းမာစေလို့ ဆံပင်တွေသန်စွမ်းစေပါတယ်။

**နုပျိုလှပစေပါတယ်။** အရေပြားအိုမင်းလာတာက အလှအပအတွက် ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ အသက်ကြီးလာတာ၊ ဓာတုပစ္စည်း၊ လေထု၊ နေထု၊ ဖုန်မှုန့်ညစ်ညမ်းမှုတွေနဲ့ နေ့စဉ်ထိတွေ့နေရတာတွေက အိုမင်းရင့်ရော်မှုကိုဖြစ်စေပါတယ်။ အုန်းစိမ်းရည်ထဲမှာ ဆိုင်တိုကိုင်နင် (Cytokinin)ပါဝင်လို့ အိုမင်းရင့်ရော်မှုကို တားဆီးပေးတာကြောင့် နုပျိုလှပစေပါတယ်။ အုန်းစိမ်းရည်ကို နေ့စဉ်သောက်ပေးရင် နုပျိုပြီးကျန်းမာလှပတဲ့အသားအရေကို ပိုင်ဆိုင်နိုင်ပါတယ်။

**ဆံသားခြောက်သွေ့ခြင်းမှကင်းဝေးစေပါတယ်။** ဆံသားခြောက်သွေ့ပြီး အဖျားနှစ်ခွဖြစ်တာအတွက် အုန်းစိမ်းရည်ကို ဦးရေပြားအနှံ့လိမ်းပေးပြီး ညင်သာစွာနှိပ်နယ်ပေးပါ။ ဆံသားများနူးညံ့ပြီး စိုပြည်တောက်ပြောင်စေပါတယ်။

**နေရောင်ခြည်ကြောင့် အသားအရေညိုညစ်တာကို သက်သာစေပါတယ်။** နေရောင်ခြည်ကြောင့် အသားအရေညိုညစ်တာမျိုးကို လူတိုင်းနီးပါးဖြစ်တတ်ကြပါတယ်။ နေရောင်ခြည်နဲ့ကြာရှည်ထိတွေ့မှုရှိတဲ့သူတွေအနေနဲ့ အသားအရောင်ညိုတာကို အုန်းစိမ်းရည်အသုံးပြုပြီး ဖြေရှင်းနိုင်ပါတယ်။ အုန်းစိမ်းရည်ကို မျက်နှာပြင်အနှံ့လိမ်းပြီး ကြေးချွတ်တာကို နေ့စဉ်ပြုလုပ်ပေးရင် နေလောင်တာတွေပျောက်ကင်းစေပါတယ်။

**ဆံသားကျိုးပြတ်တာမဖြစ်အောင် ကာကွယ်ပေးပါတယ်။** အုန်းစိမ်းရည်ထဲမှာပါဝင်တဲ့ ပရိုတင်းဒြပ်ပေါင်းတစ်မျိုးက ဆံသားကို အရင်းကနေအဖျားအထိ အလွှာတစ်ထပ်အနေနဲ့ဖုံးအုပ်ထားပြီး ဆံသားကျိုးပြတ်မှုမဖြစ်အောင် ကာကွယ်ပေးပါတယ်။

**အရေပြားပိုးဝင်မှုမဖြစ်အောင် ကာကွယ်ပေးပါတယ်။** အုန်းစိမ်းရည်က အနာကျက်မြန်စေပြီး ပိုးသတ်အာနိသင်ရှိလို့ အရေပြားပိုးဝင်မှုမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။ အုန်းစိမ်းရည်ကို အရေပြားပေါ်တိုက်ရိုက်လိမ်းနိုင်သလို ရေနဲ့ရောပြီး ရေချိုးပေးနိုင်ပါတယ်။

**အဆီမပြန်အောင်ထိန်းချုပ်ပေးပါတယ်။** အဆီပြန်တဲ့အသားအရေရှိသူတွေအတွက် အုန်းစိမ်းရည်ကို မျက်နှာပေါ်ကအဆီတွေဖယ်ရှားဖို့ အသုံးပြုနိုင်ပါတယ်။ အုန်းစိမ်းရည်ကို မျက်နှာပြင်အနှံ့လိမ်းပြီး ခြောက်အောင်ထားပြီးမှ ရေကြက်သီးနွေးနဲ့သန့်စင်ပေးပါ။ သဘာဝအတိုင်းတောက်ပတဲ့ အသားအရေကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

**ဆံသားတောက်ပြောင်ပြီး ဖောက်ကင်းစင်စေပါတယ်။** အုန်းစိမ်းရည်ထဲမှာ ဆံသားကိုအားဖြည့်ပေးတဲ့ ဗီတာမင် K နဲ့ သံဓာတ်ပါဝင်လို့ ဆံသားတောက်ပြောင်လှပစေပါတယ်။ အုန်းစိမ်းရည်က ဦးရေပြားပေါ် ဗက်တီးရီးယားပိုးနဲ့ မှိုပိုးတွေမငြိတွယ်အောင် တားဆီးပေးလို့ ဦးရေပြားဖောက်ထတာ၊ သန်းတွယ်တာ၊ ယားယံတာတွေကနေ ကင်းဝေးစေပါတယ်။

**ကိုယ်ခံအားစနစ်ကို တိုးမြှင့်ပေးပါတယ်။** အုန်းစိမ်းရည်မှာပါတဲ့ ဆိုင်တိုကိုင်နင်(Cytokinin)လို့ခေါ်တဲ့ အပင်ဟော်မုန်းတစ်မျိုးကလည်း အရွယ်တင်နုပျိုစေသလို ဗက်တီးရီးယားတွေနဲ့ ကင်ဆာရောဂါတွေကို တိုက်ဖျက်ပေးနိုင်တဲ့အစွမ်းရှိပါတယ်။ အုန်းစိမ်းရည်က ကျန်းမာရေးအတွက်အထောက်အကူများစွာပေးနိုင်ပါတယ်။ ခန္ဓာကိုယ်မှာ အပူဒဏ်ကြောင့် ရေငတ်တာပြေစေနိုင်တဲ့အစွမ်းသတ္တိရှိပါတယ်။

**သွေးတိုးကျစေပါတယ်။** အုန်းစိမ်းရည်မှာ ဗီတာမင် C၊ ပိုတက်ဆီယမ်နဲ့ မဂ္ဂနီဆီယမ်တို့ပါဝင်တာကြောင့် သွေးတိုးရောဂါရှိသူတွေအတွက် သင့်တော်ပါတယ်။ အုန်းစိမ်းရည်မှာပါတဲ့ ပိုတက်ဆီယမ်က ကိုယ်တွင်းက အကျိုးမပြုတဲ့ဆိုဒီယမ်ပမာဏကို ထိန်းညှိပေးတဲ့အတွက် သွေးတိုးကျစေဖို့ အထောက်အကူပြုနိုင်ပါတယ်။

**နှလုံးကျန်းမာစေပါတယ်။** ကိုလက်စထရောနဲ့ အဆီပါဝင်မှုနည်းတဲ့ အုန်းစိမ်းရည်က နှလုံးကိုကျန်းမာစေတယ်။ ခန္ဓာကိုယ်အတွက် အကျိုးမပြုတဲ့ ကိုလက်စထရော(LDL–Low density Lipoprotein)ကိုလျော့ကျစေပြီး အကျိုးပြုကိုလက်စထရော(HDL–High density Lipoprotein)ကိုတိုးစေတာကြောင့် နှလုံးရောဂါကို လျှော့ချပေးပါတယ်။

**အရက်နာကျတာကိုသက်သာစေပါတယ်။** အုန်းစိမ်းရည်က အရက်နာကျတာကို သက်သာစေနိုင်တဲ့ သဘာဝဆေးတစ်မျိုးဖြစ်ပါတယ်။ အရက်က ခန္ဓာကိုယ်ရဲ့ရေဓာတ်ကုန်ဆုံးစေပြီး ရေဓာတ်ကုန်ဆုံးမှုက နောက်တစ်နေ့နံနက်မှာ အရက်နာကျတာကိုဖြစ်စေပါတယ်။ အုန်းစိမ်းရည်က ခန္ဓာကိုယ်ရဲ့သတ္တုဓာတ်ကို ပြန်လည်ဖြည့်တင်းပေးပြီး ရေဓာတ်ကို ပြန်လည်ဖြည့်တင်းစေနိုင်တာကြောင့် အရက်နာကျတာကို သက်သာစေပါတယ်။

**ခန္ဓာကိုယ်အလေးချိန်ကျစေနိုင်ပါတယ်။** ခန္ဓာကိုယ်အလေးချိန်ကျချင်တဲ့သူတွေအနေနဲ့ အုန်းစိမ်းရည်သောက်သုံးဖို့ သင့်တော်ပါတယ်။ ကယ်လိုရီပါဝင်မှုနည်းပြီး အစာအိမ်အတွက်လည်း အထောက်အကူပြုပါတယ်။ အုန်းစိမ်းရည်ထဲမှာ အစာချေဖျက်မှုကို အထောက်အပံ့ပေးပြီး အဆီတွေချေဖျက်မှုကို တိုးမြှင့်ပေးနိုင်တဲ့ Bioactive အင်ဇိုင်းတွေ ပါဝင်တယ်။

**ခေါင်းကိုက်တာကိုသက်သာစေပါတယ်။** ခေါင်းကိုက်တာနဲ့ ခေါင်းတစ်ခြမ်းကိုက်တာအများစုက ရေဓာတ်ဆုံးရှုံးလို့ဖြစ်တယ်။ အုန်းစိမ်းရည်က ခန္ဓာကိုယ်အတွက်လိုအပ်တဲ့ အီလက်စတိုလိုက်(Electrolytes)တို့ ထောက်ပံ့ပေးရာမှာ အထောက်အကူပြုသလို ခန္ဓာကိုယ်ရဲ့ရေဓာတ်ကို မြှင့်တင်ပေးနိုင်ပါတယ်။ မဂ္ဂနီဆီယမ်လျော့နည်းရင် ခေါင်းတစ်ခြမ်းကိုက်တာ ဖြစ်တတ်ပါတယ်။ အုန်းစိမ်းရည်မှာ မဂ္ဂနီဆီယမ်ကြွယ်ဝစွာပါဝင်လို့ ခေါင်းတစ်ခြမ်းကိုက်ဝေဒနာခံစားနေရသူတွေအနေနဲ့ သောက်သုံးပေးသင့်ပါတယ်။

**ဒေါက်တာလွင်သန့်**

# ယခုဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၈၀၀၀ နီးပါး တင်ပို့ထားနိုင်

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပုစွန်မက်ထရစ်တန် ၈၀၀၀ နီးပါး တင်ပို့ထားနိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၂၀၂၄ ခုနှစ်ဧပြီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်အထိ ၁၁ လတာကာလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၆၄၆၅ ဒသမ ၂၇၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၇၂ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၅၀၂ ဒသမ ၉၂၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၈၄ သန်း ရရှိသည့်အတွက် စုစုပေါင်းမက်ထရစ်တန် ၇၉၆၈ ဒသမ ၁၉၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၃၅၆ သန်းရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ငါး၊ ပုစွန် စသည့်ရေထွက်ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့တင်ပို့လျက်ရှိကြောင်း၊ ထိုသို့ ရေထွက်ကုန်များ တင်ပို့ရာတွင် ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**စောယု**




**ပျောက်ဆုံးကြောင်း**

အောင်ထွန်းလေး(ဘ)ဦးညို ၉/ကပတ(နိုင်)၁၈၃၄၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၀၅၅၈၃

**ပျောက်ဆုံးကြောင်း**

နန်းဆွေမေ(ခ)ရွှေမေ(ဘ)ဦးပေါ်ထွန်း(ခ)လောဆီ ၁၃/လရန(နိုင်)၀၈၀၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မိဝတ်ရည်လင်း(ဘ)ဦးမင်းသန်းအောင် ၃/ဘအန(နိုင်)၂၆၂၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 310223)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

ကျော်မင်းသူ(ဘ)ဦးစန်းမြ ၁၄/မမက(နိုင်)၁၆၅၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၅၆၅၂၉

**ပျောက်ဆုံးကြောင်း**

စုမြတ်လှိုင်(ဘ)ဦးညွန့်လှိုင် ၁၄/ဟသတ(နိုင်)၂၉၇၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

နီလာဝင်း(ဘ)ဦးသန်းညွန့် ၁၄/ကပန(နိုင်)၁၉၅၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီး(အထက)၊ Grade-4 မှ (ဘ)ဦးထက်အောင် ၇/ပခန(နိုင်)၂၆၄၁၈၈ ၏သား မောင်ဟိန်းလင်းထွန်းအား မောင်ဟိန်းသီဟဥာဏ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဟိန်းသီဟဉာဏ်

**ပျောက်ဆုံးကြောင်း**

ကျိုင်းတုံမြို့နေ နန်းကောင်ရှန်(ခ)နန်းကောင်ခမ်း(ဘ)ဦးစိုင်းနွန်း ၁၃/ကတန(နိုင်)၀၈၇၄၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၂၁၇၈၀၁

**ပျောက်ဆုံးကြောင်း**

နန္ဒသိန်းအောင်(ဘ)ဦးအောင်ဇော် ၁၂/ဒဂတ(နိုင်)၀၆၃၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 949875)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၃၆၇၇၁၉၉

**ပျောက်ဆုံးကြောင်း**

ထက်ထက်ဝင်း(ဘ)ဦးမင်းမောင် ၁၄/ဖပန(နိုင်)၂၀၆၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 076205)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၄၃၇၀၆

**ပျောက်ဆုံးကြောင်း**

အောင်ကိုဝင်း(ဘ)ဦးကျော်ဝင်း ၉/ပဘန(နိုင်)၁၃၀၆၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၆၅၂၆၃၈၉

**ပျောက်ဆုံးကြောင်း**

ကျော်ဇင်ဦး(ဘ)ဦးမြင့်အောင် ၁၄/မအပ(နိုင်)၂၉၃၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၃၈၃၇၂၄၉

**ပျောက်ဆုံးကြောင်း**

ကျော်သက်အောင်(ဘ)ဦးကြည်စိုး ၇/ညလပ(နိုင်)၁၆၅၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၇၃၁၅၀၄

**ပျောက်ဆုံးကြောင်း**

ကိုကိုလွင်(ဘ)ဦးဆန်းလွင် ၁၂/သကတ(နိုင်) ၁၉၃၅၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၆၃၄၉၂၆

**ပျောက်ဆုံးကြောင်း**

သီဟအောင်(ဘ)ဦးအောင်မြင့် ၁၂/လသန(နိုင်)၀၁၇၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ကျိုင်းတုံမြို့နေ မအယ်ရွှန်း(ဘ)ဦးဟန်းယုန် ၁၃/လရန(နိုင်)၁၇၅၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 835207)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၅၉၆၁၇၇၅

**ပျောက်ဆုံးကြောင်း**

ထက်ထက်ဦး(ဘ)ဦးမြင့်သန်း ၁၂/ကမန(နိုင်)၁၂၅၉၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၃၂၆၉၈၄၀

**ပျောက်ဆုံးကြောင်း**

အောင်မျိုးသူ(ဘ)ဦးသန်းနိုင် ၈/တတက(နိုင်)၂၈၂၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဖြိုးဝေနောင်(ဘ)ဦးလှိုင် ၉/သစန(နိုင်)၁၆၀၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 690022)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၀၀၄၄၀၀၆

**အမည်မှန်**

ဘီးလင်းမြို့၊ အမက(တဘတ်ဆွဲကျောင်း)၊ Grade-5 မှ (ဘ)ဦးအောင်သင်း၏သား ခွန်ရဲညီညီနေနိုင်ဦး၏အမည်မှန်မှာ ခွန်ညီညီနိုင်ဖြစ်ပါကြောင်း။

ခွန်ညီညီနိုင်

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကျိုက္ကဆံရဲရိပ်သာနေ ၁၂/ဒပန(နိုင်)၀၇၀၅၈၄ ကိုင်ဆောင်သူ မောင်သီဟ(ခ)ဆန်းဥက္ကာဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်သီဟ(ခ)ဆန်းဥက္ကာဦး

**ပျောက်ဆုံးကြောင်း**

ကျော်ဇင်လင်း(ဘ)ဦးသောင်းအေး ၁၂/လကန(နိုင်)၁၈၂၄၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ရွှေရည်ဝင်းပိုင်(ဘ)ဦးအေးဟန် ၁၄/သပန(နိုင်)၁၉၁၆၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အမည်ပြောင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပန်းခင်း(၂)ရပ်ကွက်၊ (၂)လမ်းနေ အဘ ဦးကျော်မျိုးသန့် ၅/မရန(နိုင်)၁၈၀၆၈၁ သမီး မသွန်းဆုကြယ်စင်အား မဟေသာညီမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။


မဟေသာညီမ်း

**ပျောက်ဆုံးကြောင်း**

မြောက်ဥက္ကလာပမြို့နယ်၊ မေတ္တာ(၃)လမ်း၊ ၌/၄၆၈ နေ မျိုးကိုကိုဦး(ဘ)ဦးလှဦး ၁၂/ဥကမ(နိုင်)၂၄၈၈၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 124517)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၉၂၅၁၇၇၀

# မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက်
ပညာလဲပေး ဗဟုသုတလဲရ
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့



- မျက်နှာဖုံးတွင် ကာတွန်းအောင်အောင်ထွေး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းမောင်တင်ယု၊ ကာတွန်းနှင်းဦးနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်ထည်ဝါ(ပျော်ဘွယ်)၊ မောင်ငြိမ်းရည်(မင်းကင်း)၊ ချစ်စုအောင်၊ ဈာန်လေး(ပညာရေး)၊ ပုလောစိုးနဲ့သာနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၂၅-၃-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၁၂)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၇၃၂၄

• အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ •

# စာပေမြင့်မှ လူမျိုးတင့်မည်

**ပျောက်ဆုံးကြောင်း**

ဝင်းသီတာကျော်(ဘ)ဦးကျော်ဇံ ၁၂/မရက(နိုင်)၁၃၂၆၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 987616)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၄၂၀၄၅၅၄

**ပျောက်ဆုံးကြောင်း**

တင်ဝင်း(ဘ)ဦးစိန်ထွန်း ၁၂/စခန(နိုင်)၀၄၇၂၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၂၃၀၆၉

**ပျောက်ဆုံးကြောင်း**

ကိုရှိုင်း(ဘ)ဦးမောင်လွင် ၉/ရမသ(နိုင်)၁၇၇၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 479365)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၄၉၉၀၃၁

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ရွှေဘုံသာကျေးရွာနေ ဒေါ်ဖြိုးဟေမာန်ကို ၁/ရကန(နိုင်)၀၆၅၅၈၉ ၏မိခင် ဒေါ်သိန်းထွေး(ခ)ဒေါ်သိန်းသိန်းထွေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်သိန်းထွေး(ခ)ဒေါ်သိန်းသိန်းထွေး

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၁)ရပ်ကွက်နေ ၁၂/ဒဂဆ(နိုင်)၀၂၉၃၃၉ကိုင်ဆောင်သူ မောင်မျိုးဇော်ဌေး(ခ)မျိုးဇော်ထွေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ မောင်မျိုးဇော်ဌေး(ခ)မျိုးဇော်ထွေး

**ပျောက်ဆုံးကြောင်း**

ပြည့်ဖြိုးကျော်(ဘ)ဦးတင်ဌေး ၉/သေရ(နိုင်)၀၁၆၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

အုတ်တွင်းမြို့နေ တိုးတိုးဝင်း(ဘ)ဦးကံအေး ၇/အတန(နိုင်)၀၈၄၂၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ပြင်ဦးလွင်မြို့၊ ပဒေသာရပ်ကွက်၊ သဇင်လမ်း၊ အိမ်အမှတ်(တ-၆၈)နေ သက်သက်နွယ်(ဘ)ဦးရင်ပို့ ၁၂/တမန(နိုင်)၀၉၁၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 540915)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၄၄၂၀၄၄၃၀၆

**ပျောက်ဆုံးကြောင်း**

ဇော်ဉာဏ်ထက်(ဘ)သက်ဦး ၁၀/မလမ(နိုင်)၂၆၄၆၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားရပ်ကွက်၊ ငွေနံ့သာစံပြကျေးရွာလမ်း၊ ကွင်းအမှတ်(၄၉၅-အေ)၊ အမှတ်(၇၀၄)၊ ဧရိယာ အလျား(၁၀၀)ပေ x အနံ(၁၂၀)ပေရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြသူဇာလွင် ၁၂/မဂဒ(နိုင်)၁၄၂၄၈၈ ကိုင်ဆောင်သူမှပိုင်ဆိုင်သည်ဟု ပြောဆိုလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပွင့်ဖြူစိုး ၁၀/ပမန(နိုင်)၀၆၅၆၈၆ မှ အရောင်းအဝယ်ပြုလုပ်ရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများအနေဖြင့် သတင်းစာကြော်ငြာပါသည့် (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဥပဒေနှင့်အညီဆက်သွယ်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မျိုးကေသီခိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၃၆၂)
အမှတ်(၁၃၆၅)၊ မြို့ပတ်လမ်း၊ မင်္ဂလာဒုံဈေးရပ်ကွက်၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၂၆၀၄၆၉၄၂၄

## CP MOTOR SERVICES CO.,LTD.
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ အစုရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း

၁။ "CP MOTOR SERVICES CO.,LTD." ကို အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၂၅ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဇင်ဝေ(လက်မှတ်ရပြည်သူ့စာရင်းကိုင်)(စဉ်-၂၁၀)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်လိုက်သည်။

၃။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၅ ခုနှစ်၊ ဧပြီလ၊ ၂၆ ရက်နေ့ကိုနောက်ဆုံးထား၍ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| MR.BOONRIT SRI-OBCHOEY | ဦးဇင်ဝေ |
| DIRECTOR | လက်မှတ်ရပြည်သူ့စာရင်းကိုင်(စဉ်-၂၁၀) |
| CP MOTOR SERVICES CO.,LTD. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | အမှတ်-၂၉၅၊ ပထမထပ်၊ အနော်ရထာလမ်းနှင့် ၅ လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

**ပျောက်ဆုံးကြောင်း**

ငပုတောမြို့၊ ညောင်ဝိုင်းအုပ်စု၊ ပျဉ်းမချောင်းရွာနေ မစိမ်းလဲ့မာ(ဘ)ဦးညွန့်ခင် ၁၄/ငပတ(နိုင်)၀၃၆၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 200074)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၉၂၅၁၇၇၀

**ပျောက်ဆုံးကြောင်း**

ဇီးကုန်းမြို့၊ အမှတ်(၂)ရပ်ကွက်နေ သင်းမြတ်သူဇာသိန်း(ဘ)ဦးအုန်းသိန်း ၇/ဇကန(နိုင်)၀၅၃၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ ဥသျှစ(၆)ရပ်ကွက်နေ မအေးမြတ်သူ(ဘ)ဦးအောင်သူ ၇/ပခန(နိုင်)၄၉၄၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၈၂၉၇၄၃၀၆

**ပျောက်ဆုံးကြောင်း**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်နေ ဇေဌပါ(ဘ)ဦးတင်မောင် ၁၂/ကမတ(နိုင်)၀၀၁၃၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၆၄၉၁၂၂၉၄

❖ မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက်ခုနစ်ရက်ဟူ၍ရှိ . . .

❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင် . . .

❖ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ချေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။



မြဝတီမြို့ - မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်စဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၆ ဦးကို ပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ၂၃၈ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

နေပြည်တော် မတ် ၂၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့- မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံသား ၁၇၆ ဦး၊ မလေးရှားနိုင်ငံသား ၂၄ ဦး၊ နီပေါနိုင်ငံသား လေးဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသား နှစ်ဦးတို့ကို မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် **စာမျက်နှာ ၂၃ ကော်လံ ၁** ◆

## တစ်စိတ်တစ်ပိုင်း နေကြတ်ခြင်းဖြစ်စဉ် ဖြစ်ပေါ်နိုင်

နေပြည်တော် မတ် ၂၅

၂၀၂၅ ခုနှစ် မတ်လ ၂၉ ရက် မြန်မာစံတော်ချိန် ၁၅:၂၀ နာရီမှ ၁၉:၁၅ နာရီအချိန်အတွင်း တစ်စိတ်တစ်ပိုင်းနေကြတ်ခြင်းဖြစ်စဉ် ဖြစ်ပေါ်နိုင်ကြောင်းနှင့် အဆိုပါတစ်စိတ်တစ်ပိုင်း နေကြတ်ခြင်းဖြစ်စဉ်ကို ဥရောပတိုက်၊ အာရှတိုက်မြောက်ပိုင်း၊ အာဖရိကတိုက်အနောက်မြောက်ပိုင်းနှင့်မြောက်အမေရိကတိုက် ဒေသများရှိ နိုင်ငံအသီးသီးတို့မှ မြင်တွေ့နိုင်ပါသည်။

(မိုး/ဇလ)

# အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း အာဖဂန်နစ္စတန်ကို အနိုင်ရရှိ

ရန်ကုန် မတ် ၂၅

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စု(E)အုပ်စုပထမနေ့အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် အာဖဂန်နစ္စတန်လက်ရွေးစင်အသင်းတို့ ယနေ့တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင်အသင်းက ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **စာမျက်နှာ ၂၃ ကော်လံ ၄** ○



## ထူးခြားသည့်နေ့အပူချိန်များ

၂၅-၃-၂၀၂၅

| | | |
|---|---|---|
| ကော့ကရိတ် | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ) | ၄၀ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| ရွှေကျင် | ၃၉ ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၃၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ဖောင်းတူ | ၃၉ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |



မြဝတီ နေ့စဉ်
အထူးအချပ်ပို

# နှစ်(၈၀)ပြည့် တပ်မတော်နေ့

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ အချပ်ပို(က)






# ခေတ်သမိုင်းအဆက်ဆက် ပြည်သူ့အတွက်တပ်မတော်

**မြန်မာနိုင်ငံ** သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်၍အချုပ်အခြာအာဏာပိုင်နိုင်ငံသို့ ဂုဏ်ယူဝင့်ကြွားစွာ ရောက်ရှိလာသည်။ လွတ်လပ်ရေးရရှိသည့်အချိန်တွင် ပထမဦးဆုံးသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှာ ဒုတိယဗိုလ်ချုပ်ကြီး စမစ်ဒွန်းဖြစ်သည်။ သူသည် ၁၉၄၈ ခုနှစ်မှ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ပြည်တွင်းသောင်းကျန်းမှု အရှိန်အဟုန်မြင့်တက်လာချိန်သည့်အချိန်တွင် ကာကွယ်ရေးဦးစီးချုပ်တာဝန်အား ဗိုလ်ချုပ်ကြီးနေဝင်းက တာဝန်ယူခဲ့ရသည်။

မြန်မာ့သမိုင်းကြောင်းတွင် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သည့်တပ်မတော်သည် လွတ်လပ်ရေးရရှိသည့် ကာလတွင်လည်း ရရှိထားသောလွတ်လပ်ရေးကြီးပြန်လည်မဆုံးရှုံးစေရေးအတွက် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့ရသည်။ လွတ်လပ်ရေးရရှိပြီးချိန်တွင် လက်နက်စွဲကိုင်ကာ နိုင်ငံတော်အစိုးရကို ပုန်ကန်တိုက်ခိုက်သည့်သောင်းကျန်းသူအဖွဲ့များ အများအပြားပေါ်ပေါက်ခဲ့သည်။ လွတ်လပ်ရေးရရှိသည်ဟုဆိုသော်လည်း မြန်မာပြည်သူများစိတ်အေးချမ်းသာစွာ နေထိုင်ရသည်မဟုတ်ပေ။ ရောင်စုံသောင်းကျန်းသူတို့ကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် တိုက်ပွဲများပေါ်ပေါက်လာသည်။ နိုင်ငံတစ်ခုလုံး၏နယ်မြေအများအပြားသည် သောင်းကျန်းသူများ၏ ထိန်းချုပ်ခြင်းကိုခံရသည့်အတွက် ပြည်ပနိုင်ငံအချို့က ဖဆပလ အစိုးရကို ရန်ကုန်အစိုးရဟုပြက်ရယ်ပြုခဲ့သည်။

ထိုစဉ်က မြန်မာ့တပ်မတော်၏အင်အားမှာ ၂၀၀၀၀ ခန့်သာရှိပြီး သောင်းကျန်းသူများ၏အင်အားမှာ ၄၅၀၀၀ ခန့်ရှိသည်။ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့်တပ်မတော်သည် ဖိုးသာအောင်ကုန်းတံတား၊ ဝက်ကော်တံတား၊ ပဲခူးကတုတ်ကြီးဘုရား၊ အင်းစိန်၊ သာစည် စသည့်နေရာများတွင် တိုက်ပွဲကြီးများကို အောင်မြင်စွာတိုက်ခိုက်နိုင်ခဲ့သည်။ အဆိုပါတိုက်ပွဲကြီးများမှာ နိုင်ငံတော်၏ကံကြမ္မာကိုအဆုံးအဖြတ်ပေးနိုင်သည့်တိုက်ပွဲကြီးများဖြစ်သည်။ ၁၉၄၉ ခုနှစ်တွင် သောင်းကျန်းသူများလက်မှ မြို့ကြီးများနှင့်မြို့ငယ်များကို တစ်မြို့ပြီးတစ်မြို့ တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့သည်။


တပ်မတော်၏စွန့်လွှတ်စွန့်စားကြိုးပမ်းတိုက်ခိုက်မှုကြောင့် ပြည်တွင်းရောင်စုံသောင်းကျန်းမှုများ ချုပ်ငြိမ်းဆဲတွင် ပြည်ပကျူးကျော်မှုနှင့်ရင်ဆိုင်ရပြန်သည်။ ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလဆန်းမှစ၍ တရုတ်ဖြူအင်အား ၂၀၀ ခန့်သည် မြန်မာနိုင်ငံအတွင်းသို့ကျူးကျော်ရောက်ရှိလာသည်။ ၁၉၅၂ ခုနှစ်အကုန်သို့ ရောက်ရှိသည့်အခါ အင်အား ၁၅၂၅၀ ဦးခန့်ဖြစ်လာသည့်အတွက် မြန်မာ့တပ်မတော်သည် ကျူးကျော်သူ ကူမင်တန်(တရုတ်ဖြူ)များအား ကျိုင်းတုံစစ်ဆင်ရေး၊ ဆင်ဖြူရှင်စစ်ဆင်ရေး၊ မိုင်းယောင်းစစ်ဆင်ရေး၊ မိုင်းခတ်စစ်ဆင်ရေးအပါအဝင် စစ်ဆင်ရေးကြီး ၂၀ ခုဖြင့် ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၅ ခုနှစ်အထိ တိုက်ခိုက်ချေမှုန်းခဲ့ရသည်။

မြန်မာနိုင်ငံတွင် တပ်မတော်က စစ်ရေးအရ နိုင်ငံတော်ကိုကာကွယ်တိုက်ခိုက်နေရချိန်တွင် နိုင်ငံရေးအရတိုင်းပြည်ကို အုပ်ချုပ်နေသည့် ဖဆပလအဖွဲ့ကြီးသည် နှစ်ခြမ်းကွဲသွားခဲ့သည်။ နောက်ဆုံးတွင် ဝန်ကြီးချုပ်ဦးနုက နိုင်ငံရေးထွက်ပေါက်အဖြစ် ကာကွယ်ရေးဦးစီးချုပ်အား ဝန်ကြီးချုပ်တာဝန်ယူပေးပါရန် မေတ္တာရပ်ခံခဲ့သည်။ ထိုစဉ်က ဝန်ကြီးချုပ်ဦးနုက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံပေးစာနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်ကြားစာများကို သတင်းစာများတွင်ဖော်ပြကြသည်။

၁၉၅၈ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုသည် အထက်မြန်မာနိုင်ငံသို့စည်းရုံးရေးခရီးထွက်သည်။ ခရီးမထွက်မီ ကြိုတင်အသံသွင်းခဲ့သောမိန့်ခွန်းတစ်ရပ်ကို မြန်မာ့အသံမှထုတ်လွှင့်ခဲ့သည်။ အဆိုပါထုတ်လွှင့်ချက်တွင် တပ်မတော်နှင့်ပတ်သက်၍ “မြန်မာ့တပ်မတော်ကြီးဟာ ပြည်သူလူထုကြီးတစ်ရပ်လုံးရဲ့ ကျေးဇူးရှင်တပ်မတော်ကြီးဖြစ်တယ်။ ပြည်ထောင်စုကြီးဟာ သူပုန်ရောင်စုံတွေကြောင့် ချောက်ထဲကျဖို့ လက်နှစ်လုံးလောက်သာလိုတော့တဲ့နေရာကနေပြီး အခုလိုလွတ်မြောက်လာတာဟာ မြန်မာ့တပ်မတော်ကြီးရဲ့ ကျေးဇူးကြောင့်ဖြစ်တယ်ဆိုတာဘယ်သူငြင်းနိုင်မလဲ။ ချိန်ကေရှိတ်ရဲ့ တရုတ်ဖြူစစ်တပ်တွေက ကျွန်တော်တို့ရဲ့နယ်နိမိတ်ထဲ ကျူးကျော်စော်ကားခဲ့တာကို အင်မတိအင်မတန်ကြီးကျယ်တဲ့ အခက်အခဲတွေကြားတွေထဲက မြန်မာ့တပ်မတော်ဟာ အရိုးကြေကြေ အရေခန်းခန်းဆိုတဲ့ ဇွဲတွေ၊ သတ္တိတွေနဲ့ စွန့်စွန့်စားစား တိုက်ထုတ်ခဲ့တယ်ဆိုတာ ဘယ်သူငြင်းနိုင်မလဲ။ အဲဒါကြောင့် သန့်ရှင်းဖဆပလတွေဟာ မြန်မာ့တပ်မတော်ရဲ့ဂုဏ်ကို တခြားလူတွေထက်ပိုပြီးကာကွယ်နိုင်ကြပါစေ၊ မြန်မာ့တပ်မတော်ကြီးကို ပိုမိုလေးစားကြည်ညိုနိုင်ပါစေ” ဟူ၍ ပြောကြားခဲ့သည်။ ဤသည်မှာ ထင်ရှားသောသမိုင်းမှတ်တမ်းဖြစ်သည်။ ချောက်ထဲကျဖို့ လက်နှစ်လုံးလောက်သာလိုတော့သည်ဟူသောစကားမှာလည်း ဝန်ကြီးချုပ်ဦးနုက စတင်ပြောဆိုခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် **အချပ်ပို (ခ) သို့** ☆







☆ **အချပ်ပို (က) မှအဆက်**

စတင် တာဝန်ထမ်းဆောင်ရသည်။ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရတွင် တပ်မှ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်မှူးချုပ်တင်ဖေတို့ နှစ်ဦးသာပါဝင်ခဲ့သည်။ အိမ်စောင့်အစိုးရပြန်ပြင်ဖွဲ့သောအခါ ဗိုလ်မှူးချုပ်တင်ဖေမပါဝင်တော့ပေ။ အိမ်စောင့်အစိုးရသည် သောင်းကျန်းသူများနှင့် ငြိမ်းချမ်းရေးပြန်လည်ရရှိရေးကြိုးစားခဲ့သည်။ မရသောအခါ သောင်းကျန်းသူများကိုထိုးစစ်ဆင်ကာ နိုင်ငံတည်ငြိမ်ရေးကိုကြိုးပမ်းသည်။ ထို့အတူရန်ကုန်မြို့တွင် စစ်ဘေးရှောင်များနှင့်ပြည့်နက်နေပြီး စနစ်တကျနေထိုင်ခြင်းမရှိသည့်အတွက် ကျူးကျော်ရပ်ကွက်များကို ဖျက်သိမ်းကာ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ၊ ဝေဘာဂီ စသည့် မြို့သစ်များတည်ထားပြီး ပြောင်းရွှေ့နေထိုင်စေသည်။

ထို့ပြင် ထူးခြားစွာဆောင်ရွက်နိုင်ခဲ့သည်မှာ ရှမ်းပြည်နယ်တွင်စော်ဘွားများ၏အာဏာစွန့်လွှတ်နိုင်ရေးအတွက် တလုံးတစည်းတည်းသော (လျော်ကြေး) ပင်စင်ပေးခဲ့သည်။ ထို့အတူ ဖဆပလအစိုးရလက်ထက်တွင် စတင်ဆောင်ရွက်သော်လည်း မပြီးမပြတ်သေးသည့် တရုတ်-မြန်မာ နယ်နိမိတ်သတ်မှတ်ရေးကိစ္စများကို အိမ်စောင့်အစိုးရလက်ထက်တွင် အောင်မြင်ပြီးမြောက်ခဲ့သည်။ သောင်းကျန်းသူများကြီးစိုးရာ နယ်စပ်ဒေသများတွင် နယ်နိမိတ်တိုင်းတာသတ်မှတ်နိုင်အောင် တပ်မတော်က စစ်ဆင်ရေးကြီးများဖြင့် ဆောင်ရွက်ခဲ့သည်။ အိမ်စောင့်အစိုးရသည် ၁၉၆၀ ပြည့်နှစ်တွင် အထွေထွေရွေးကောက်ပွဲကျင်းပပေးခဲ့သည်။

၁၉၆၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင်အိမ်စောင့်အစိုးရက ပါလီမန်အစည်းအဝေးကျင်းပကာ ဦးနုထံသို့ နိုင်ငံတော်အာဏာကိုလွှဲအပ်ပေးခဲ့သည်။ သန့်ရှင်းဖဆပလအဖွဲ့သည် ဦးနုအားဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ကာ အစိုးရအဖွဲ့ကိုဖွဲ့စည်းစေသည်။ သန့်ရှင်းဖဆပလအဖွဲ့ကိုလည်း "ပြည်ထောင်စုပါတီ" ဟု အမည်ပြောင်းခဲ့သည်။ သို့သော်ပါတီအတွင်း ဦး၊ ဗိုလ်၊ သခင်အုပ်စုများကွဲပြားခြင်း၊ ရှမ်းပဒေသရာဇ်အနွယ်များက ဖက်ဒရယ်မူကိုပြင်းထန်စွာ တင်ပြဆွေးနွေးပြီး နိုင်ငံတော်မှခွဲထွက်ရန် ပြောင်ပြောင်တင်းတင်းလုပ်ဆောင်လာခြင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တည်ထောင်ရေးပြဿနာများပေါ်လာခြင်းတို့ကြောင့်ပြည်ထောင်စုကြီးအစိတ်စိတ်အမြွှာမြွှာပြိုကွဲ၍ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ဆုံးရှုံးရတော့မည့်အခြေအနေကြုံလာသည့်အတွက် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် တော်လှန်ရေးကောင်စီက ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်တွင် နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

တော်လှန်ရေးကောင်စီလက်ထက်တွင် ပြည်တွင်းသောင်းကျန်းမှုအားထိရောက်စွာအရှိန်လျှော့ချနိုင်ခဲ့သည့်အပြင် မြန်မာနိုင်ငံကိုပြန်လည်ထူထောင်ရာတွင် တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာ ပါဝင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ ထို့ပြင် လွတ်ငြိမ်းချမ်းသာခွင့်များကိုလည်းထုတ်ပြန်ပေးခဲ့သည်။ ပြည်တွင်းသောင်းကျန်းမှုများကို ထိရောက်စွာ ချေမှုန်းနိုင်ရန်အတွက် ၁၉၆၆ ခုနှစ် ဇွန်လ ၆ ရက်တွင် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်ကို တပ်မတော်၏ပထမဦးဆုံး ခြေမြန်တပ်မဌာနချုပ်အဖြစ် ဖွင့်လှစ်သည်။ ၁၉၆၇ ခုနှစ် မေလ ၁ ရက်တွင် အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်နှင့် ၁၉၆၈ ခုနှစ် မေလ ၂၀ ရက်တွင် အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်တို့ကို ဖွင့်လှစ်ခဲ့သည်။

ထိုအချိန်က တပ်မတော်သည် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကေအင်န်ယူသောင်းကျန်းသူများနှင့် အခြားသောင်းကျန်းသူမျိုးစုံတို့အား နှေ့ဦးစစ်ဆင်ရေး၊ ရွှေလင်းယုန်စစ်ဆင်ရေးအဆင့် (၁)မှ(၁၀)၊ ရွှေလဝင်းစစ်ဆင်ရေးအဆင့်(၁)မှ(၅)၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖြစ် မိုးဟိန်းစစ်ဆင်ရေးအဆင့်(၁)မှ(၅)နှင့်ထော်ပိုင်စစ်ဆင်ရေးများဖြင့် ဆင်နွှဲတိုက်ခိုက်ခဲ့ပြီး မုံးကိုးစခန်းတိုက်ပွဲ၊ ကုန်းကြမ်းစခန်းတိုက်ပွဲ၊ ငါးပြေမစားကျက်တိုက်ပွဲ၊ မန်ယုံမော်တိုက်ပွဲ၊ မုံးစီး-နားလယ်တိုက်ပွဲ၊ ကွမ်းလုံရက် ၄၀ တိုက်ပွဲ၊ ဆေးရုံစခန်းတိုက်ပွဲ၊ ပွိုင့် ၃၁၂၇ တောင်ကုန်းတိုက်ပွဲ၊ ကောင်းခမ်းတိုက်ပွဲ၊ လောအမ်ကျိုင်းတိုက်ပွဲများမှာ မြန်မာ့တပ်မတော်၏ ထင်ရှားသောတိုက်ပွဲများဖြစ်သည်။




မြန်မာနိုင်ငံတွင် ပါတီအများကြီးဖွဲ့ပြီး စိတ်ဝမ်းကွဲကာ မညီညွတ်ဖြစ်နေခြင်းမှာ တိုင်းပြည်တိုးတက်ရေးကိုထိခိုက်သည်။ ထို့ကြောင့် တစ်ပါတီစနစ်ကို ကျင့်သုံးပြီး ဆိုရှယ်လစ်စနစ်ဖြင့် ချီတက်ရန်အတွက်ပါတီပေါင်းစုံမှပုဂ္ဂိုလ်များကိုဖိတ်ခေါ်ကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင်ပါဝင်စေခဲ့သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲခဲ့သည်။ အဆိုပါဥပဒေမှာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက နိုင်ငံတော်ကို ဦးဆောင်ခဲ့သည့် ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိကာလများသည် နိုင်ငံတော်ကိုတပ်မတော်ကအုပ်ချုပ်ခြင်းမဟုတ်ပါ။ တပ်မတော်သည်နိုင်ငံတော်အစိုးရတစ်ရပ်၏ဦးဆောင်မှုအောက်တွင်သာရှိနေပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကာလအတွင်း ၁၉၈၀ ပြည့်လွန်နှစ်ရောက်ရှိချိန် နိုင်ငံ့စီးပွားရေးကျဆင်းလာပြီး မှောင်ခိုဈေးကွက်ကြီးမားလာခြင်း၊ အကျင့်ပျက်ဝန်ထမ်းများကြောင့် နိုင်ငံ့ဘဏ္ဍာများဆုံးရှုံးလာခြင်း၊ ကုန်ထုတ်စွမ်းအားကျဆင်းခြင်း၊ မသမာသူနိုင်ငံရေးသမားအချို့၏ ပယောဂနှင့်သွေးထိုးလှုံ့ဆော်မှုကြောင့် အစိုးရအပေါ် အထွေထွေမကျေနပ်မှုများဖြစ်ပေါ်လာခြင်း၊ ပြည်ပအသံလွှင့်ဌာနများက အမျိုးမျိုးသော သတင်းအမှားများထုတ်လွှင့်ကာ သွေးထိုးလှုံ့ဆော်ခြင်း၊ ပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံများဖျက်ဆီးခံရပြီး ရဲစခန်းများအားမီးရှို့၊ လူသတ်ခြင်း၊ အရပ်သားပြည်သူများအားခေါင်းဖြတ်သတ်ဖြတ်သည်အထိ မင်းမဲ့စရိုက်လွှမ်းမိုးလာသည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် ဆူပူမှုအရေးအခင်းကြီး တစ်ရပ်ပေါ်ပေါက်လာခဲ့သည်။

အဆိုးဆုံးအခြေအနေမှာ ပြည်ထောင်စုကြီးပြိုကွဲကာ အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးတော့မည်ဖြစ်သဖြင့် တပ်မတော်က ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်တွင် နိုင်ငံတော်တာဝန်အရပ်ရပ်ကို ထိန်းသိမ်းလိုက်ရသည်။ တပ်မတော်သည်ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားနိုင်ငံရေးအဖြစ် ဦးထိပ်ထားဆောင်ရွက်သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အချိန်





ကာလများတွင် တပ်မတော်အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအားညမအား ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ တပ်မတော်သားတို့သည် မူလပင်မအလုပ်များအပြင် ရထားလမ်း၊ ကားလမ်း၊ လေယာဉ်ပြေးလမ်းများ၊ မြစ်ကူးချောင်းကူးတံတားများ၊ မြို့သစ်များ၊ အခြေခံပညာကျောင်းများ၊



တက္ကသိုလ်များတည်ဆောက်ခြင်းများတွင်ပါဝင်ဆောင်ရွက်ကြရသည်။

မူလတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်ကြရသည်။ မိုင်းယန်း-မဲသဝေါ စသည့်နိုင်ငံအတွက်အရေးကြီးသည့်တိုက်ပွဲများကို အောင်မြင်စွာတိုက်ခိုက်ချေမှုန်းခဲ့ရသည်။ ပြည်ပသို့ရောက်ရှိကာ စင်ပြိုင်အစိုးရအဖြစ်ရပ်တည်နေသည့်ပြည်ပြေးများကလည်း လေလှိုင်းကြားမှ အနှောင့်အယှက်ပေးနေသကဲ့သို့ အနောက်နိုင်ငံအချို့ကလည်း စီးပွားရေးပိတ်ဆို့မှုများကို တင်းကျပ်စွာ ပြုလုပ်လျက်ရှိသည်။ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများဖြစ်ထွန်းနေသည့်ကုမ္ပဏီများ ပြန်လည်ရုပ်သိမ်းသွားကြသည်။ ထိုစဉ်က နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၉၆ ခုနှစ်တွင် မြန်မာ့ခရီးသွားနှစ်အဖြစ် သတ်မှတ်ကာ ကြိုတင်ပြင်ဆင်ထားသော လုပ်ငန်းများမှာလည်း မြန်မာနိုင်ငံတွင်းသို့ ပြည်ပခရီးသွားများလာရောက်ခြင်းမပြုကြရန် စည်းရုံးလှုံ့ဆော်မှုကြောင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးမှာနှောင့်နှေးခဲ့ရသည်။

သို့သော် နိုင်ငံတော်၏တာဝန်ကို ဦးဆောင်နေရသည့် တပ်မတော်အနေဖြင့် နိုင်ငံ့အကျိုးကိုသာရှေးရှုဆောင်ရွက်ပေးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် ငြိမ်းချမ်းရေးတည်ဆောက်ပေးကာ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ပေးခဲ့သည်။ ပြည်သူများလိုလားတောင့်တသည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်သို့လျှောက်လှမ်းနိုင်ရန်မှာ အဓိကလိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးဖြစ်သည်။ ထိုသို့ပေါ်ပေါက်လာရေးအတွက် အမျိုးသားညီလာခံကိုကျင်းပခဲ့သည်။ အဆိုပါအမျိုးသားညီလာခံတွင် နိုင်ငံရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဥပဒေရေးရာ စသည့်ရှုထောင့်မျိုးစုံမှ အတွေ့အကြုံကြွယ်ဝသည့် ပုဂ္ဂိုလ်များပါဝင်သကဲ့သို့ နိုင်ငံတော်အတွင်းတည်ရှိသည့် မြို့နယ်အားလုံးမှတိုင်းရင်းသားကိုယ်စားလှယ်များလည်း ပါဝင်ခဲ့ကြသည်။ ရရှိလာသည့်အခြေခံမူများအပေါ်မူတည်၍ ဥပဒေပညာရှင်များပါဝင်သောအဖွဲ့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲခဲ့ကြပြီး ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

ထို့နောက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်တွင် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကိုအောင်မြင်စွာကျင်းပပေးခဲ့ပြီး ပထမဆုံးသော ဒီမိုကရေစီအစိုးရတစ်ရပ်စတင်ပေါ်ပေါက်ခဲ့သည်။ တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်ထားသည့် တာဝန်များနှင့်အညီ နိုင်ငံရေးတာဝန်များကို ပါဝင်ထမ်းဆောင်ရသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရသည်။ ယနေ့မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် တွေ့မြင်နေရသော



နေပြည်တော်မြို့တော် အပါအဝင် မြို့သစ်များ၊ အစိုးရရုံးများ၊ လွှတ်တော်

**○ ယနေ့မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် တွေ့မြင်နေရသော နေပြည်တော်မြို့တော်အပါအဝင် မြို့သစ်များ၊ အစိုးရရုံးများ၊ လွှတ်တော်ဆိုင်ရာရုံးများ၊ လမ်းတံတားများ၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်များအားလုံးမှာ ထင်ရှားသောအရာများအဖြစ် တပ်မတော်ကတည်ဆောက်ထားခြင်းဖြစ်သည်။**



ဆိုင်ရာရုံးများ၊ လမ်းတံတားများ၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်များအားလုံးမှာ ထင်ရှားသောအရာများအဖြစ် တပ်မတော်ကတည်ဆောက်ထားခြင်းဖြစ်သည်။

တပ်မတော်သည် နိုင်ငံအတွက်စတင်ပေါ်ထွန်းလာသည်မှ စဉ်ဆက်မပြတ်ပြည်သူလူထု၏အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်နှင့်အခြားဘေးအမျိုးမျိုးကျရောက်ချိန်တွင် အချိန်နှင့်တစ်ပြေးညီရောက်ရှိကာ ကူညီကယ်ဆယ်ရေးများကိုဆောင်ရွက်ပေးလျက်ရှိသည်။ လူသားတိုင်းတွင် ကျန်းမာရေးသည်အဓိက




ဖြစ်ပေရာ ပြည်သူများကျန်းမာရေးအတွက် ဆောင်ရွက်ချက်များတွင် တပ်မတော်နယ်လှည့်အထူးဆေးကုသရေးလည်းပါဝင်သည်။ တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက်ဆေးကုသရန်ခက်ခဲသောကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည်(၁၉)ကြိမ်မြောက်



ဖြစ်သည်။ (၁၈)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၇၈၇၃၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပြုပေးခဲ့သည်။ ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၈ ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။ အလားတူတပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၈) ကြိမ်မြောက်ဖြစ်သည်။ (၁၇)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၅၇၀၈၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ် ရှိသားဖွားခန်းတွင် ကိုယ်ဝန်ဆောင် မိခင် ၂၁ ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။ ဤသည်မှာထင်ရှားမြင်သာသော ကျန်းမာရေးစောင့်ရှောက်မှုကိုဖော်ပြခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်များတွင် တပ်မတော်၏ဆောင်ရွက်ချက်များကြောင့် ပြည်သူများအသက်ရှင်သန်ခဲ့ကြရသည်။ တပ်မတော်သည် ပြည်သူလူထု၏အကျိုးစီးပွားကိုထာဝစဉ်ဦးထိပ်ထားသည့်အပြင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး ပါတီစုံဒီမိုကရေစီစနစ်အရပေါ်ပေါက်လာသည့်နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုအောက်တွင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့သည်ကို သမိုင်းစာမျက်နှာများက ထင်ရှားခိုင်မာစွာ ကမ္ပည်းတင်လျက်ရှိပါသတည်း။ ။

**သုမုခ**


ပြည်ထောင်စုလွှတ်တော်




အမျိုးသားလွှတ်တော်




ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဆန္ဒမဲပုံး


ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဆန္ဒမဲပုံး